www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး—အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်—အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ—ဦးအောင်မြင့်၊ ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၂၊ တန်ဖိုး-(၁၂၀၀)။



၈၉၅.၈၃

မြပုလဲခင်
ဆူးပွှမ်းနှင်းဆီ/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၆၀ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၁) မြပုလဲခင်




အပိုင်း(၁)

အုပ်စိုး

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"အိပ်ရေးပျက်လိုက်တာ"

အရုဏ်ဦး၏အလင်းရောင်ပင် မစို့မပို့ကလေး ပြုရုံရှိသေးသည် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိနေပြီ။

"ကောင်းတယ် သွားချင်ဦး"

မမသကြိန်က သူ့အားမျက်စောင်းထိုးပြီး ပြောလိုက်သည်။ သူကတော့ ရယ်ကျဲကျဲနှင့်. . .

"ခရီမှာလဲ အဆံနဲ့၊ လူမှာလဲ အကြံနဲ့လေ"

"လူတစ်ကိုယ်လုံး ညာဏ်ချည်းပဲ၊ ဟိုရောက်ရင် ရေခဲရေ





တွေ မသောက်နဲ့၊ ရေသန့်ဘူးပဲသောက် ပူကပူပါဘိနဲ့၊ ဝမ်းတွေဘာတွေ လျှောနေဦးမယ်"

"ဒုန်းဝါရီ"

"ပြောလိုက်ရင် ဒီလိုချည်းပဲ"

"အဲဒါကြောင့် မမသကြိန် အပျိုကြီးဖြစ်နေတာ၊ ကျွန်တော်မှ မကြိုးစားပေးရင် ဒီတစ်သက် အပျိုကြီးဝင်္ကဒုက္ခ ကျွတ်မယ် မထင်တော့ဘူး၊ ဝါရီသိပ်မများနဲ့ ဆံပင်ဖြူ. . ."

"ကိုင်း. . တော့ပါးစပ်လေး တစ်စိတ်ပိတ်ပြီး အိတ်ယူပြီး ကျောင်းတော့၊ ကျူပ် ပြန်ပြီး တရေးနှပ်တော့မယ်"

"အုပ်စိုး ကားပေါ်မှဆင်းပြီး ကားနောက်ခန်းမှ ခရီးဆောင်အိတ်ကို ယူနေစဉ်"

"ဟော့. . ဒီဒီ"

မမသကြိန်က ကားတံခါးကို ဆောင့်ပိတ်ပြီး တစ်နေရာသို့ ကမျောသောပါး လှမ်းလိုက်ရာ အုတ်စိုးက အိတ်ကိုကျောပိုးပြီး ကားတံခါးကိုပိတ်ကာ လှမ်းကြည့်လိုက်သည်။

လေးဘီးတစ်စီးပေါ်မှ ဆင်းလာသော အမျိုးသမီးတစ်ဦးထံသို့ သွားရောက်နှုတ်ဆက်နေသည်။

တော်တော်လှသည့် အမျိုးသမီး. . .

"စိုးစိုး. . လာစမ်း ဒီကို"

မိတ်ဆက် နိဒါန်းချီတော့မည်။ အုပ်စိုး စိတ်ပျက်သွားသည်။ အုပ်စိုးမိတ်ဆွေ ဖြစ်ချင်သည်က သက်တူရွယ်တူ ခပ်ချွတ်ချွတ် နှစ်ဆယ်ရာစု မိန်းကလေး၊ ယခုတော့. .

"ဒီမှာ မမသူငယ်ချင်းကပဲ ပုဝံသွားမလို့တဲ့၊ တန်ကျတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းနဲ့ အဖော်ရပြီ၊ ဒီဒီ. . ဒီကောင်ကအငယ်ဆုံး အုပ်စိုးလေ၊ သူ့ကို တစ်ယောက်တည်း လွှတ်လိုက်ရတာ၊ ဒါ ပထမဦးဆုံး အကြိမ်ပဲ၊ သူ့ကိုယ်သူ လူကြီးဖြစ်ပြီတဲ့လေ"

"ဆယ့်ရှစ်နှစ် ပြည့်တော့မယ်လေ၊ ရက်ပိုင်းပဲလိုတော့တာပဲ"

ဒီဒီဆိုသော အမျိုးသမီးကို သူ အကဲခတ်လိုက်သည်။ မမသကြၤန် သူငယ်ချင်းဆိုတော့ မမနှင့် ရွယ်တူပဲ ဖြစ်ရမည်။ အလွန်ဆုံး နှစ်ဆယ့်သုံးပေါ့။ ဒီလိုဆို သူ့ထက်ကြီးလှ ခြောက်နှစ်ပဲ၊ သိပ်မဆိုးလှပါဘူး၊ အကွာလှကြီးမဟုတ်။

"ချာတိတ်က အလည်သက်သက်ပဲလား ကြန်ကြန်"

အုပ်စိုး မကျေမနပ် ဖြစ်သွားသည်။ သူ့ကိုများ တင်တင်စီးစီး ချာတိတ်တဲ့၊ သူ့ကို လူရာမသွင်းတဲ့ သဘောပေါ့။

"မဟုတ်ဘူး ကိစ္စနဲ့ တစ်ဆိတ်ကျေးဇူးပြုပြီး ဒေါ်ဒီဒီ၊ ကျွန်တော့်ကို ချာတိတ်လို့ မသုံးပါနဲ့"

"အမယ်. . မင်းကများ"

မမသကြၤန်က ရယ်သည်။ သူမက ပြုံးရုံပြုံးနေသည်။

"တို့နာမည် မြနန္ဒီကွ၊ ဒေါ်ဒီဒီမဟုတ်ဘူး၊ ဒါပေမယ့် ကြန်ကြန်အပါအဝင် သူငယ်ချင်းအားလုံးကတော့ ဒီဒီပဲ ခေါ်ကြတယ်"

ဒေါ်မြနန္ဒီ မဆိုးဘူး၊ စကားပြောလိုက်သောအခါ ညီညာသော သွားစွယ်တန်းလေးက လှစ်ခနဲပေါ်လာပုံက ကျက်သရေရှိလှသည်။

အုပ်စိုး ကျေနပ်သွားသည်။

"ကျွန်တော့်နာမည် အုပ်စိုး"





"ကောင်းပါပြီ ဦးအုပ်စိုး"

"အုပ်စိုးပါ"

"ကောင်းပြီ အုပ်စိုး"

ဒေါ်မြနန္ဒီအပြုံးက လှောင်ပြုံးအသွင်ကို ဆောင်နေသည်။ ထိုအပြုံးကို သူ မနှစ်သက်၊ မိမိအား ရယ်စရာ ဟာသကောင်အဖြစ် သဘောထားနေကြောင်း ပေါ်လွင်ရာ။

"မမမြနန္ဒီမှာ အကူအညီ လိုအပ်ပါသလား"

"ဘာအတွက်လဲ"

"ဒီပုဂ် ခရီးစဉ်အတွက်"

"မလိုပါဘူး၊ တို့သွားနေကျပဲ"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး"

ရယ်ကျဲကျဲဖြစ်နေသော မမသကြၤန်က

"ဟဲ့ . . အတူတူသွားကြလေ"

"ရပါတယ် သူမှ အကူအညီမလိုပဲ၊ ကျွန်တော့်အတွက်လဲ မလိုဘူး၊ သွားမယ် မမသကြၤန်"

"ဘယ်လိုကောင်လေးလဲ သူ့ကိုယ်သူများ လူကြီးမင်းအိုက်တင်ဖမ်းလို့ အဲ့ဒါကြည့်တော့ ဒီဒီ"

မမသကြၤန်၏ အသံသည် သူ၏နားဝဆီသို့ ကြောင်စီစွာ ခိုတွဲလိုက်ပါလာသေးသည်။

အုပ်စိုး ပုခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်သည်။ နောက်သုံးရက်အကြာတွင် ဆယ့်ရှစ်နှစ်ပြည့်တော့မည့်သူကို လူကြီးအရင်းမသွင်းချင်ကြသေးသော အစ်မသုံးယောက်ရှိသော မောင်နှမအုပ်စုတွင် တစ်ဦးတည်းသောမောင် ဖြစ်ရခြင်းကပင်လျှင် ကံဆိုးမိုး


www.burmeseclassic.com

www.burmeseclassic.com


မှောင်ကျခြင်းဖြစ်သည် ထင်ပါသည်။

တော်ပါပြီ အစ်မတွေ၏ သူငယ်ချင်းဆိုလျှင် ဝေးဝေးက ရှောင်မှ သူ့အားနှိမ့်မစင်သေးသောကလေးနှယ် အစ်မများနည်းတူ မြင်နေဦးမည်။

စောစောက ဒေါ်မြနဒီအလှအပေါ် ယစ်မူးသွားမိခြင်း အာရုံကို သူ ဖျောက်ဖျက်ပစ်လိုက်သည်။ သို့သော်. . .







# အခန်း(၂)

"တို့ ထိုင်လို့ရမလား"

စိမ့်စမ်းရေစီးသံနှင့်တူသော အသံလေး သူ့နားတွင်းသို့ စိမ့်ဝင်လာသည်။ တစ်ဆက်တည်း သနပ်ခါးနံ့ကို သင်းသင်းကလေး ရလိုက်သည်။ သူ၏ ငိုက်မျဉ်းစပြုနေသော မျက်လုံးကျယ်သွားသည်။

ခြေဖမိုး ဝါဝါနှစ်နှစ် ဉဉကလေးအပေါ်၌ မန္တလေးကတ္တီပါသဲကြိုး ရှားရောင်ကလေးမှာ ပန်းရစ္စာ တည်ရှိနေသည်။ ပါတိတ်လုံချည်ကခြေမျက်စိ ဖုံးလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ ချာတိတ် အိပ်ငိုက်နေပြီလား"

ချာတိတ် သူ့ခေါင်းကို ဆတ်ခနဲ ထောင်လိုက်သည်။

"မမမြနန္ဒီကို ကျွန်တော်က မှတ်ဉာဏ်ကောင်းမယ်လို့ ထင်ထားတာ မှားသွားပြီ"

"တို့က ဉာဏ်လေးတယ် အုပ်စိုး၊ မင်းကို ချာတိတ်လို့ မခေါ်မိဖို့ကို တို့ သိပ်သတိထားရလိမ့်မယ်၊ ထိုင်မယ်နော်"

"ရပါတယ်၊ အများပိုင် ထိုင်ခုံတွေပဲ၊ ကြိုက်တဲ့နေရာ ထိုင်လို့ရတယ်"

"တို့ ဒီနေရာကိုပဲ ကြိုက်တယ်၊ စကားပြောဖော်ရှိသောနေရာကို တို့ကြိုက်တယ်၊ ဒါမှ အိပ်ချင်ပြေမှာ"

အုပ်စိုး ခံလိုက်ရပြီ၊ မိမိအိပ်ငိုက်နေခြင်းကို သူမ တွေ့ရှိနေကြောင်း မိန်းမများ၏ ပရိယာယ်ဖြင့် ဖော်ပြခြင်းဟု သူနားလည်လိုက်သည်။

"စောင့်ဆိုင်းခြင်းဟာ ငြီးငွေ့ဖွယ်ရာကောင်းတဲ့ အလုပ်တစ်ခုပဲ"

"ငြီးငွေ့ခြင်းဟာ ပျင်းရိခြင်းကို ဖြစ်စေတတ်တယ်၊ အဲ. . ပျင်းရိခြင်းကနေ အိပ်ခြင်းကို ဖြစ်ပေါ်စေတတ်တယ်လို့ တို့ ယူဆတယ်လေ၊ ဒါကြောင့် တို့ ငြီးငွေ့ခြင်း မဖြစ်စေရအောင် မင်းရှိတဲ့နေရာနားမှာ လာထိုင်တာ၊ ဒီအတွက် မင်း အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး၊ ဘာလို့ဖြစ်ရမှာလဲ၊ ကျွန်တော် လူပျင်းမှ မဟုတ်ဘဲ"

အုပ်စိုးက ပျာပျာသလဲ ဖြေလိုက်သည်။ သူ့ကို လူပျင်းလို့





စွပ်စွဲသောစကားကို လိမ္မာယဉ်ကျေးစွာ ပြောဆိုခြင်းလားဟု သူတွေးလိုက်သည်။ နေရာတကာ သံသယဝင်နေခြင်းသည် မကောင်းပါ၊ သံသယသည် စိတ်၏ လွတ်လပ်ပေါ့ရွှင်ခြင်းကို အနှောင့်အယှက် ပေးနိုင်ဆုံးသော ရန်သူကြီးတစ်ဦး ဖြစ်သည်ဟု သူ ခံယူထားလိုက်သည်။

"မင်း ပုဂံရောက်ရင် ဘယ်မှာတဲမယ်လို့ စိတ်ကူးထားသလဲ"

"သီရိပစ္စယာ"

"မမမြနန္ဒီကကော"

"မြင်းကပါရပ်က သူငယ်ချင်းဆီမှာ"

"မခိုင်ဇာကို ပြောတာလား"

"ဟုတ်တယ် ကြန်ကြန်က မင်းကို ခိုင်ဇာရှိကြောင်း ပြောပြထားတယ်ထင်တယ်"

"စာတစ်စောင် ရေးပေးလိုက်တယ်၊ လိုအပ်တာရှိရင် အကူအညီ ပေးဖို့ပေါ့၊ အစကတော့ ဒီစာကို ကျွန်တော် သွားမပေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့တာ၊ ခုတော့ မမမြနန္ဒီနဲ့ လူကြုံပါးလိုက်မယ်"

"လူကြုံစာဆိုရင် မယူရဲပါဘူး"

"ဘာဖြစ်လို့လဲ"

"စာထဲမှာ အခုစာယူလာသူကို သတ်စေလို့ ရေးထားရင် ဘယ့်နှယ်လုပ်မလဲ"

"ဟာဗျာ. . ."

အုပ်စိုးက ရုတ်တရက် ကြောင်သွားရာမှ သူမ၏ အတည်ပေါက် နောက်ပြောင်ကျီစယ်နေမှုများကို သဘောပေါက်မိကာ


www.burmeseclassic.com

www.burmeseclassic.com

ပြုံးလိုက်မိသည်။

"ပုဂံ ညောင်ဦး မန္တလေး ခရီးစဉ်သို့"

လေယာဉ်အမှုထမ်းတစ်ဦးက ခပ်ကျယ်ကျယ် အသံမြှင့်ကာ ထွက်ပေါက်တံခါးဝမှ အော်၍ပြောလိုက်သည်။ လျှပ်စစ်ခွေးတာရေး ထင်ပါသည်။ သူ့အသံလှိုင်းဖြင့် ကိစ္စပြီးသွားသည် ဒါလည်းရတာပါပဲဟု တွေးပြီး သူ့လက်ဆွဲအိတ်ကို ကောက်ကိုင်လိုက်သည်။ အနားမှ သူမကို ကြည့်လိုက်သည်။ သူမကလည်း လက်ဆွဲအိတ် တစ်လုံးတည်း။

"အိတ်နိုင်ပါတယ်နော်"

"မနိုင်ဘူးဆိုရင် ကူသယ်ပေးမှာလား"

"ဖြစ်ပါတယ် အကူအညီ တောင်းရင်ပေါ့"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် တို့က ကိုယ့်ဝန်ကိုယ်ထမ်းဖို့ အလေ့အကျင့်ယူပြီးသား"

သူမနှင့် အတူယဉ်တွဲပြီး လေယာဉ်ကွင်းဆီသို့ ဦးတည်လိုက်သည်။ သန့်ရှင်းလတ်ဆတ်အေးမြသော အရုဏ်တက်၏ လေပြည်လေညင်းလေးများက လန်းဆန်းမှုကို ဆောင်ကြဉ်းပေးလေသည်။

လေယာဉ်ပေါ်ရောက်တော့ မိမိခုံနံပါတ်ကို ရှာဖွေလိုက်သည်။

"ဘယ်လိုလဲကွ၊ နောက်ဆုံးပါလား"

သူ မကျေမနပ် ဖြစ်သွားသည်။ မှောင်ခိုလည်း ပေးဝယ်ရသေးသည် ရတော့ နောက်ဆုံး။ ပြီးတော့ ဒူးက ရှေ့ခုံနှင့် တိုက်နေသေးသည်။





"မင်းနဲ့တို့ ကံတူအကျိုးပေးပါလား အုပ်စိုး၊ ထိစပ်ထိုးမှန့်တူတယ်"

"ကျွန်တော် ကံကို မယုံကြည်ဘူး"

"စကားအဖြစ် ပြောတာပါ၊ တို့လဲ ကံဆိုတာ အလုပ်လို့ လက်ခံထားပြီး ကိုယ့်အားကိုယ်ကိုးနေချင်တဲ့လူပဲ"

"ကြိုက်သွားပြီ"

"ဘာကိုလဲကွ"

"ဒေါ်မြဒီစကား"

"မင်း တို့ကို ဘယ်လိုခေါ်လိုက်တယ်"

"ဒေါ်မြဒီ"

"ဒေါ်မြဒီဟုတ်လား၊ နက ဘာကိစ္စ ကျန်ရစ်ခဲ့ရတာလဲ"

"တမင် ချန်လှပ်ခဲ့တာ"

"ဘာဖြစ်လို့"

"န ကို မကြိုက်လို့"

"ဒါပေမယ့် နဒီဆိုတာ"

"ကျွန်တော်သိပါတယ်၊ နဒီဆိုတဲ့မြစ်ကလဲ အေးတယ်၊ မြကလဲ အေးတယ်၊ သိပ်အေးရင် မကောင်းဘူး။ ဒါကြောင့် ဒေါ်မြဒီလို့ပဲခေါ်မယ် ကျေနပ်ရဲ့လား"

"မင်းကျေနပ်ရင် ပြီးတာပါပဲ၊ တို့ကို သူငယ်ချင်းတွေက ဒီဒီလို့ခေါ်တယ်၊ မေမေနဲ့ ဖေဖေက သမီးလေးတဲ့၊ အိမ်က အလုပ်သမားတွေက မမလို့ ခေါ်ကြတယ်"

"ကျွန်တော်ကတော့ ဒေါ်မြဒီပဲ"

"မင်း အဲဒီလိုခေါ်တော့ တို့ကိုယ်တို့ အသွားကြီးလို့ ထင်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး တရားအားထုတ်ချင်စိတ်တောင် ပေါက်လာပြီ"'

"ကောင်းတာပေါ့၊ ဒီထက်ကောင်းတဲ့အလုပ် ရှိနိုင်ပါဦးမလား၊ လုပ်လိုက်လေ ကြာသလားလို့"

မြနန္ဒီက ပြုံးလိုက်သည်။ "အားပါး အုပ်စိုးဆိုသောကောင်တော့ ငိုက်ဆင်းသွားပြီ ဒေါ်မြဒီ၊ ခင်ဗျားအပြုံးက ကျက်သရေရှိလှချေလား။ ညီညာသော သွားစွယ်တန်းလေးက ပုလဲသွယ်တစ်လုံးရဲ့ ကျက်သရေရှိသော တန်ဖိုးနဲ့ အလားသဏ္ဍာန် တူသွားတယ် ခင်ဗျ၊ ကျွန်တော့်ရဲ့ အသည်းနှလုံးနုနုလေး လှုပ်ခတ်သွားပြီ၊ ဒေါ်မြဒီ'

ဟု အုပ်စိုးစိတ်တွင်း ရေရွတ်ရင်း မြနန္ဒီ၏အပြုံးကို မှင်သက်စွာ ငေးလိုက်မိသည်။

"ဟင်း. . ဟင်း. . တို့ အဲဒီလောက် ပါရမီ မရင့်သန်သေးဘူး၊ ဒုက္ခပါပဲ. . ဒီခါးပတ်ခေါင်းက"

"ကျွန်တော် အကူအညီ ပေးရမလား"

"ဆန္ဒရှိရင် လက်ခံပါတယ်"

မြနန္ဒီ၏ လေယာဉ်ထိုင်ခုံမှ ခါးပတ်ခေါင်းကို သူပတ်ပေးလိုက်သည်။

"ဪ မင်း လုပ်လိုက်တော့လည်း လွယ်လွယ်လေးပါလား၊ တို့ လေယာဉ်မစီးတာ ဆယ်နှစ်လောက် ရှိသွားပြီ"

မတော်တဆထိမိသော မြနန္ဒီနှင့် သူ၏ ပခုံးစွန်းအတွက် တောင်းပန်သင့်မသင့် သူ စဉ်းစားလိုက်သည်။ သို့သော် သူ မ တောင်းပန်ဖြစ်လိုက်၏။

"တို့မောင်နဲ့ ခရီးအတူ သွားမိခြင်းဟာ တို့အတွက် ကံ





ကောင်းသွားပြီလို့ ယူဆလိုက်ပြီ"

သူ မြနန္ဒီကို ကြည့်လိုက်သည်။ သူမသည် ဘာကြောင့်များ ဤခရီးကို တစ်ယောက်တည်း ရွေးချယ်၍ သွားရသနည်း။ သူမ ကြည့်ရသည်မှာ အပူအပင် အကြောင့်အကြ ရှိပုံမရ၊ လွတ်လပ် ပျော်ရွှင်လျက်ရှိသည်။ သူမ၏ လှုပ်ရှားမှု ဟူသမျှတို့ကို သူ နှစ်သက်နေမိခြင်းကပင် သူ့အတွက် ကံဆိုးမိုးမှောင်ကျခြင်းလား၊ မိမိထက် အသက်လေးငါးနှစ်မျှကြီးသော မိန်းမတစ်ဦးကို မြင်မြင်ခြင်းပဲ စိတ်ဝင်စားခြင်း ဖြစ်မိလိမ့်မည်ဟု သူ တစ်ခါမျှ မတွေးမိခဲ့။

ယခုတော့. . .

"ဒေါ်မြဒီ"

တမင်သက်သက် မိမိထက် အသက်ကြီးကြောင်း အမှတ်ရစေမည့် အခေါ်အဝေါ်ကိုတမင်သုံးစွဲပါလျက် စိတ်ဝင်စားမှု စိတ်လှုပ်ရှားမှုကို သူ ဖျောက်ပစ်၍ မရချေ။

"ဆို. . ."

"ပုဂံမှာ ဘယ်လောက်ကြာမှာလဲ"

"ကာလအပိုင်းအခြား အကန့်အသတ် မရှိပေါ့ကွယ်'

"ဘာဖြစ်လို့လဲ အလည်သက်သက် ဒါမှမဟုတ် ဘုရားဖူးသက်သက် မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟင်. . ဒါဖြင့်"

"တို့မောင်"

"တို့မောင်"တဲ့လား၊ "မမ"ရယ်ဟု အုပ်စိုးရင်၌ ညည်းတွားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပြုပြီး တို့ကို စကားမပြောနဲ့တော့နော်၊ တို့ရင်ထဲလှိုက်ပြီး မူးလာတယ်"

"ဟင် ရှူဆေးယူမလား"


"တို့မှာ ပါပါတယ်၊ တို့ ဘုရားစာ ရွတ်နေတော့မယ်"

မြနဒီသည် နောက်သို့မှီကာ မျက်ခွံတံခါးလေးကို ပိတ်ထားလေသည်။ တိုင်းရင်းဖြစ် ဆေးမြစ်ဆေးခေါက်တို့ဖြင့် ဖော်စပ်ထားသော မြန်မာဖြစ် ရှူဆေးဘူးနီကလေးကို ရှူကာ မှိန်းနေလေသည်။

ဘေးတစောင်း အနေအထားဖြင့်ရှိနေသော မြနဒီ၏ အလှကို အုပ်စိုး ကြည့်ခွင့်ရသွားသည်။ ဆယ်ကျော်သက် နှလုံးသား၌ မြနဒီဟူသော အချစ်မြားတစ်ချောင်း နက်ရှိုင်းစွာ စိုက်လေပြီလား၊ အုပ်စိုး စိတ်လှုပ်ရှားစွာ တွေးမိလေပြီ။







# အခန်း(၃)

"နေသာရဲ့လား ဒေါ်မြဒီ"

"အစာမရှိလို့ ထင်တယ်"ဟုဆိုကာ လေယာဉ်မယ်ကလေးပေးသော ကော်ဖီနှင့် ကိတ်မုန့်ကိုစားပြီး တစ်ခဏ၌ မြနဒီသည် လေယာဉ်ပလတ်စတစ်အိတ်ထဲသို့ ထိုးအန်လေသည်။ အုပ်စိုး ခြေမကိုင်မိ လက်မကိုင်မိ၊ ဘာလုပ်ရမှန်းမသိ။

"ရတယ် နေ. . နေ"

သူမ အညစ်အကြေးအိတ်ကို ထပ်ခေါက်ပြီး လေယာဉ်မယ်ထံ ကမ်းပေးလိုက်သည်။ နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့် အသာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပြီး မျက်လုံးပြန်မှိတ်သဖြင့် အုပ်စိုး အလိုက်တသိ ငြိမ်သက်နေလိုက်သည်။

မြနုဒီ၏ ဝင်းဝါသော အသားအရည်သည် အနီရောင်ပြေးနေသည်။ မိန်းမဆန်လွန်းသော မိန်းမမျိုးဆိုတာ သူမကိုများရည်ညွှန်းထားသလားဟု အုပ်စိုးက ကိုယ်လိုရာကိုယ် ဆွဲတွေးလိုက်သည်။ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ဘီး အထိအတွေ့၌ ငြိမ့်ခနဲ ဖြစ်သွားသည်။

"ရောက်ပြီ"

သူ မျက်လုံးပွင့်လာပြီး "ဟင်းခနဲ"သက်ပြင်းချက်ဖြင့် ခံစားနေရသော ဝေဒနာတံခါးကို ပိတ်လိုက်သည်။

"ပုဂံညောင်ဦးခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းသက်နိုင်ပါပြီရှင်"

အုပ်စိုးက သူမထက်ဦးအောင် အိတ်နှစ်အိတ်ကို ဆွဲယူလိုက်သည်။

"ရတယ်ကွ၊ တို့နိုင်တယ်"

"သွားပါ ရှေ့ကသွား"

သူ၏ ညှာတာမှုက အစ်မတစ်ဦးအပေါ်တွင် သက်ညှာခြင်း ဖြစ်သည်ဟု သူမ နားလည်နိုင်ပါ့မလား၊ နောက်ပိုးကြောနှင့် အကူအညီပေးသည်ဟု ထင်သွားပါက သူ၏စေတနာ သဲထဲရေသွန်ဖြစ်သွားမည်။ လေယာဉ်လှေကားပေါ်က ဆင်းအပြီး ညောင်ဦးမြေနှင့် အထိ၌. . .

"ပေးကွ လေယာဉ်ပေါ်က ဆင်းပြီဆိုတာနဲ့ ခံရခက်တဲ့ ဝေဒနာဆိုးကြီးကနေ လွတ်မြောက်သွားပါပြီ၊ ပေး တို့ သက် သာမခို





တတ်ဘူး"

တော်တော်ကြီးကျယ်သည့် မိန်းမ၊ စောစောကတော့ လူမမာတစ်ဦးနှယ်၊ ယခုတော့ ဒေါင်းတိမောင်းတိနှင့် သူ့လက်ထဲမှ သူမအိတ်ကို ဆွဲယူကာ ခပ်သွက်သွက် လှမ်းသည်။

"မင်းကို ကျေးဇူးတင်တယ်"

"ဘာအတွက်လဲ"

"အိတ်ဆွဲပေးတဲ့အတွက်ကော တို့ဝေဒနာအတွက် စိုးရိမ်ပူပန်ဖော်ရတဲ့အတွက်ပါ"

"ဒါကတော့"

အုပ်စိုး စကားမဆက်တတ်တော့၊ အသက်အရွယ်အားဖြင့် ငယ်သေးသောလူသည် များသောအားဖြင့် အတွေ့အကြုံပါ နည်းသေးသည်။ ထို့ကြောင့် သူသည် သူမစကားနှင့် အမီလိုက်၍ မပြောနိုင်ချေ။

"ဒါကတော့ ဘာဖြစ်သလဲ"

"အားနွဲ့သူကို အကူအညီပေးရမှာ အင်အားကြီးမားသော ယောကျ်ားသားများရဲ့ မွေးရာပါ တာဝန်တစ်ရပ်လေ"

"ဟင်းဟင်း မင်းမရှိရင် မင်းတို့အိမ်သားတွေ ပျင်းရိခြောက်သွေ့သွားနိုင်တယ် ထင်တယ်"

"အသေအချာပဲ ဒေါ်မြဒီလဲ ကျွန်တော်နဲ့ ခွဲခွာပြီးနောက် ပျင်းရိသွားတော့မှာပဲနော်"

"တို့ မပျင်းတတ်ဘူး"

"ကျွန်တော်လဲ ပျော်တတ်တယ်"

"ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ. . ဆိုင်များဆိုင်မလားလို့"

ညောင်ဦးလေဆိပ် အဆောက်အဦ အထွက်၌ အငှား ကားဆရာများ၊ မြင်းလှည်းဆရာများနှင့် စည်ကားနေသည်။

"ဘယ်လိုလဲ"

"ကားတစ်စီး ငှားလိုက်ကွာ၊ မင်းကို သီရိပစ္စယာပို့ပေးပြီး တို့ မြင်းကပါကို ဆက်သွားမယ်"

"အိုကေ. . ."

"ရှုတ်"

သူ့အား မြနဒီက လက်ကုတ်ပြီး

"အသက်ကြီးကြီး စကားများများလူမျိုး မငှားနဲ့"

"ဗျာ. ."

"စကားနည်းမယ့် ဥပဒိရုပ်ရှိသောလူမျိုးငှား"

သူ နားမလည်နိုင်တော့ မြနဒီက ပြုံးကာ

"တို့က စကာများပြီး စပ်စုတဲ့ ယောက်ျားမျိုးကို သဘောမတွေ့တတ်ဘူး"

သူ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သူသည် စကားများသော ယောက်ျားတစ်ဦး ဖြစ်နေပြီလား။ စဉ်းစားချိန်မရတော့။

"အစ်ကိုတို့ ဘယ်သွားမှာလဲ"

"သီရိပစ္စယာ"

"ကိုအုပ်စိုးထင်တယ်"

"ဟင်. ."

"ကျွန်တော့်ကို သီရိပစ္စယာက ကြိုခိုင်းလိုက်လို့"

"တယ်ဟုတ်ပါလား"





မျက်နှာသွယ်သွယ် ပါးပါးလှပ်လှပ် အရပ်မြင့်မြင့် လူငယ်တစ်ဦးအား သူ အကဲခတ်နေတုန်း မြနဒီက သူ့အား

"ကြန်ကြန်တို့ဖုန်းဆက် စီစဉ်ထားပြီထင်တယ်"

"ဟုတ်တယ် နေရာတကာ ကြောင့်ကြကြီးနေကြတယ်"

"တစ်ဦးတည်းသော အငယ်ဆုံး မောင်လေးကိုးကွယ်၊ ကဲ သွားကြရအောင် ကားက"

"အပြင်ဘက်မှာပါ၊ ကျွန်တော့်ကို အိတ်ပေးပါ"

မြနဒီပေးလိုက်သည်။ အုပ်စိုးကတော့ "ရပါတယ်"ဟု ဆိုကာ သူ့အိတ်ကို သူလွယ်လျက် လူငယ်နောက်မှ လိုက်ခဲ့ကြသည်။

ဆလွန်းကား ကြက်သွေးရောင် ကလေးဖြစ်သည်။ သူ ရှေ့ခန်း၌ ထိုင်လိုက်သည်။ မြနဒီက နောက် ခန်း၌ ထိုင်လိုက်ပြီး. .

"သီရိပစ္စယာကို သူ့ကိုအရင်ပို့ပြီး တို့ကို မြင်းကပါရပ်ကို ပို့ပေးပါ"

"ဟုတ်ကဲ့"

"မဟုတ်ဘူး၊ မြင်းကပါကို အလျင်ပို့ပြီးမှ သီရိပစ္စယာကို ပို့မယ်၊ အခန်းမှာပစ္စည်းထားပြီးတာနဲ့ ကျွန်တော် နေသိပ်မရင့်ခင် ဘုရားတွေ တစ်ခါတည်း ဆက်ဖူးချင်လို့"

"ကောင်းပြီလေ၊ တို့မောင် သဘောပဲ"

ကားကလေးက စတင်ထွက်လာသည်။ ကားဆရာလေးက သူ ဘယ်ကို အလျင်သွားရမည်ကို သဘောပေါက်ပုံရသည်။ ထပ်မံမမေးတော့၊ အုပ်စိုးအကြံယူလိုက်သည်။ မြနဒီကို သူနှင့် အတူတကွ လည်ပတ်နိုင်အောင် မည်ကဲ့သို့ စည်းရုံးရမည်နည်း။

"ဒေါ်မြနဒီ ဘုရားမဖူးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တို့ ပုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးလေ အုပ်စိုး"

"ဆောရီး ကျွန်တော်က ဒေါ်မြဒီဘုရားဖူးလာတာ မဟုတ်ဘူးထင်လို့"

"ပုဂံလာပြီး ဘုရားမဖူးရအောင် ဘာလုပ်ရမှာလဲ"

"ဒါတော့ ဒေါ်မြဒီကို ကျွန်တော် ဘယ်သိနိုင်မလဲ"

"တည့်တည့်ပဲပြောပါ၊ တို့မောင်စိတ်ထဲမှာ မင်းနဲ့အတူ တို့ကို အတူလိုက်ပြီး ဘုရားဖူးစေချင်လို့လား"

"ဒေါ်မြဒီ အကင်းပါးသားပဲ"

သူက ရှက်ပြုံးဖြင့် ဝန်ခံလိုက်သည်။

ဒီထက်ပို၍ အိုက်တင်မခံချင်၊ တော်တော်ကြာ မြနဒီ မလိုက်ဘဲ သူတစ်ယောက်တည်း ဘုရားဖူးရမှာ ပြင်းရိုင်းငွေ့ဖွယ်ရာ ဖြစ်သွားနိုင်ပြီဟု သူ အတတ်သိလိုက်သည်။

"ကောင်းပြီလေ၊ တို့ ဇာဇာနဲ့တွေ့ပြီးရင် သူနဲ့အတူ တိုင်ပင်ပြီး မင်းကို အဖြေပေးမယ်"

"အိုကေ"

အုပ်စိုးစိတ်ထဲ ပျော်ရွှင်သွားသည်။ အစက တစ်ယောက်တည်း စက်ဘီးတစ်စီးငှားကာ လျှောက်လည်လိုက်ဦးမည်ဟူသော အစီအစဉ်ကို ဖျက်သိမ်းပစ်လိုက်သည်။ မြနဒီနှင့်အတူ လည်ပတ်နိုင်သော အခွင့်အရေးကို သူလိုလားတောင့်တလာမိသည်။ ဘာကြောင့်နည်း။ အုပ်စိုး မတွေးတတ်၊ မမသကြိန်အပါအဝင် အစ်မသုံးယောက်စလုံး ဘယ်သူနှင့်မျှ သူ တွဲမသွားချင်။

စိတ်ရှုပ်သည်။ စိတ်ကျဉ်းကျပ်သည်။ သူ့အား ကလေးတစ်ယောက်လို မြင်နေခြင်းကို သူ လွန်စွာ မုန်းတီးသည်။ ယခု မြနဒီက





ကော ဘာထူးသေးသနည်း။ မမသကြိန်၏ မောင်ဟုဆိုကာသူ့အား ချာတိတ်လို သဘောထားချင်သည်။ သို့သော် မြနဒီကိုတော့ သူ ခွင့်လွှတ်သည်။ သူမနှင့် စကားပြောရတာ ပျော်စရာကောင်းသည်။ သူမ မျက်နှာကို အုပ်စိုး ခိုးကြည့်ရ ခြင်းကိုက သာယာငြိမ့်ညောင်းသော ရင်ခုန်သံစဉ်ကို ဖြစ်ထွန်းစေသည်။

"တို့မောင်"

"ပြောပါ"

"အကယ်၍များ ဇာဇာ မရှိခဲ့ရင် တို့များလဲ သိရိပစ္စယာမှာပဲ လိုက်တည်းမယ်"

"ကောင်းပြီ"


သူက ကြွေရွစွာ ပြောလိုက်သော်လည်း တစ်ယောက်တည်းသာဆိုလျှင် တစ်ချက်လောက်တော့ "ဟေး"ခနဲအော်ကာ ဝမ်းသာအားရ ထခုန်မိလိမ့်မည်။ တစ်ဆက်တည်း "မခိုင်ဇာ" မရှိပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

စွယ်တော်လေးဆူပင် မဖူးရသေး၊ ရည်မှန်းထားရုံဖြင့် သူ၏ဆန္ဒ ပြည့်ဝလေပြီထင်ပါသည်။ မခိုင်ဇာသည် မန္တလေး သင်္ကြန် သွားကြမည်ဆိုကာ မနေ့ကပင် ထွက်သွားသည်တဲ့၊ အုပ်စိုးတို့ ကံကောင်းခြင်းတရားကို ပိုင်ဆိုင်လိုက်ပြီ။

မြနန္ဒီနှင့် သူသည် တစ်ယောက်ခန်း နှစ်ခန်းကိုယူကာ ပစ္စည်းထားပြီး ပြန်ထွက်လာကြသည်။

ဧပြီလဆန်း၏ အညာနေက ပူပြင်းလှသည်။ သို့သော် သဘာဝတရား၏ မမျှော်လင့်သော ဖေးမမှု၊ အုံ့ပျပျရှိနေသော





တိမ်ရိပ်တို့ကြောင့် အပူလျော့ပါးနေသည်။

“ဘယ်ကို အလျင်ပို့ပေးရမလဲ ခင်ဗျာ”

အုပ်စိုးအကြည့်က မြနန္ဒီထံသို့ ပြန်လည်ရောက် ရှိလာသည်။

“ရွှေစည်းခုံနဲ့ အာနန္ဒာကို အလျင်ဖူးချင်တယ်၊ ပြီးတော့ မြန်မာထမင်းဆိုင် ကောင်းကောင်းလေးပေါ့၊ အဲဒီကို ပို့ပေးပါလား၊ ကားဆရာလေး၊ ဪ. . မင်းနာမည် ပြောပါဦး”

“ထွန်းထွန်းအောင်ပါ”

“ဟုတ်ပြီ ထွန်းထွန်းအောင်၊ တို့ မနက်ပိုင်းလည်မယ်၊ ရွှေစည်းခုံနဲ့ အာနန္ဒာတစ်ဝိုက်မှာရှိသော ဘုရားတွေ အချိန်ရှိသရွေ့ ဝင်ပြီးရင် ထမင်းစားမယ်၊ ပြီးရင် ဟိုတယ်ပြန်နားမယ်၊ ညနေပိုင်းတော့ မြင်းလှည်းနဲ့ပဲ သွားမယ်”

မြနန္ဒီ၏ စီစဉ်ညွှန်ကြားမှုကို အုပ်စိုး တစ်ခွန်းမှ ဝင်မပြောဘဲ သဘောကျစွာ နားထောင်နေမိသည်။

“ဟုတ်ကဲ့”

“တို့မောင်ကော သဘောကျရဲ့လား”

“ကျပါတယ်၊ ဒါပေမယ့် ဒီမနက်ပိုင်းမှာပဲ အလိုတော်ပြည့်ဘုရား ဖူးလိုက်ချင်တယ်၊ ဖြစ်မလား၊ ကိုထွန်းထွန်းအောင်”

“ဖြစ်ပါတယ် ပို့ပေးပါမယ်”

ကားဆရာလေးက သဘောကောင်းသည်။ စကားနည်းသည်။ လိုအပ်သည်ထက် ပိုမပြောတတ်၊ သူနှင့်ရွယ်တူသာ ဖြစ်လိမ့်မည်ဟု အုပ်စိုး မှန်းဆလိုက်မိသည်။ အညာလေသံသည်လည်း သူ့ ချက်မြှုပ်ကြီးပြင်းရာ ရန်ကုန်လေသံနှင့် မတူသည်ကတော့ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာသည်။ ဝဲသလိုလို လေးသလိုလို ဘာလိုလိုမှန်း သေချာပြော၍ မရ။

အညာမြေ၏ ဖုန်ထူထူ လေပူပူလေးများကို မန်ကျည်းပင် ရိပ် ထနောင်းပင်ရိပ်တို့က အန်တုလျက် ဝှံကြွားစွာ ရှိနေလေသည်။ လက်ညှိုးညွှန်စရာ အရပ်မရှိသလောက် သပ္ပါယ်စွာ တည်ရှိနေသော စေတီပုထိုး အခိုင်အမာများသော်လည်းကောင်း၊ အပြိုအပျက်များ သော်လည်းကောင်း၊ ရှုမောကြည်ညိုမဆုံနိုင်အောင် ရှိနေသော ပုဂံမြေကို သူ နှစ်သက်သည်။ ဘယ်အချိန်ဘယ်အခါလာလာ ရိုးအီ သွားခြင်း မရှိပေ။

"အုပ်စိုး. . "

"ပြောပါ"

'မင်း ဘုရားဖူး သက်သက်ပဲလား'

"ဟုတ်ပါတယ် ဘာဖြစ်လို့ မေးတာလဲ"

"နည်းနည်းထူးဆန်းနေသလားလို့"

"ဘာထူးဆန်းလို့လဲ"

"မင်းတို့အရွယ်တွေဟာ အဖော်ခုံမင်တဲ့အရွယ်ပဲ ခရီး ထွက်တယ်ဆိုတာ အပေါင်းအဖော်နဲ့ပဲ ထွက်တတ်တယ်၊ ခုတော့ မင်းက တစ်ယောက်တည်း ဘုရားဖူးလာတယ်ဆိုတော့ တို့အတွက် ထူးဆန်းနေတယ်လေ"

အုပ်စိုး ကျေနပ်သွားသည်။ သူမ၏အတွေး၌ သူ ခိုဝင်ခွင့် ရခြင်းကပင်လျှင် သူ့အတွက် မဟာကံထူးရှင်။

"လောကကြီးမှာ ညှိနှိုင်းယူလို့မရတဲ့ လူတန်းစား နှစ်ရပ်ရှိ တယ်"





လောကကြီးနှင့် ချီလာသော အုပ်စိုးစကားအတွက် မြနုဒီ ပြုံးလိုက်သည်ကို အုပ်စိုးတွေ့လိုက်ရသည်။

"ဆိုစမ်းပါဦး"

"မိဘဆိုတဲ့ လူတန်းစားနဲ့ သားသမီးဆိုတဲ့ လူတန်းစား နှစ်ရပ်ပဲ"

"အင်း ဟုတ်တယ်"

သူမထံမှ ထောက်ခံချက်သည် အုပ်စိုးအတွက် အင်အား တစ်ရပ် ဖြစ်ပေါ်စေသည်။

"ဒီလိုရှိတယ် ဝေါမြဒီ၊ ကျွန်တော့်ကို ဆယ်တန်း နှစ်ချင်း ပေါက် ဘာသာစုံ ဂုဏ်ထူးနဲ့ အောင်စေချင်ကြတာ၊ မိဘတွေရဲ့ ဂုဏ်တုဂုဏ်ပြိုင် ဆန္ဒတစ်ရပ်ဟာ သိပ်ကိုကုရခက်တဲ့ ရောဂါဆန်း တစ်ခုပဲ'

"မိဘကို ဒီလိုပြောရသလား"

"အမှန်ပဲလေ၊ ကျွန်တော်လဲ စာကိုမှန်မှန်လုပ်၊ မှန်မှန်ကျက် တဲ့လူပါ၊ ဝေါမြဒီရော ဒါတောင် ဂီတာတီးတာလေး နောက်ရေကူး တာလေး၊ လက်ဖက်ရည်ဆိုင် ထိုင်တာလေးလောက်ကိုတောင် သူတို့ရဲ့ မဟာဆန္ဒ မပြည့်ဝမှာ စိုးလို့တဲ့၊ မိဘအာဏာနဲ့ ကိုးတန်း၊ ဆယ်တန်းနှစ်နှစ်စလုံး ပိတ်ပစ်ကြတယ်'

"ဩော်. . "

"ရွှေစည်းခုံဘုရား ရောက်ပါပြီ"

ကားဆရာလေး စကားကြောင့် တောင်ဘက်၌ ရှည်လျား စွာ တည်ရှိနေသော စောင်းတန်းကြီးဘေးမှ ကားမောင်းလာပြီး အရှေ့ဘက် စောင်းတန်းတွင် ကားရပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးက ဆင်းလိုက်ပြီး မြနဒီ၏ နောက်ခန်းတံခါးကို ဖွင့်ပေးရန် ရည်ရွယ်လိုက်သည်။ သို့သော် နောက်ကျသွားသည်။ သူ ဆင်းပြီးချိန်၌ မြနဒီလည်း ဆင်းပြီးသွားပြီ၊ တော်တော်လျင်တဲ့ အမျိုးသမီးဟု အုပ်စိုး မချင့်မရဲ ကောက်ချက်ချလိုက်သည်။

"ရန်ကုန်မှာ ရွှေတိဂုံ၊ မန္တလေးမှာ ဘုရားကြီး၊ ပုဂံမှာ ရွှေစည်းခုံလို့ ဆိုရမလိုဘဲနော်၊ လူစည်ကားလိုက်တာ၊ စေတီက လည်း ရွှေကို အိနေတာပဲ"

မြနဒီသည် ကားပေါ်မှ သူ၏ စကားများကို ဆက်လက် နားထောင်ရန် ဆန္ဒရှိတော့ဟန်မတူ။

"လက်ယာရစ်ပတ်ရအောင် ကြာသပတေးထောင့်မှာ တို့ရှိခိုးမယ်၊ မင်းက တနင်္ဂနွေထောင့်မှာ ထင်တယ်"

"မဟုတ်ဘူး၊ ကြာသပတေးထောင့်ပဲ"

"အလို မွေးနံနဲ့မှည့်တာ မဟုတ်ဘူးလား"

"ဟုတ်တယ် ဒါပေမယ့် ပညာရေးအတွက် ဆုတောင်းစရာ ရှိလို့ ကြာသပတေးထောင့်မှာပဲ ရှိခိုးတော့မယ်"

အမှန်တော့ ဘုရားကို ဘယ်ထောင့်မှာ ဖူးရမည်ဟု သူ တစ်ခါမှ မရွေးချယ်ခဲ့၊ အလျင်ဆုံးတွေ့သည့် အာရုံခံတန်ဆောင်း၌ သူ ရှိခိုးနေကြ ဖြစ်သည်။ ယခုတော့ မြနဒီ၏ ဆန္ဒသည် သူနှင့် ထပ်တူထပ်မျှ ဖြစ်စေချင်သည်။

"အုံ့ဖွယ်ကိုးပါးရှိတယ်လို့ ပြောသံကြားဖူးတယ်၊ မင်း သိသ လား၊ အုပ်စိုး"

"ဟင့်အင်း အပြန်ရောက်မှ စောင်းတန်းမှာ ဘုရားသမိုင်း စာအုပ်ဝယ်ပြီး ဒေါ်မြနဒီကို ဖတ်ပြမယ်"





"မင်း ပြောမှလား"

"ဒါဖြင့် ဟိုကလေး တစ်ယောက်ယောက်ကို ခေါ်မေးပေါ့"

"တော်ပြီ အေးအေးဆေးဆေးပဲ အာရုံပြုတော့မယ်၊ နေမူ ရတဲ့အထဲ နားပူပါခံရရင် အရည်ပျော်ရုံပဲ ရှိတော့မယ်"

ကြက်တူရွေးနှုတ်တိုက် အလုအယက် လိုက်ရွတ်ပြနေသော ကလေးများကို လည်းကောင်း၊ ရွှေပြားကပ်လှူရန်အတွက် ပါးစပ် ရာဇဝင်များကို ခင်းကျင်းနေသော ဘုရားပန်းဈေးသည်များကို လည်းကောင်း၊ မြနဒီက မေ့ပြုပြီး ပြောလိုက်သည်။ သူ သဘော ကျသွားသည်။ မိန်းမဆန်သော အပြုအမူရှိခြင်းက သူ့အတွက် ကောင်းသော အလားအလာ တစ်ရပ်ပင်

သို့သော်. . .

"တို့က နားအေးတာကို ကြိုက်တယ်"

နားပဲအေးပါ၊ နှလုံးသားတော့ မအေးလိုက်ပါနဲ့ဟု သူ ရင် တွင်းပြောလိုက်သည်။ များသောအားဖြင့် အေးတိအေးစက် နေ တတ်သော သူများ၏ အသည်းနှလုံးသည်လည်း အေးစက်တတ်သူ ဟု သူ၏ သူငယ်ချင်းများက ပြောဖူးသည်။

ဘာကြောင့်များ မြနဒီကဲ့သို့သော မိမိထက် ငါးနှစ်မျှကြီး သော အမျိုးသမီး တစ်ဦးအပေါ်၌ စိတ်ဝင်စား ဖြစ်ရသနည်း။

"ဒေါ်မြနဒီ"

"ဆို. . ."

"ကျွန်တော့မှာ ကင်မရာပါတယ်"

"အဲ့ဒါ တို့နဲ့ ဘာဆိုင်သလဲ"

"ကျွန်တော် ဒေါ်မြနဒီလှုပ်ရှားမှုဟူသမျှကို လိုက်ရိုက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“တို့က မင်းသမီးမှ မဟုတ်ဘဲ၊ ပြီးတော့ ကင်မရာရှေ့မှာ ရပ်ပြရတာလောက် စိတ်ပင်ပန်းတဲ့ အလုပ်မရှိဘူး”

“တမင် ရပ်မပြနဲ့၊ ဒေါ်မြဒီ ခွင့်ပြုမယ်ဆိုရင် ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ရိုက်မယ်”

“ခွင့်ပြုသင့် မပြုသင့် စဉ်းစားဦးမယ်”

“ဟာဗျာ”

အုပ်စိုး စိတ်ညစ်သွားသည်။

“ကျွန်တော့်အပေါ် မယုံကြည်တဲ့ သဘောလား”

“မင်းအပေါ် ယုံကြည်ခြင်း မယုံကြည်ခြင်းဟာ တို့ခေါင်းထဲ မရှိဘူး၊ တို့ခေါင်းထဲ ဝင်လာတာက တို့ဝါသနာမပါတဲ့ လုပ်ငန်းတစ်ခုအတွက် အနေကျဉ်းကျပ်မှု ဖြစ်ပေါ်မှာစိုးရိမ်တဲ့ သဘောပဲ”

“အမှတ်တရအနေနဲ့ပါ၊ ဒါပေမယ့်. . .”

အုပ်စိုးအနေဖြင့် သူမ၏ စိတ်ကျဉ်းကျပ်မှု ဖြစ်ပေါ်စေမည့် အလုပ်ကိုတော့ မလုပ်လိုပါ။

“ဒါပေမယ့် တို့မောင်ကို ခွင့်ပြုပါတယ်၊ တစ်နေရာမှာ တစ်ပုံတော့ ရိုက်ပေါ့ကွာ၊ လူပုံကို ဦးစားမပေးဘဲ ရှုခင်းကို ဦးစားပေးရင် အမှတ်တရအဖြစ် တို့လဲ သိမ်းဆည်းထားနိုင်တာပေါ့၊ ကိုင်းတို့ ဘုရားရှိခိုးလိုက်ဦးမယ်”

ကြာသပတေးထောင့်ရှိ အာရုံခံတန်ဆောင်း၌ ဝင်ရောက်၍ ဘုရားအာရုံပြု ရှိခိုးနေသော မြနဒီကို အုပ်စိုး ငေးကြည့်မိသည်။ ပြီးမှ တန်ဆောင်းထဲဝင်ကာ သူပါ လိုက်ရှိခိုးလိုက်သည်။

သူမသည် ဘုရားရှိခိုးခြင်းကို ဆယ့်ငါးမိနစ်မျှသာ အချိန်





ယူသဖြင့် တော်ပါသေးဟု သူကျေနပ်စွာ တွေးလိုက်သည်။ မမသကြိန်တို့ဆိုလျှင် အိမ်ကဘုရားကိုတော့ မှန်မှန်မရှိခိုး၊ ဘုရားပန်းလဲရမှန်း၊ ဆွမ်းတော်ကပ်ရမှန်း၊ သောက်တော်ရေ မှန်မှန်ကပ်ရမှန်းတို့ မသိ။ မွေးနေ့တိုင်း ကြီးလေးကြီး၌ အဓိဋ္ဌာန်ပုတီးစိပ်ရတာကို အလုပ်တစ်ခုအနေဖြင့် လုပ်ကိုင်လျက်ရှိသည်။

မမသကြိန် သူငယ်ချင်းဟူသောအသိ၊ ဝင်လာသည်နှင့် သူ့ကိုယ်သူ သေးနုပ်သွားသလို ခံစားလိုက်ရသည်။

ကျောက်သပိတ်ကြီး တစ်လုံးကို ကိုင်ကြည့်နေသော မြနဒီ၏ စိတ်ဝင်စားမှုကို သူ အမှတ်တရ ရိုက်ယူလိုက်သည်။

မြနဒီက သူ့အား လှည့်ကြည့်ကာ

“ရိုက်မယ်ဆိုရင်လဲ အသံပြုလိုက်ရောပေါ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ပဲများပစ်လိုက်ပါတယ်”

အုပ်စိုးက ရယ်လိုက်သည်။ သို့သော် သူ၏အရယ်အပြုံးသည် တောက်ပလိမ့်မည် မထင်၊ သူ့အပေါ်၌ ကလေးတစ်ဦးလိုသဘောထားခြင်းကြောင့်သာလျှင် သူ့အား ရဲတင်းပွင့်လင်းစွာ ဆက်ဆံခြင်း ဖြစ်သည်ဟု သူ သဘောပေါက်ပါသည်။

“သဘာဝပဲ လိုချင်လို့ပါ”

“ကောင်းပါတယ်၊ လာ နေသိပ်မပူခင် ခရီးဆက်လိုက်ရအောင်”

“ရပါတယ်၊ တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ၊ ဒေါ်မြဒီဖူးချင်တဲ့ ဘုရားမှန်သမျှ ဖူးရစေ့မယ်”

“အို. . ဘုရားဖူးလာတာမဟုတ်ဖူး”

“ဟင်. .”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါပေမယ့် ငါးမရ ရေချိုးပြန်ရတာပေါ့လေ"

မြနဒီ၏စကားကို သူ စိတ်ဝင်စားသွားသည်။

"ကျွန်တော် မေးခွင့်ရှိသလား"

"တို့အကြောင်းလား"

မြနဒီက သက်ပြင်းတစ်ချက် ချလိုက်ပြီးမှ သူ့အားမော့ကြည့်ကာ

"တို့ ဖွင့်ပြောချင်တဲ့ဆန္ဒ သိပ်ပြင်းပြလာတဲ့အချိန်မှာ တစ်ယောက်ယောက်ကို ဖွင့်ဟမိလိမ့်မယ်၊ အဲဒီလူဟာ တို့မောင် ဖြစ်ခဲ့မှာကိုတောင် တို့ စိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ"

"တို့ မျှဝေမှုဟာ သုခဖြစ်မှာ မဟုတ်တဲ့အတွက်တဲ့"

"သုခဖြစ်စေ၊ ဒုက္ခဖြစ်စေ၊ ဒေါ်မြဒီ မျှဝေမှုကို ကျွန်တော်က လိုလားစွာ တောင်းဆိုမယ်ဆိုရင်ကော"


"တို့က ပျော်ပျော်ပဲ နေချင်တယ်၊ ဒုက္ခကို မခံစားချင်ဘူး။ ဒါကြောင့် ဒုက္ခဟူသမျှ မေ့ထားချင်နေတယ်လေ"

အုပ်စိုး ဘာမှ ဧစာဒက တက်စရာ မရှိတော့။

ရွှေရောင်ဝင်းအိနေသော ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်မှ ထွက်ခွာလာခဲ့ကြသည်။ မြနဒီ၏ ထူးခြားချက်ကိုသူ သတိပြုမိလိုက်သည်က အခြားမိန်းမများကဲ့သို့ ဈေးဝယ်ရန်၊ ဈေးဆစ်ရန် ဝါသနာပါပုံ မရခြင်းပင်။







# အခန်း(၅)

"မင်း စကားဆက်စမ်းပါဦး"

သီရိပစ္စယာ ဟိုတယ်၏ အနောက်ဘက်လှေကားထစ်လေးများကို ဆင်းပြီး သဲသောင်ခုံပေါ်၌ လမ်းလျှောက်ကြသည်။

"ဘာစကားလဲ"

"မင်း အကြောင်းလေ"

"ဪ ဆယ်တန်းပြဿနာလား"

"အင်း. . ."

"ဆရာဝန်ဖြစ်မှ ဂုဏ်ရှိမယ်ထင်တဲ့ မိဘတွေနဲ့ အာရှအိုင်



www.burmeseclassic.com

www.burmeseclassic.com



တီ တက်ချင်တဲ့ကျွန်တော် ပြဿနာ ဖြစ်ခဲ့တယ်၊ ကျွန်တော်က ဦးစားပေးတစ် စက်မှုလျှော့တဲ့လျှောက်လွှာကို သူတို့ ဆုတ်ဖြဲပစ်ကြတယ်၊ သူတို့ကိုယ်တိုင် ဖြည့်စွက်ပြီးမှ လက်မှတ်ထိုးခိုင်းတယ်၊ ဆေးမှမလျှောက်ရင် အိမ်ပေါ်ကဆင်း ဆိုတဲ့အထိ အာဏာသုံးကြတယ်"

မြနဒီက ငြိမ်သက်စွာ နားထောင်နေသည်။

"ဒါပေမယ့် ကျွန်တော့်အတွက် အခွင့်အရေးတစ်ရပ်ရှိနေတာက ကံတရားပဲ၊ ဆေးအမှတ်က ဒီနှစ်မှာ လေးရာ့ခုနစ်ဆယ်အထက်ဖြစ်ခဲ့ရင် ကျွန်တော့်အမှတ် လေးရာ့ခုနစ်ဆယ်ဟာ မဝင်နိုင်ဘူး၊ ဒီတော့ ကျွန်တော့်ရဲ့ဆန္ဒ အောင်မြင်စေဖို့အတွက် ကံတရားဖေးမဖို့အတွက် ဘုရားဖူးဖို့ ထွက်လာတာ'

"ဩော်. . "

"သူငယ်ချင်းတွေက တိုက်တွန်းကြတယ်၊ စွယ်တော်လေးဆူ ကို နေ့မကူးဘဲဖူးရင် တောင်းတဲ့ဆု ပြည့်တယ်ဆိုလို့ ကျွန်တော် ဆုတစ်ဆုကို တောင်းမလို့ ထွက်လာတာ"

မြနဒီက ပြုံးလေသည်။ အုပ်စိုးက သူမအပြုံးကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သူမအပြုံးက လှောင်ပြုံးမဟုတ်။ ပိုသေချာသွားသည်က. . .

"ဒီလိုဆိုရင် တို့လဲဖူးမယ်၊ ဒီကားကိုပဲမှာပြီး ထွန်းထွန်းအောင်နဲ့ပဲ သွားရအောင်"

"သန်ဘက်ခါမှ သွားမယ်၊ အဲ့ဒီနေ့က ကျွန်တော် အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့ မွေးနေ့ ဖြစ်နေလို့ပဲ"

"ပိုကောင်းတာပေါ့၊ တို့ ထင်ပါတယ်၊ ယုံကြည်ချက်ဟာ အောင်မြင်မှုကို ပံ့ပိုးပေးနိုင်ဆုံးသော အရာတစ်ခုလို့"





အုပ်စိုး နှလုံးသားသို့ စိမ့်ဝင်သွားသည်။ အစ်မများစကားကို လေးစားလိုက်နာရကောင်းမှန်း မသိသော သူသည် သူစိမ်းမိန်းမသားတစ်ဦး၏ စကားဟူသမျှကို နှစ်လိုစွာ နာခံနေမိခြင်း၊ သဘောကျ လက်ခံနေမိခြင်းက ဘာကြောင့်နည်း။

အချစ်ဟူသည် လေးစားမြတ်နိုးခြင်းကပဲ ပေါက်ဖွားလာတတ်သလား။ ဧရာဝတီ မြစ်ရေအလျဉ်ကို ရှပ်တိုက်ပြေးဆော့ပြီးမှ ရိုက်ခတ်လာသော လေနုအေးအေးသည် မြစ်ကမ်းနံဘေးမှ သူတို့နှစ်ဦးကို ကလူကျီစယ်လိုက်ရာ သူမ၏ တင်ပါးပေါ်အထိ ရှည်လျားအိထွေးစွာ ကျဆင်းနေသော ဆံပင်များ လွင့်ပါးနေသည်။

သူ့ရင်ထဲ၌ လှုပ်ခတ်သွားသော အလှတရားအတွက် ဓာတ်ပုံတစ်ပုံ ရိုက်လိုက်မိသည်။ မြနဒီက သူ့အားပြုံးကြည့်ကာ. .

"ကိုင်း မင်းကချည်း တို့ကို ရိုက်ပေးနေရတယ်၊ တို့ကကော မင်းကိုရိုက်ပေးမှ မင်းပုံတွေ ပြန်ပါမှာပေါ့၊ ပေး ဘယ်နေရာ ရိုက်ပေးရမလဲ"

သူ ကင်မရာကို ကမ်းပေးလိုက်သည်။

"ဧရာဝတီ မြစ်ကမ်းနံဘေး နေဝင်ကာနီး အချိန်လေး ရိုက်လိုက်ရအောင်"

"ဘုရားတွေက အပေါ်တက်ခွင့်မရတာ သိပ်နာတာပဲ၊ ဟိုနှစ်တွေပလ္လင်ပေါ်ကနေ နေဝင်ချိန်ကို ဓါတ်ပုံရိုက်ရတာ သိပ်ကိုလှတယ်၊ မမကြီးတို့ခေတ်က ပုံတွေကိုကြည့်ပြီး ကျွန်တော်က သေးထားခဲ့တာ၊ ငါ့အလှည့်ကျရင်လဲ သူတို့ထက် သာစေရမယ်လို့"

"ကိုင်း. . မိကျောင်းသား ဒီလိုဆိုရင် ကင်မရာမင်းကိုသာ ပေးရိုက်တော့၊ ကျွန်တော်မျိုးမ ရိုက်ရင်တော့ အချိုးကျမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်းရဲ့ နဂိုလှပြီးသား ရုပ်ရည်တောင် ပျက်စီးသွားချင် သွားလိမ့်မယ်'

"ရပါတယ်၊ အမှတ်တရဆိုတဲ့အရာဟာ ကြီးမားတဲ့ တန်ဖိုးတစ်ခုလို့ ကျွန်တော် ယူဆပါတယ်"

"ပြောတတ်တယ်၊ ကြန်ကြန်တောင် မင်းလောက် စကားမတတ်ဘူး၊ ကိုင်း. . ရိုက်ပြီ"

ကင်မရာကို ချိန်လိုက်သော မြနဒီ၏ ရင်တွင်းခံစားမှုသည် မည်ကဲ့သို့ရှိမည် မသိနိုင်သော်လည်း မှန်ဘီလူးကို ဖောက်ထွင်းကာ ရောက်ရှိလာမည့် သူမ၏ အကြည့်စူးစူးသည် သူ၏ နှလုံးသား မတည်ငြိမ်မှုများကို ဖောက်ထွင်းမြင်ရောက်သွားမှာကိုပင် သူ စိုးထိတ်မိသည်။

"မင်းက လူချောပဲ၊ မင်းသားလုပ်ပါလား"

"ဝါသနာ မပါဘူး"

"ကျော်ကြားမှုကို မင်း မမက်မောဘူးပေါ့"

"ဝါသနာမပါတဲ့ လုပ်ငန်းအတွက်တော့ တိုတောင်းလှတဲ့ ဘဝကို ဖွဲ့အပ်ပြီး အချိန်မပေးနိုင်ဘူး"

"စိုး. . ."

မြနဒီက သူ့အား ထူးခြားစွာ ခေါ်လိုက်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ မသုံးနှုန်းဘူးသော အသုံးအနှုန်းကို သုံးနှုန်းလိုက်သည်။

"မင်းနဲ့ တို့နဲ့ ခံယူချက်ချင်း တူသွားပြန်ပြီ"

"ဝမ်းသာပါတယ် မမ၊ ကျွန်တော်နဲ့မမ ပုဂံခရီးစဉ်တစ်ခုလုံး စိတ်ချမ်းမြေ့စွာနဲ့ လက်တွဲနိုင်လိမ့်မယ် ထင်တယ်"





"ဟုတ်တယ်စိုး၊ တို့လည်း အဲ့ဒီလို ယုံကြည်ထားပါတယ်၊ ကိုင်း. . စိုး၊ မြင်းလှည်းတစ်စီးငှားပြီး တို့တွေ ဗူးဘုရားဖူးရင်း ညစာ ထမင်း သွားစားရအောင်"

"အိုခေ"

မြနဒီက သူ့အား ကင်မရာကို ပြန်ကမ်းပေးပြီး ရွှေမှုပင် တိုတယ်ဘက်သို့ ပြန်ဦးတည်လိုက်သည်။

အိပ်ခန်းဘက်သို့ပင် မပြန်တော့ဘဲ ချည်ကြိုးကောင်တာမှ ရင်းနှီးနေပြီဖြစ်သော ကိုကျော်ဝင်းဆွေထံတွင် သော့အပ်ပြီး ထွက်ခဲ့ကြသည်။

ပုဂံမြို့၏ ကျက်သရေသည် ညဥ့်၌လည်း ကောင်းကင်ထက်မှ ငွေကြယ်မှုန်လေးများနှင့် အပြိုင်တည်ရှိနေသည်။ လျှပ်စစ်မီးရောင် မထွန်းညှိထားနိုင်သော ဘုရားပြို ဘုရားပျက်များပင် ဖြစ်လင့်ကစား လအကွေး၏ အလင်းရောင်၊ ကြယ်ရောင်များ၏ ပြုံးပျပျ အရောင်အောက်ဝယ် ထင်လင်းစွာ တည်ရှိနေပါလား။

မြင်းလှည်း၏ ချွသံ မြင်းခွာသံလေးများသည် အညာဒေသ၏ ပူပြင်းမှုကို မေ့လျော့စေနိုင်သော ဂီတသံစဉ်သဖွယ် သာ. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

တန့်ကြည့်တောင် စွယ်တော်စေတီကိုဖူးပြီးအပြန် ဧရာဝတီမြစ်ကို ဇက်ဖြင့် ဖြတ်ကူးကြစဉ် အုပ်စိုးက တန့်ကြည့်တောင် စွယ်တော်သမိုင်းစာအုပ်ကို ဖွင့်လိုက်ပြီး

"မမနားထောင် ကျွန်တော် ဖွင့်ပြမယ်"

"ဟုတ်ကဲ့"

မြနန္ဒီနှင့် သူ၏ အနေအထားသည် မောင်နှမသဖွယ် ရင်းနှီးမှုကို သုံးရက်အကြာ၌ ရရှိခဲ့သည်။

အုပ်စိုးသိပါသည်။ ဤသည်ကလည်း သူသည် သူမ၏





အရင်းနှီးဆုံး သူငယ်ချင်း၏မောင် ဖြစ်နေခြင်းကြောင့် သူ့အား ယုံကြည်စွာဖြင့် မောင်ရင်းတစ်ယောက်သဖွယ် ဆက်ဆံနေခြင်း ဖြစ်သည်ကို။

"အနော်ရထာမင်းကြီးရဲ့ သစ္စာအမိဋ္ဌာန်တဲ့မမ"

"အေးလေ စွယ်တော်လေးဆူစလုံး သူ တည်ထားကိုးကွယ်ခဲ့တာပဲ၊ သူ မိဋ္ဌာန်ချက်ပဲ ဖြစ်ရမှာပေါ့"

ဝါတည်ထားကိုးကွယ်သော
မြတ်စွယ်တော် (၄)ဆူကို
အကြွင်းသူသည်
နောက်နေ့တွေ နေ့ချင်းဖူး၏
မျှသည့်တုသိုင်း မပိုတူ၏
တောင်းဆိုစထား မမှားတူ၏
ထီးလေဝါးမျှတ် မဖျက်လို၏
ထိုထည် သူအား မကြောချက်ချင်း
ဓာတ်ဝင်းတောင်းကျိုး ထူးစေသတည်း. . . တဲ့။

"သာဓု. . သာဓု. . သာဓု"

"နောက်တာလား"

"ရော်. . အကောင်းလဲ ခေါ်ရသေးတယ်"

ဧရာဝတီမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့ ခံယူရင်း နေအပူကို အန်တုခံနေရသည်။

တန့်ကြည့်တောင် စွယ်တော်ဘုရားကိုဖူးပြီး ပြန်လာကြသည်။

"အချို့လူတွေက တစ်အိုးတည်းချက်တဲ့ဆွမ်းကို တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တည်း လေးဆူစလုံး ကပ်ကြတယ်တဲ့၊ တို့ ကြားဖူးတာ ပြောတာနော်"

"ဟုတ်ပါတယ် ကြားဖူးတာချည်းပဲ၊ အခုလက်တွေ့ပဲ"

"ဒါပေမယ့် တို့ဖူးတာ ဘုရားလေးဆူကို အစီအစဉ်အတိုင်း မဟုတ်ဖူးနော်"

"ဘာပဲဖြစ်ဖြစ် တစ်နေ့တည်း လေးဆူအတူတူဖူးတယ်၊ ဆုတစ်ဆုတည်းတောင်းတယ်၊ အလှူကလည်း တစ်မျိုးတည်းပဲ လှူတယ်၊ ဒါ အစီကပဲ မဟုတ်လား"

"အင်းလေ ယုံကြည်ခြင်းနဲ့ ကြည်ညိုခြင်းဟာ တို့တွေရဲ့ ဆန္ဒကို ပြည့်စေနိုင်မှာပါ"

"မမ"

အုပ်စိုးသည် မြနန္ဒီအားမေးရန် ကြံရွယ်လိုက်ပြီးမှ စကားကို ဆက်မေးသင့် မမေးသင့် ချင့်ချိန်လိုက်သည်။

"ဘာလဲ ပြောလေ"

"ဘာမှ မဟုတ်ပါဘူး"

မြနန္ဒီက သူ့အား စွေကြည့်လိုက်သည်။ သူ့ရင်ထဲ လှုပ်ရှားရိုက်ခတ်သွားသည်။ မြနန္ဒီသည် ဆွဲဆောင်မှု အပြည့်အဝရှိသော မိန်းမသားတစ်ဦးဖြစ်သည်ကို သူ လက်ခံနေမိသည်။

"ဘာလဲ မင်းက တို့ကို ဘာဆုတောင်းသလဲလို့ မေးချင်နေတာ မဟုတ်လား"

အုပ်စိုး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူမကို အုပ်စိုး ကြောက်ရွံ့လာသည်။ သူမသည် သူ ဝမ်းထဲ ဘာတွေဖြစ်နေသည်ကို ဖောက်ထွင်းမြင်နိုင်စွမ်း ရှိသည့်သူတစ်ဦး ဖြစ်နေသည်။





"စိုးရယ် မင်း ငယ်ပါသေးတယ်၊ မင်းရဲ့ မျက်လုံးတွေဟာ တန်ဆောင်မှု ကင်းနေသေးတယ်၊ သူတို့က မင်းရဲ့ ဆန္ဒတွေကို ထုတ်ဖော်ပြသနေတယ်"

သူ့ မျက်နှာ နီရဲသွားလိမ့်မည်ဟု သူ အတပ်သိနေသည်။

"တို့ဟာ အလိုလောဘကြီးတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး၊ ဒါပေမယ့် ဝါသနာပါတဲ့အလုပ်ကို လုပ်ချင်တယ်၊ လုပ်ခွင့်မရဘူး၊ ဒါကြောင့် ဆန္ဒပြတဲ့အနေနဲ့ တို့အိမ်က တမင်ထွက်ပြေးခဲ့တာ ဆိုပါတော့"

မြနန္ဒီကို သူ အံ့သြစွာ ကြည့်လိုက်သည်။ ဘွဲ့တစ်ခု ရပြီးသား မိန်းမတစ်ဦးသည်လည်း တဇွတ်ထိုး လုပ်ရဲသောညာဉ်မျိုး ရှိတတ်ပါလား။ သူမ၏ မျက်နှာပြင်သည် မာနရောင်များ လွှမ်းလျက်ရှိသည်။

မေးရိုးက သွယ်မယောင်ယောင်နှင့် ကြံ့ခိုင်သော. . . ယောက်ျားမေးစေ့မျိုး ရှိသည်။ ထူထဲသောမျက်ခုံးနှင့် ပေါ်လွင်သောနှာတံ၊ ပိရိသော နှုတ်ခမ်းမျိုးက ခေါင်းမာမည့် အနေအထားကို ပြသည်။ တနည်းအားဖြင့် ခေါင်းအေးအေးနှင့် ထင်ရာစိုင်းတတ်သည့် ရုပ်မျိုးဟု သူတတ်သလောက် မှတ်သလောက် ကောက်ချက်ချမိလေသည်။

"မမဝါသနာက ဘာမို့လို့လဲ"

မြနန္ဒီက ခပ်တိုးတိုးလေး ရယ်လိုက်သည်။

"မင်းက ဘာထင်သလဲစိုး"

"မသိဘူးလေဗျာ"

"အေး မသိတာပဲ ကောင်းပါတယ်၊ ကိုင်း. . တို့က ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်တော့မယ်၊ တို့ ကားထဲ ဝင်ထိုင်ရအောင်"

မြနန္ဒီထံမှ စကားဆက်လိမ့်မည် မဟုတ်ကြောင်းကို သူ သိနေပြီ။

မြနန္ဒီအပေါ်၌ စိတ်ဝင်စားခြင်း ရင်ခုန်ခြင်းအပြင် ကြောက်လန့်ခြင်းဟူသော ခံစားမှုဝေဒနာတစ်ရပ်ပါ သူ့ရင်၌ ခိုတွယ်လာသည်။

မမသကြိန်ထံမှ သူမအကြောင်းကို လေ့လာစရာတွေ အများကြီး ရှိနိုင်လိမ့်မည်ဟု အုပ်စိုး နားလည်လိုက်သည်။


ဒီကြားထဲတော့ ထိန်းချုပ်နိုင်စွမ်းရှိသော ယောကျ်ားရင့်မကြီး တစ်ယောက်ကဲ့သို့ သူ၏ ဆန္ဒဟူသမျှကို မျိုသိပ်ထားလိုက်တော့မည်ဟု. . .။





www.burmeseclassic.com





# အခန်း(၇)

မြနဒီ အံ့ဩရသည်။ ရည်းစားကို အပျော်တမ်းအနေဖြင့် အတွေ့အကြုံရှိရုံ သုံးဦးမျှ ထားခဲ့ဖူးသည်။ ထိုသုံးဦးစလုံး၏ အကျင့်စရိုက်များကို မြနဒီ လေ့လာကြည့်မိသည်။

ပထမတစ်ဦးက သူ၏ အပြစ်ဟူသမျှတို့ကို ရည်းစားဖြစ်သူ မရိပ်မိစေရေးအတွက် ရည်းစားအား အစွမ်းကုန် ကြင်နာယုယပြတတ်သော လူသား။

ဒုတိယလူက သူ့ကိုယ်သူ အထင်ကြီးတတ်ပြီး ရည်းစားဘဝကတည်းက သခင်ဖြစ်ချင်သည့် လူသား။





တတိယတစ်ဦးက ကျားဆိုမှကျား၊ ရသမျှအခွင့်အရေးကို လက်လွှတ်မခံတတ်ဘဲ အပြည့်အဝ အသုံးချချင်သည့် မိန်းမသားကို သားကောင်ကဲ့သို့ အလစ်မပေးဘဲ ချောင်းနေတတ်သော လူစားမျိုးဖြစ်သည်။

"မမ ငေးလှချည်လား"

လောကနန္ဒ ဘုရားရင်ပြင်တော်ပေါ်မှနေ၍ လောကနန္ဒာ လှေဆိပ်၌ လူစည်ကားနေမှုကို ငေးကြည့်နေရာမှ မိမိထံသို့ လှည့်ပြီး မေးခွန်းထုတ်လိုက်သော အုပ်စိုးကို မြနဒီ ငဲ့စောင်းကြည့်လိုက်သည်။

လူပုံချောချော အရပ်တော်တော်မြင့်သည်။ ဤလူငယ်လေး၏ မျက်လုံးမှာ တောက်ပလွန်းသည်။ သို့သော် သူကလေး၏ စိတ်ဓါတ်က ကြံ့ခိုင်လွန်းသည်။

"သာယာတယ်နော်"

"ဟုတ်တယ် ကျွန်တော်တော့ ငယ်ငယ်ကတည်းက ပုဂံကို လာရတာ သိပ်ပျော်တယ်"

"ခုတော့ မင်းက လူကြီးမင်း ဖြစ်သွားပြီလား"

မြနဒီ၏ စကားအကျအနကောက်မှုကို သူက ချက်ချင်းဝင် ရိပ်မိကာ ပြုံးလိုက်သည်။ ပြုံးလိုက်သည့်အခါ ညီညာသော သွားစွယ်တန်းကလေးများနှင့် ပါးချိုင့်ကလေးက သူ၏ အလှကို တျက်သရေတိုးအောင် တမင်ဖြည့်စွက်ပေးထားသည့်နှယ် ရှိနေသည်။

"ဖြစ်သွားပြီ ဒီနေ့ ဆယ့်ရှစ်နှစ် ပြည့်ပြီလေ၊ မနက်ဖြန်ဆိုရင် လူကြီးပေါ့၊ မဟုတ်လား မမ"



www.burmeseclassic.com

www.burmeseclassic.com



တွေ့စက ဒေါ်မြနဒီ၊ နောက် . . ဒေါ်မြဒီ၊ နောက်ဆုံး မမသူ မည်သို့ခေါ်ခေါ် မြနဒီက ကျေနပ်ရနေမိသည်။

"ကောင်းပြီလေ လူကြီးမင်းကို ကျွန်မ မေးစရာရှိတယ်"

"ဟုတ်ကဲ့ မေးပါ၊ ဒါပေမယ့် မနောက်ပါနဲ့"

"မနောက်ပါဘူး၊ အတည်မေးမှာ"

အုပ်စိုး၏ မျက်ဝန်းက သူမထံသို့ ကျရောက်လာသည်။ စူစမ်းသော အကြည့်တစ်ရပ်ဟု သူမ ထင်သည်။

"ခု ပုဂံခရီးစဉ်ကိုကော မင်း ငယ်ငယ်တုန်းကလို ပျော်သေးရဲ့လား"

အုပ်စိုးမျက်နှာ တည်သွားသည်။ ဧရာဝတီမြစ်ကမ်းမှ ရေချိုးဆိပ်ဆီသို့ သူ၏အကြည့် ရောက်သွားသည်။ သူ တွေးကောင်းတွေးနေလိမ့်မည်။

သူ၏ နှလုံးသားကို ထိန်းချုပ်နှောင်ဖွဲ့ရခြင်းအတွက် ပင်ပန်းမှုဟူသော ဝေဒနာတစ်ရပ် သူ့မှာ ဖြစ်ထွန်းနေပေလိမ့်မည်ဟု မြနဒီ ရိပ်မိနေပြီ။

"ပျော်ပါတယ်၊ မမလို သိပ်လှတဲ့ အစ်မတစ်ယောက်နဲ့ အတူသွားလာနေရတာပဲ"

"မင်း မညာတတ်ပါဘူးနော်"

သူ ရှက်ကိုးရှက်ကန်း မျက်နှာတွတ်တွတ်ရဲလျက် . . .

"ဟာဗျာ . . ဘာကိစ္စ ညာရမှာလဲ"

"မညာဘူးဆိုရင်လဲ ထားပါတော့၊ ဒါထက် မင်းဘယ်တော့ ပြန်မှာလဲ"

"မမကော"





"တို့ကလား"

မြနဒီ တွေးလိုက်သည်။ မေမေ့ကို လွမ်းလာသည်။ ညဉ့်ကလည်း အိပ်မက်မက်သည်။ မေမေနှင့် သူမသည် ရေတွင်းစိမ်းစိမ်းလေး၌ ရေခပ်ချိုးကြသည်ဟု နေမှကောင်းရဲ့လားဟူသော စိုးရိမ်စိတ်ကလေးသည် မြနဒီ၌ ဖြစ်ပေါ်လာသည်။

"တို့ ခရီးဆက်ဖြစ်မလား၊ ရန်ကုန်ပဲ ပြန်ရမလားဆိုတာ မတွေးတတ်သေးဘူး"

"မမ ဘာဖြစ်လို့ မပြန်ချင်ရတာလဲ၊ မမဝါသနာက ဘာမို့လို့ မိဘတွေက သဘောမတူရတာလဲ"

မြနဒီ ပြုံးလိုက်သည်။ စိတ်ကစားသည့် အရွယ်ပင် ဖြစ်သင့်ကစား သူ၏စိတ်ကို နိုင်နင်းအောင် ထိန်းချုပ်ထားနိုင်ပုံရသော ဤလူငယ်လေးကို မြနဒီ သဘောကျလာသည်။

"မင်းက မေးခွန်းနှစ်ခုကို တစ်ပြိုင်နက် မေးတာကိုး"

"နောက်ထပ် မေးခွန်းတွေ ရှိနေသေးတယ်"

"ထားပါတော့၊ တို့ အိမ်မပြန်ချင်ရတာက မိဘနဲ့တို့ ခံယူချက်ခြင်း ကွဲလွဲနေလို့ပဲ၊ တို့ဝါသနာနဲ့ ခံယူချက်က အောင်မြင်ကျော်ကြားတဲ့ အဆိုတော်တစ်ဦး ဖြစ်ချင်တယ်"

"ဟင်း . . "

အုပ်စိုး အံ့ဩသွားလိမ့်မည်ဟု မြနဒီ ကြိုသိနေသည့်အတိုင်းပင် သူ အံ့ဩသွားပုံရသည်။

"ဘာလဲ တို့လို ဆံပင်ရှည်ရှည်နဲ့ ခပ်ရိုးရိုး ခပ်အေးအေးနေတတ်တဲ့ မိန်းမတစ်ယောက်ဆီက ဒီစကားဟာ ဘုန်းကြီးနဲ့ဘီးဖြစ်နေသလားစိုး"



www.burmeseclassic.com

www.burmeseclassic.com



"လုံး၀ ထင်ထားတဲ့စကား မဟုတ်လို့ပါ"

လူကြီးလူကောင်း ပုံစံမျိုး၀င်အောင် ကျင့်ကြံအားထုတ်နေပုံရသော အုပ်စိုးသည် သူမ၏ ဝါသနာကို နှစ်သက်နိုင်လိမ့်မည် မဟုတ်ဟု မြနဒီ သဘောပေါက်လိုက်ပါသည်။

"ဖေဖေနဲ့ မေမေက တို့ကို ကျောင်းဆရာမ လုပ်စေချင်တယ်"

"မမနဲ့ဆိုရင် အဖြူအစိမ်းလေးနဲ့ ဆံထုံးလေးနဲ့ သိပ်ကို ကျက်သရေရှိသွားနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်"

လူငယ်ဖြစ်သော်လည်း လူကြီးတွေး တွေးတတ်သော အုပ်စိုးကို မြနဒီ ပြုံးကြည့်လိုက်ပြီး

"အဖေတစ်ယောက် ထပ်တွေ့ပြန်ပြီ"

"ဟာဗျာ ကျွန်တော်က စေတနာနဲ့ပါ"

"ထားပါတော့လေ၊ ဝါသနာမပါတဲ့အလုပ်ကို တို့ မလုပ်ချင်ဘူး၊ တို့က စိတ်ရှည်တတ်သူ မဟုတ်ဘူး"

လောကနန္ဒာစေတီ ရင်ပြင်တော်ပေါ်သို့ ဦးခိုက်လာသော မြစ်ရေအေးအေးလေးက သူတို့၏ တဒင်္ဂအပူကို ငြိမ်းချမ်းစေသည်။

"စိုးက ငယ်ပေမယ့် တို့ထက်လိမ္မာတယ်"

"ဘာဖြစ်လို့လဲ"

"မိဘတွေရဲ့ ဆန္ဒကို မငြင်းဆန်ဘဲ သူတို့အလိုကျ ဆောင်ရွက်ပေးတယ်၊ ကိုယ့်ဆန္ဒပြည့်ဝဖို့အတွက် ဘုရားမှာပဲ လာရောက်ဆုတောင်းတယ်ဆိုတော့ လိမ္မာတာပေါ့၊ စိုးဆန္ဒတွေ ပြည့်ဝလိမ့်မယ်လို့ တို့ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ် ဆေးတက္ကသိုလ်အမှတ်ဟာ လေးရာခုနစ်ဆယ်အထက်မှာပဲရှိဖို့များ





တယ်၊ အောက်ကျဖို့ မရှိဖူးလို့ ကြားတာပဲ"

"မမကြားတဲ့သတင်း မှန်ပါစေဗျာ၊ လာဗျာ မမ၊ ရွှေဆံတော်ဘုရား သွားရအောင်၊ အဲဒီဘုရားကနေ နေဝင်တာ ထိုင်ကြည့်မယ်၊ တက်လို့ရတဲ့ဘုရားဆိုလို့ နှစ်ဆူပဲရှိတယ်၊ ရွှေဆံတော်မှာ ခုလောက်ဆိုရင် လူစည်ကားနေပြီ"

"ကောင်းပြီ . . ပုဂံရဲ့ အငွေ့အသက် ခံစားမှုမှာ တစ်မြို့လုံး စီးမြင်နိုင်ခြင်းဟာ ပိုပြီး ပြည့်စုံစေတဲ့ ခံစားမှုကို ပေးနိုင်တယ်လို့ ထင်တယ်"

ပျက်စီးမှာ စိုးသဖြင့် ပုဂံဘုရားပုထိုး စေတီများ၏ ပစ္စယံများအပေါ် တက်ခွင့်မရတော့ခြင်းကပင်လျှင် ယခင် လာရောက်ဖူးမျှော်စဉ်က ခံစားချက်နှင့် မတူတော့။ ပုဂံခေတ်၏ ဗိသုကာလက်ရာများ၏ အံ့ဩဖွယ်ရာကောင်းအောင် ပြောင်မြောက်မှု စိတ်ကူးဉာဏ် ကွန့်မြူးမှု အငွေ့အသက်များ နည်းပါးစွာသော တွေ့မြင်ရသကဲ့သို့ ရှိနေသည်။

"တို့ ဆယ်တန်းနှစ်က ပုဂံကိုရောက်တော့ ဆယ်တန်းအောင်ရင် သမိုင်းယူမယ်လို့တောင် ဆုံးဖြတ်မိအောင် ပုဂံခေတ်ယဉ်ကျေးမှု အနုပညာလက်ရာတွေက တို့ကို ဆွဲဆောင်နိုင်ခဲ့တယ်"

"ကျွန်တော်လဲ ဗိသုကာပဲယူမယ်၊ နောင် တစ်ချိန်ချိန်မှာ ပုဂံခေတ် လက်ရာတွေထက်သာတဲ့ ဗိသုကာလက်ရာတွေ မပေါ်ပေါက်ဖူးလို့ မမပြောနိုင်မလား"

"ဒါကတော့ . ."

လောကနန္ဒာ ကုန်မြင့်ခြေရင်း၏ ကားရပ်ထားရာ နေရာသို့ ရောက်လာကြသဖြင့် စကားစ ဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာလေးက အဆင်သင့် ဖြစ်နေပြီ။

"ကို ထွန်းထွန်းအောင်ရေ၊ ရွှေဆံတော်ဘုရား သွားချင်တယ်၊ လမ်းသင့်လား"

"ရပါတယ်၊ သင့်ပါတယ်"

စကားအပို မပြောတတ်ပဲ အေးအေးဆေးဆေးနေတတ်သော ကားဒရိုင်ဘာလေး ထွန်းထွန်းအောင်သည်လည်း အုပ်စိုးနှင့် ရွယ်တူသာ ဖြစ်နိုင်သည်ဟု မြနဒီ ခန့်မှန်းမိသည်။

"ထွန်းထွန်းအောင်"

"ဗျာ. ."

"ဒီကားက ကိုယ်ပိုင်လား၊ ငှားတာလား"

"ကျွန်တော့်အဖေကားပါ"

"ဩော် မင်းကော ကျောင်းနေတုန်းပဲလား"

"ကျွန်တော် ဆယ်တန်းအောင်ပြီးလို့ ဒီအက်(စ်)အေဝင်ခွင့် ဖြေထားပါတယ်"

"တယ်ဟုတ်ပါလား"

မြနဒီ ယနေ့လူငယ်များ၏ အချိန်အသုံးချမှု အနေအထားကို သုံးသပ်မိသည်။ မိမိတို့ထက် များစွာသာသည်။ ပျက်စီးသူ လူငယ်များလည်း ရှိသကဲ့သို့ အချိန်ရသရွေ့ ဝင်ငွေရှာရင်း ပညာသင်ယူနေသော လူငယ်များစွာလည်း ရှိလာသည်။

တစ်ယောက်ရှာဝင်ငွေနှင့် ဝမ်းမဝနိုင်သော ခေတ်ကာလကပဲ သူတို့အား သင်ကြားပေးလိုက်သည် ထင်ပါသည်။

"ကျွန်တော်လဲ အဘိုးအဘွားတွေပေးတဲ့ မုန့်ဖိုးနဲ့ ကားဝယ်ရောင်းလုပ်နေတယ်၊ ကိုထွန်းထွန်းအောင် ကိစ္စရှိလာခဲ့ အားမနာနဲ့"





ယနေ့ လူငယ်များ၏ ရင်းနှီးမှု ပွင့်လင်းမှုက နှစ်လိုဖွယ်ကောင်းသည်။

"ဟုတ်ကဲ့"

ရွှေဆံတော်ဘုရားဆီသို့ ရောက်လာသည်။ မတ်စောက်သော နတ်လှေကားများကြောင့် မြနဒီ မောဟိုက်သွားသည်။

ရေသန့်ပုလင်းမှရေကို ငုံ့သောက်လိုက်ပြီး အားမွေးလိုက်သည်။

"မတ်မတ်ကြီးပါလား၊ မမတက်နိုင်ပါ့မလား"

"ရပါတယ် မိုင်နာပါ"

နှစ်ဆယ်ကျော် အသက်အပိုင်းအခြားကတော့ အမောအပန်း အကြမ်းပတမ်း ဟူသမျှတို့သည် မိမိတို့နှင့် မသက်ဆိုင်သည့်အလား ရှိနေသည်။

ခပ်ဝဝ အသက်ကြီးကြီး မိန်းမကြီးများကတော့ လေးဘက်ထောက်လေသည်။ မြနဒီ ပြုံးလိုက်မိသည်။ နောက် အနှစ်နှစ်ဆယ်ဟူသော ကာလ၌ မိမိသည်လည်း. . .

ပစ္စယံအဆင့်ဆင့် နတ်လှေကားကို မော့အကြည့်၌. . .

"ဟာ. ."

ရင်တွင်းအာမေဍိတ်သံ မြည်ဟည်းသွားသည်။ နှုတ်ဖျားမှထင် အသံထွက်သွားလေသလား။ မသိလိုက်နိုင်၊ မိမိမျက်နှာကို ဘယ်ဆီ၌ ဖွက်ထားရမည်ကို ရှာဖွေ၍ မသိနိုင်အောင် ခံစားလိုက်ရသည်။

ပတ်ဝန်းကျင်၌လည်း ကားလေးငါးစီး၊ စက်ဘီးလေးငါးစီးခြင်းလည်း သုံးလေးစီးနှင့် ယောက်ျား၊ မိန်းမ၊ တလေး၊ လူငယ်၊



www.burmeseclassic.com

www.burmeseclassic.com

လူကြီး ဟူသော ဘုရားဖူးပရိသတ် စုံလင်နေကြသည်။

ဘုရားတက်သူ ပစ္စယံအဆင့်ဆင့်၌ ပုဂံမြို့ ရှုခင်းကို အနုလုံ ပဋိလုံ ရှုစားခံစားနေသူများလည်း ရှိနေကြသည်။

ဘုရားပစ္စယံ ထက်၌ရှိနေသော လူအပေါင်းတို့ကတော့ လှေကားမှ တက်လာသူထံ မျက်စိမရောက်နိုင်၊ ကမ္ဘာလှည့် ခရီးသည်၊ နိုင်ငံခြားသား ကားဆရာ၊ မြင်းလှည်းဆရာ အပါအဝင်၊ မြေပြင်ထက်၌ ရှိနေသော နပုလ္လိင်ကော ပုလ္လိင်တို့၏ မျက်ဝန်းဟူသမျှတို့သည် မတ်စောက်သော လှေကားထစ်ကို တက်နေသော မိနီစကပ်ဟု ခေါ်မည်လားဘာလား မိမိပင် မခွဲခြားနိုင်သည့် ပေါင်လည်အထိသာရှည်သော ခပ်တိုတိုကျပ်ကျပ်အပြင် နောက်၌ အခွဲတစ်ထွာတစ်မိုက်မျှ ပါသေးသည်ဖြစ်သော စကပ်ဝတ် မြန်မာအမျိုးသမီးလေးထံသို့သာလျှင် ရောက်ရှိနေကြသည်ဖြစ်ရာ အနှီမိန်းမကိုယ်စား မြန်မာလူမျိုးများကိုယ်စား၊ မိမိမျက်နှာထားစရာမရှိတော့၊ ရှက်စရာကောင်းလိုက်သည့် မြင်ကွင်း၊

"ဟင်း. ."

သက်ပြင်းတစ်ချက်ချကာ အရှက်တရားကို ထွက်ပေါက်ပေးလိုက်သည်။ ဟစ်အော်၍ တားဆီးရန်ကော. . .။

လှေကားပေါ်သို့ လိုက်တက်လိုက်သည်။ မြန်မာအမျိုးသမီးများကို အတုခိုးကာ ထဘီလိုက်ဝတ်နေသော နိုင်ငံခြားသားအမျိုးသမီးများ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို အထင်တကြီး လေ့လာနေကြသော နိုင်ငံခြားသားများအား မြနန္ဒီသည် မျက်နှာပူနေမိသည်။ ရှက်မိသည်။

အများဆုံး မြင်တွေ့ရသည့် ပုဂံရှုခင်းမှ ရင်မောစရာသည်





ထိုပြဿနာဖြစ်သည်။

"မမ"

"ဆို"

"ကျွန်တော်တော့ ပုဂံမှာ အရုပ်ဆိုးတဲ့မြင်ကွင်းတွေ တွေ့ရလိမ့်မယ်လို့ မထင်မှတ်ခဲ့ဘူး"

"အေးလေကွယ်"

မြနန္ဒီ အုပ်စိုး ဘာကိုဆိုလိုသည်ကို သိသည်။ သူ့မျက်နှာနီရဲနေခြင်းအားဖြင့် သူသည်လည်း စောစောက ပေါင်တိုစကပ်၏ လှေကားတက်မြင်ကွင်း၏ အရှက်နည်းမှုကို မြင်တွေ့ပြီး ဖြစ်လိမ့်မည်။

ထို့အပြင် ဘောင်းဘီ အတိုအရှည်များဖြင့် မြန်မာအမျိုးသမီးများကို မြင်တွေ့ရလေတိုင်း မြနန္ဒီ အော့နှလုံးနာမိသည်။

မြန်မာပြည်အတွက် ဂုဏ်ယူစရာ ရှေးဟောင်းယဉ်ကျေးမှု ဗိသုကာလက်ရာ အမွေအနှစ်များတည်ရှိရာ မြန်မာပြည်၏ ဘာသာရေး ယုံကြည်ချက် ခိုင်မာမှုဖြင့် မြန်မာလူမျိုးများ၏ သွေးစည်းညီညွတ်မှုကို ဖော်ဆောင်ရာ မြန်မာ့နှင့်ပုဂံ ခွဲခြားမအောင် ကမ္ဘာက အသိအမှတ်ပြု ခုလိုနေရာမျိုးတွင်မှ ယနေ့ မြန်မာလူမျိုးများ ရိုးရာယဉ်ကျေးမှုကို ပစ်ပယ်ပြီး နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးအတုခိုးကာ ဝတ်စားဆင်ယင်သုံးစွဲမှုအတွက် မြနန္ဒီ အော့နှလုံးနာလာသည်။

တစ်ဆက်တည်း အုပ်စိုးကို ကြည့်လိုက်သည်။ စပန့်သားဟုခေါ်သော ခပ်အေးအေးအသားဖြစ်သည့် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်ချောလုံချည်ဝတ်ထားသော အုပ်စိုး။ နောက် ထိုပုံစံအတိုင်း


www.burmeseclassic.com

www.burmeseclassic.com

ရှိသော ထွန်းထွန်းအောင် တော်သေးသည်။

ယနေ့ ခေတ်ကာလ၌ သူတို့လို လူငယ်တွေ အများကြီး ရှိဦးမှာပါ၊

"တလွဲဆံပင် ကောင်းနေကြတာ နိုင်ငံတော်ကလည်း မြန်မာ့ယဉ်ကျေးမှုအတွက် ဆောင်ရွက်နေပါပြီ။ ကျွန်တော်တို့လည်း ခေတ်ရေစီးကြောင်းပေါ်က လူငယ်ပဲ၊ ဒါပေမယ့် ပုဆိုးနဲ့ တိုက်ပုံကိုတော့ မြတ်နိုးတတ်ပါတယ်၊ ဘယ်တော့မှ မပစ်ပယ်ပါဘူး"

"သိပ်ကို မင်္ဂလာရှိတဲ့ စကားပါကွယ်၊ မင်းကိုတော့ တို့ချစ်သွားပြီ၊ အဲ. . ကြန်ကြန်မောင်ဟာ. . ဒီဒီမောင် ဖြစ်သွားပြီလို့ ကြန်ကြန်ကို ပြောပြရဦးမယ်"

မြနဒီက ဝမ်းသာအားရ ပြောလိုက်သည်။ မိမိစကား ရိုးသားခြင်းကို အုပ်စိုး နားလည်မှာပါ၊ အုပ်စိုးသည် စိတ်ပျော့ညံ့သော ယောက်ျားလေးတစ်ဦးမဟုတ်၊ ဘာသာရေး၌ သက်ဝင်ယုံကြည်မှုနှင့် နိုင်ငံကိုချစ်သော အမျိုးကိုချစ်သော လူငယ်လေးတစ်ဦးအဖြစ် သူ လေးစားသည်။

အုပ်စိုးက ပြုံးသည်။ ပုဂံမြို့၏ ရှုခင်းကို အပေါ်စီးမှ ကြည့်ရင်း မြန်မာပြည်၌ မြန်မာလူမျိုး ဖြစ်ရခြင်း အပေါ် ကျေနပ်လာမိသည်။

"မမ. ."

"ဘာလဲစိုး"

"ကျွန်တော်တော့ အိမ်ပြန်ရမှာ နှမြောသလိုပဲ"

"ဟုတ်တယ်၊ ပုဂံကို ထားရစ်ပြီး ပြန်ရမှာပို ကြိုလွမ်းနေသလိုပဲ ခံစားရတယ်"





"နောက်နှစ် လာဦးမှာလား"

မြနဒီ တွေဝေရသည်။ အုပ်စိုးက မြနဒီအား စူးစမ်းသော အကြည့်ဖြင့် ကြည့်သည်။

"နောက်နှစ်မှာ တို့ကိုယ်တို့ ပိုင်စိုးနိုင်ခြင်း ရှိမရှိကိုတော့ တို့ မပြောနိုင်သေးဘူးစိုး"

မြနဒီ၏ ရင်တွင်းဝေဒနာရပ်တို့သည် အုံကြွလာသည်။

"တို့ဘဝမှာလေ လွတ်လပ်ခြင်းဆိုတာ မရှိသလောက်ရှားခဲ့ပါတယ်"

မိမိထက် ငါးနှစ်မျှငယ်သော သူတစ်ဦးကို ယုံကြည်ကိုးစားစွာ ရင်ဖွင့်မိလုလု အခြေအနေကို မြနဒီ သတိရသွားပြီး ထိန်းသိမ်းလိုက်သည်။

"ထားပါတော့ ရတောင့်ရခဲ လွတ်လပ်မှုလေးမှာ တို့ ချမ်းမြေ့ချင်တယ် စိုး၊ နေဝင်သွားမှ တို့ပြန်မယ်"

တန့်ကြည့်တောင် အနီးသို့ ချဉ်းကပ်ကာ မေးတင်ရန် အားယူနေသော နေဝန်းနီ၏ ဥာဏ်များမှုကို မြနဒီ ငေးမောကြည့်လိုက်သည်။

နေဝန်းကွယ်ပျောက်ပြီး ပုဂံမြို့လေးမှာ မှောင်မိုက်သွားမှာ တိုပင် စိုးရိမ်သလိုလို ဘာလိုလို လွမ်းစိတ်က ပိုလာသည်။


သို့သော် ညဦးရောက်လျှင်လည်း လမင်းနှင့် ကြယ်တာရာ ကျန်သေးသည်ပဲ။ မြနဒီ စိတ်ထဲမှာတော့ တမြည့်မြည့်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ကိုအုပ်စိုးကို ဧည့်သည်တစ်ယောက် မေးနေတယ်"

မြနဒီသည် သော့လှမ်းယူရာမှ ကောင်တာမှ တာဝန်ခံကိုကျော်ဝင်းဆွေကို ကြည့်လိုက်သည်။

အုပ်စိုးက ကိုကျော်ဝင်းဆွေအား. . .

"ဘယ်သူလဲ အစ်ကိုသိသလား"

"သိပါတယ်၊ သူလည်း ဒီမှာတည်းမှာပဲ၊ သူ့အခန်းကို သွားတယ်၊ နားနေသလား ပြန်ထွက်လာမလားတော့ မသိဘူး၊ ကျွန်တော် ဖုန်းဆက်ပေးရမလား"

"ဘယ်သူလဲ"





"ဦးနေလင်းထက်"

"ဟင်. . . ."

အုပ်စိုးထံမှ အံ့ဩမှုမပြပဲ မြနဒီက အံ့ဩသွားရသည်။ အုပ်စိုးက မြနဒီအား လှမ်းကြည့်လိုက်သည်။

"မမက သိလို့လား"

"ကြားဖူးလို့ပါ၊ နာမည်တူ လူတူမရှား ဖြစ်မှာပါ၊ ကိုင်းတို့သွားတော့မယ်၊ မင်းဧည့်သည်ကို မင်းတွေ့လိုက်ဦးပေါ့"

မြနဒီ ချာခနဲ လှည့်ထွက်ပြီးမှ အုပ်စိုးနှင့် ဘယ်လိုပတ်သက်နေသလဲ သိချင်လာသည်။

"စိုး. ."

တယ်လီဖုန်းဆက်ရန် လက်လှမ်းလိုက်သော အုပ်စိုးသည် လက်ကိုရုပ်သိမ်းကာ သူမအား လှည့်ကြည့်လိုက်သည်။

"ဗျာ. ."

"မင်းနဲ့ ဦးနေလင်းထက်နဲ့ ဘာတော်သလဲ"

"ကျွန်တော့်ယောက်ဖအကြီးရဲ့ ညီပါ၊ ကျွန်တော်နဲ့က တင်းနစ်ကစားဘက် ဆိုပါတော့"

"ဩော်. ."

မြနဒီ မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ လှည့်ထွက်ခဲ့လိုက်သည်။ ရင်ထဲမှာ မကျေနပ်မှုများ လျှံတက်လာသည်။

ဤလူသည် ဘာကိစ္စ ပုဂံသို့ ရောက်လာရသနည်း။

သူ့ကိစ္စနှင့်သူ လာခြင်းလား၊ ဒါမှမဟုတ် မိမိအား ရှာဖွေခြင်းလား။

မြနဒီ အခန်းသို့ မပြန်ဘဲ မြင်းလှည်းဂိတ်ဘက်သို့ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်သည်။ မြင်းလှည်းတစ်စီးကိုငှားကာ. . .

"ဘယ်လဲ မိန်းကလေး"

"ပုဂံမြို့ရဲ့ လမ်းကောင်းကောင်း ဟူသမျှတို့ကို လျှောက်မောင်းပေးပါ"

"ဟေ. ."

"ကျွန်မ ပုဂံရဲ့ ညရှုခင်းကို ခံစားချင်လို့"

"ဩော်. . အင်း. . အင်း"


မြင်းလှည်းဆရာကြီးသည် မိမိအား ရူးသွပ်သွားပြီဟု ထင်ကောင်းထင်နေပေလိမ့်မည်။ မပြောတတ်၊ မြနန္ဒီစိတ်ထဲ သိပ်ကို မွန်းကျပ်နေလေပြီ။

ဤကဲ့သို့မှ ထွက်ပေါက်မပေးလျှင် မြနန္ဒီသည် တည်းခိုရာ သီရိပစ္စယာ၏ အိပ်ခန်းဝယ် သည်းသည်းထန်ထန် ငိုကြွေးနေလိမ့်မည် ဖြစ်သည်။

မြနန္ဒီ ငိုကြွေးခြင်းဖြင့် လောကကြီးကို အရှုံးမပေးချင်တော့။ မြနန္ဒီ ဝါသနာပါရာကို လုပ်ကိုင်ရင်း လောကကြီးကို အနိုင်ယူချင်သည်။ လောလောဆယ်တော့ မြနန္ဒီ တွေးတောငေးမောခြင်းဖြင့်သာ မြင်းခွာနှင့် ကတ္တရာလမ်းထိသံ "တခွပ်ခွပ်"ကို နားဆင်ရင်း. . .။







# အခန်း(၉)

"ဘယ့်နှယ်ဒီကား"

ကားတစ်စီး မြင်းလှည်းကို ဖြတ်ကျော်ပြီးမှ လမ်းလယ်ရပ်လိုက်သည်။ မြင်းလှည်းဆရာ မြင်းဇက်ကြိုးကိုဆွဲကာ ရပ်လိုက်သည်။ မြနန္ဒီက. . .

"ဘာဖြစ်တာလဲ"

မြနန္ဒီ စကားမဆုံးလိုက်ရ၊ ကားပေါ်မှ ဆင်းလာသူ နှစ်ဦးကြောင့် အဖြေက ရှင်းသွားသည်။ အုပ်စိုးနှင့် နေလင်းထင်. . .

"ဆရာကြီး စိတ်မရှိနဲ့နော်၊ ကျွန်တော့်ညီမလေး ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ လိုက်ရှာနေတာ၊ ခုမှပဲ စိတ်အေးရတော့တယ်၊ ကိုင်း မဒီ ဆင်းခဲ့တော့"

မြနဒီကို ဒီလိုလာအမိန့်ပေး၍ ရစတမ်းလား၊ ဦးနေလင်း ထက်ရယ်။

"အလကားပြောနေတာ ဦးလေး၊ ကျွန်မနဲ့ သူတို့နဲ့ ဘာမှ မတော်ဘူး၊ ကျွန်မ သူတို့နဲ့ ပြန်မလိုက်ဘူး၊ ကျွန်မကို သီရိပစ္စယာပဲ ပြန်ပို့တော့"

"မဒီရာ မင်းဟာ တော်တော် ဂုဏ်သိက္ခာမဲ့တဲ့ အပြုအမူ မျိုးတွေ လုပ်တတ်ပါလား"

"စိုး. . မင်းလူကြီး မင်းခေါ်သွားတော့၊ တို့ရဲ့ လွတ်လပ်မှု ကို မနှောင့်ယှက်ပါစေနဲ့"

နေလင်းထက်နှင့် စကားပြောလိုသောဆန္ဒ မြနဒီ၌ မရှိပါ၊ ထို့ကြောင့် အုပ်စိုးကိုသာလျှင် လှမ်းပြောလိုက်သည်။

မြင်းလှည်းမီးရောင်နှင့် လမ်းမီးရောင်အောက်၌ အုပ်စိုး၏ မျက်နှာသည် အနီရောင်ပြေးနေသည်ကို မြနဒီ စိတ်မကောင်းစွာ တွေ့လိုက်ရသည်။

"ကဲပါ ကိုနေရာ ကျွန်တော်တို့ သီရိပစ္စယာ ဧည့်ခန်းကပဲ ပြန်စောင့်ရအောင်ပါ"

မြနဒီလှည်းသည် ကွေ့ဝိုက်ကာ နောက်သို့လှည့်ပြန်ခဲ့ သည်။

"မိန်းကလေးက တစ်ယောက်တည်း လာတာလားကွယ်"

"ကျေးဇူးပြုပြီး ကျွန်မကို ဘာမှ မမေးမြန်းပါနဲ့"ဟု စိတ် တွင်းက ပြောလိုက်သော်လည်း ရိုးသားပွင့်လင်းတာ ဗမာဆန်သော





ဤဒေသမှ ရိုးသားသော မေးခွန်းကို မြနဒီ တုံ့ပြန်လိုက်သည်။

"စောစောကကလေးက ကျွန်မမောင်လေး သူနဲ့အတူလာ တာ၊ ဟိုလူကြီးက မောင်လေးမိတ်ဆွေ"

လိမ်ညာမှုတော့ မဟုတ်တန်ဘူး ထင်ပါသည်။ ဘုရားရှိ ခိုးတိုင်း ငါးပါးသီလ ခံယူခဲ့ရသမျှတို့သည် ကျိုးကုန်ပြီလား။

ကြန်ကြန်မောင်သည် ဒီဒီ၏ မောင်ဖြစ်သည်။ ဤအရာ သည် လိမ်ညာခြင်းမဟုတ်ဟု မြနဒီ ခံယူလိုက်သည်။ နေလင်း ထက်နှင့် မိမိသည် ဘာမှတော်စပ်ခြင်းမရှိသော သူစိမ်းသာဖြစ် သည်။

သို့သော် မြနဒီအား လက်ထပ်ချင်ပါသည်ဟု မိဘများမှ တစ်ဆင့် ကမ်းလှမ်းလာသော ထိုလူအား မြနဒီ မုန်းတီးသွားခဲ့ သည်။

မြနဒီ၏ လွတ်လပ်ခြင်းကို လက်ထပ်ခြင်းဟူသော အ နှောင် အဖွဲ့ဖြင့် ကြိုးပမ်းသူကို မြနဒီ မုန်းသည်။

မြနဒီ၏ ဝါသနာအတွက် မိဘများထံ၌ ဆန္ဒအမျိုးမျိုးပြ ကာ ကြိုးပမ်းနေရသည့် ကာလ၌ နေလင်းထက်ကြောင့် မြနဒီ အဝပျက်ရတော့မည်လား။

သီရိပစ္စယာ ဟိုတယ်အထိ မြင်းလှည်းဝင်ခွင့်မရသဖြင့် မြနဒီ လျှောက်လာခဲ့သည်။ မြနဒီအား စောင့်ဆိုင်းနေသူ တစ်ဦးကို သာလျှင် မြနဒီ တွေ့လိုက်ရသဖြင့် ရင်ထဲ နင့်ခနဲ နာကျင်သွားသည်။

အုပ်စိုးသည် လူကြီးလူကောင်းတစ်ဦး၏ ဟန်ပန်မျိုးဖြင့် မိမိတို့အား သိတတ်နားလည်စွာ ရှောင်ပေးခြင်းဖြစ်ကြောင်း မြနဒီ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မဒီ၊ ခင်ဗျားဟာ မိဘကို ဒုက္ခပေးဖို့ မွေးဖွားလာတဲ့ မိန်းမအဖြစ်ကို ခံယူချင်တယ်လား"

"ကျွန်မ မဒီမဟုတ်ဘူး၊ မြနဒီပါ၊ ကျွန်မမှာ ရှင်နဲ့ စကားပြောလိုတဲ့ ဆန္ဒ မရှိတဲ့အတွက် ဝမ်းနည်းပါတယ်"

"ကောင်းပြီ ခင်ဗျား ဆန္ဒမရှိရင် ကျုပ်ကလဲ ဇွတ်မတောင်းဆိုပါဘူး၊ ဒါပေမယ့် သတင်းတစ်ခုတော့ ပေးပါရစေ"

မြနဒီ နေလင်းထက်အား မော့ကြည့်လိုက်သည်။ သူ၏ ထုံးစံအတိုင်း အထက်စီးဆန်သော အကြည့်စိမ်းနှင့် ခပ်တည်တည်ကြည့်ကာ

"ခင်ဗျားမိခင် ဒေါ်မြနှင်းကို ဆေးရုံတင်ထားရတယ်"

"ရှင် မဖြစ်နိုင်တာ"

မိခင်၌ ဘာရောဂါ ဝေဒနာမှ မရှိခြင်းကို မြနဒီ ကောင်းစွာ သိပါသည်။

"ကျုပ် မလိမ်တတ်ဘူး၊ ရောဂါက စိတ်ထောင်းကိုယ်ကြေပြီး အိပ်ရာထဲ ဘုန်းဘုန်းလဲတဲ့ ရောဂါလို့ပဲ ပြောလို့ရတယ်၊ ဒါကို ကျုပ်ထက် ခင်ဗျား အသိဆုံး နေမှာပါ"

မြနဒီ သွေးခုန်နှုန်း မြန်လာသည်။ စိတ်ပျက်စွာဖြင့် သူ့အား ထပ်မံကြည့်လိုက်သည်။ အကြည့်ချင်း ဆုံမိကြသည်။

ရိုးသားခြင်းမရှိသော ရှစ်စပ်က ဂျင်ခြေလည်သည့် လူစား၏ မျက်ဝန်း၌ ထီမတင်သောအရိပ်၊ မာနအရိပ်၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသည့် အရိပ်များကို တွေ့လိုက်ရသည်။

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး၊ ခရီးသွားဟန်လွဲ ကြုံတွေ့မှုမှာ သတင်းပေး





တာပဲ၊ ကျုပ်ကို ခွင့်ပြုဦး"

မိမိက ဦးဆောင်သူ ရှေ့မှ မထွက်ခင် သူက မိမိရှေ့မှ ဦးအောင် ထွက်သွားဟန်ပြင်သည်။

မရ။ ဒါမျိုး မြနဒီအတွက် မရချေ။

"ဒီမှာ ဦးနေလင်းထက်"

သူ၏ခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားသည်။

သို့သော် မြနဒီထံသို့ ပြန်လှည့်မလာချေ။

"ရှင်နဲ့ကျွန်မ ဆွေးနွေးစရာတွေ ရှိသေးတယ်"

"ဒီညအတွက်တော့ ဆောရီးပဲ၊ ကျုပ် အနားမယူရသေးဘူး၊ နားလိုက်ဦးမယ်"

နောက်သို့ ငဲ့စောင်းကြည့်ကာပြောပြီး သူ၏ အဆောင်ဘက်သို့ လျှောက်သွားလေသည်။


မြနဒီ၏ ခန္ဓာကိုယ် ကျောက်ဆစ်ရုပ် ဖြစ်ကျန်ခဲ့သည်။ သို့သော် ရင်ထဲမှာတော့ ဒေါသလှိုင်းက ခက်ထန်စွာရိုက်ခတ်လျက်ရှိနေသည်။ တစ်ဆက်တည်း မိခင်ကို သတိရလာသောအခါ ရင်မှာ ဆို့နစ်သွားပြီး အဆောင်ရှိရာသို့ ခပ်သွက်သွက် လှမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

အိပ်ရာပေါ် သို့ ပြစ်လှဲချလိုက်သည်။ လေအေးစက်၏ အ
အေးဓါတ်သည် မြနန္ဒီ၏ အပူကို မငြိမ်းအေးစေနိုင်။

"ဒေါက်. . ဒေါက်"

မြနန္ဒီ ထလိုက်သည်။ တံခါးကို ဟအကြည့်၌ ဟိုတယ်ဝန်
ထမ်းတစ်ဦးနှင့် အုပ်စိုး။

"မမနဲ့ ကျွန်တော် စကားပြောချင်တယ်၊ ပါလာကို ခဏ
ကြွပါ"

"ကောင်းပြီ"





ဝန်ထမ်းကတော့ ထွက်သွားသည်။ စည်းကမ်းရှိသော အုပ်စိုး၏ စိတ်ဓါတ်ကို မြနန္ဒီ လေးစားပါသည်။

ပါလာခန်းရှိ ကြိမ်ခုံလေးများ၌ ထိုင်လိုက်မိသည်။

"မမ ညစာထမင်း စားပြီးပြီလား"

မြနန္ဒီ ခေါင်းခါလိုက်သည်။

"ထင်သားပဲ ဒါကြောင့် ကျွန်တော် ဟန်ဘက်ကာနဲ့ ပေါ့တာ မှာလိုက်တယ်"

"ကျေးဇူးပဲ စိုး၊ တို့ သိပ်တွေသွားတယ်"

"ဖြစ်တတ်ပါတယ်လေ၊ ကျွန်တော် ဘာအကူအညီပေး ရမလဲ"

"မနက်ဖြန် လေယာဉ်လက်မှတ် ရနိုင်မလား၊ ရရင် တို့ ပြန်ချင်တယ်၊ နောက်ပြီး အိမ်ကို ဖုန်းဆက်ချင်တယ်"

"ရသားပဲ ခု သွားဆက်မလား"

"နေပါစေ တို့စိတ်တွေ နည်းနည်းငြိမ်သွားတော့မှ"

"ဒါဖြင့် စားပြီးမှ သွားတာပေါ့"

မြနန္ဒီသည် ညီမဖြစ်သွားပြီး အုပ်စိုးသည် အစ်ကိုကြီး ဖြစ်သွားပြီဟု မြနန္ဒီ ယူဆလိုက်သည်။ မိမိကိုယ်မိမိ ရှက်လာသည်။ လူငယ်တွေလောက်မှ ရင့်ကျက်မှုမရှိသော မိန်းမတစ်ယောက်ပါလား။

"မမ"

"ပြောစိုး"

"ကျွန်တော့်မှာ ဘာမှပြောစရာ မရှိပါဘူး၊ ဒါပေမယ့် မမမှာ ပြောစရာတွေ အများကြီးရှိလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်

www.burmeseclassic.com



နားထောင်ချင်တယ်၊ နားထောင်ပေးမယ်၊ ပြီးတော့ မျှယူခံစားပေးမယ်၊ ဒီလိုဆိုရင် မမရင်ထဲက ဝေဒနာတွေ လျော့ပါးသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်”

“ကျေးဇူးပဲစိုး၊ မင်းပေးတဲ့အကြံကို တို့ လက်ခံတယ်”


မြနန္ဒီက ဘယ်ကစပြောရမည်ကို မသိအောင် ဖြစ်နေသည်။

ထနောင်းပင်အိုကြီးထက်၌ ရှဉ့်ကလေးများ ဆော့ပြေးမှုကို လမ်းမီးရောင် အဆောင်မီးရောင်များဖြင့် မြင်တွေ့လိုက်ရသည်။ သူတို့လေးတွေကတော့ အပူအပင် ကင်းမဲ့လွန်းသည်။

မြနန္ဒီမှာ ငယ်စဉ်ကတည်းက အချုပ်အချယ်နှင့်. . .







# အခန်း(၁၁)

“သမီးလေး လာစမ်း”

“ရှင် ဖေဖေ”

သမီးလေးဟု ခေါ်တတ်သော်လည်း မြနန္ဒီအပေါ် အလိုမကျတတ်သော မိဘနှစ်ပါးကို မြနန္ဒီ နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

“ကျောင်းကပွဲမှာ သီချင်းဆိုမယ်လို့ စာရင်းပေးခဲ့တယ်ဆို”

“ဟုတ်ကဲ့ ဖေဖေ”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ ဒေါသတကြီး မျက်နှာကို မြနဒီ ထိတ်လန့်တကြား ကြည့်လိုက်မိသည်။ ဖခင် ဒေါသထွက်အောင် မိမိဘာပြစ်မှုများ ကျူးလွန်ခဲ့ပါလိမ့်ဟု စဉ်းစားမရနိုင်အောင် ဖြစ်ခဲ့သည်။

"သမီးလေးကို ဘယ်သူက ဆိုခိုင်းလို့လဲ ပြောစမ်း"

"ဟို. . ဟို ဆရာမက"

"ဆရာမ ဘယ်ဆရာမလဲ၊ အတန်းပိုင်လား၊ နာမည် ဘယ်သူလဲ ပြောစမ်း"

"မဟုတ်ပါဘူး၊ ဆရာမက ဆိုချင်တဲ့လူ ထဆိုလို့ သမီးက ထလိုက်တာပါ"

ဖခင်က သက်ပြင်းချလိုက်ပြီး

"ဪ သမီးလေးရယ်၊ ဖေဖေတို့ကို မေးပြီးမှ ပြောရမယ်လို့ မှာထားသားနဲ့ မနက်ဖြန် ဆရာမကို ပြောလိုက် သမီး မဆိုနိုင်တဲ့အကြောင်း အကယ်၍များ ဆရာမက မရဘူးဆိုရင် နောက်နေ့ ဖေဖေကိုယ်တိုင် ကျောင်းအုပ်ဆီလိုက်ပြီး ဆွေးနွေးမယ်၊ နောက်ဆုံး ကျောင်းအုပ်ဆီအထိ ဖေဖေသွားမယ် သမီး"

မြနဒီ ခေါင်းညိတ်လိုက်သည်။ တစ်ဆက်တည်း မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျလာသည်။

"တိတ်စမ်းသမီး ငိုတာဖေဖေ မကြိုက်ဘူး၊ သမီးလေးကို ဖေဖေက ရိုက်လို့လား၊ သမီးလေး ဘဝအတွက် အကောင်းဆုံး ဖြစ်အောင် လမ်းညွှန်ပေးတဲ့နေရာမှာ သမီးလေးဟာ လိမ္မာစွာနဲ့ မိဘစကားကို အမြဲနားထောင်နေရမယ်၊ ကြားလား. . သမီး"

ဖခင်နှင့်အတူ ယှဉ်တွဲထိုင်နေသော မိခင်သည် စကားတစ်ခွန်းမှ ဝင်မပြော၊ ခင်ပွန်း၏ ဆန္ဒသည် သူမ၏ ဆန္ဒဖြစ်သည်ဟု





ယူထားပုံရသော မိခင်အား စစ်ကူတောင်းသော မျက်လုံးဖြင့် ကြည့်လိုက်ပါသော်လည်း မိခင်က မြနဒီနှင့် မျက်ဝန်းခြင်း ရင်မဆိုင်ဘဲ ရှောင်လွှဲသွားသည်။

မြနဒီ အိပ်ခန်းထဲ ပြေးဝင်ခဲ့လိုက်သည်။ မြနဒီ၏ အိပ်ခန်းဝယ် သံစုံမြည်သော နာရီကလေး တေးဆိုတတ်သော ငှက်ရုပ်ကလေးနှင့် ငိုတတ်သော ပိုလ်မရုပ်ကလေးတို့က ဆီးကြိုနေသည်။


ငှက်ရုပ်ကလေးလိုတောင် မြနဒီသည် လွတ်လပ်စွာ တေးဆိုခွင့် မရသော ဘဝပါလား။

နေပါစေဦး တက္ကသိုလ်ရောက်မှ အနုပညာအသင်း ဝင်ဝစ်လိုက်မည်ဟု တေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

တက္ကသိုလ်ကျောင်းသူ ဖြစ်လာသည့်တိုင်အောင် မြနန္ဒီသည် မိဘများအတွက် မူကြိုကလေးတစ်ဦးသဖွယ် ဖြစ်နေရဆဲပင်။

မှန်းချက်နှင့် နှမ်းထွက်မကိုက်သော မြနန္ဒီအတွက် ခိုးကြောင်ခိုးဝှက် ဂီတာသင်သည်။ ခိုးကြောင်ခိုးဝှက် ရည်းစားထားသည်။ ဤအကြောင်းကိုသိလျှင် မိဘများ ဒေါသမီး ဟုန်းဟုန်းတောက်သွားနိုင်သည်။

မည်သို့ဖြစ်စေ ဒရိုင်ဘာဦးသာမောင်သည် မြနန္ဒီ၏ လူယုံတော် ဖြစ်လာသည်။ အိမ်တွင်းပုန်းဖြစ်သော မိခင်ကြောင့် မြနန္ဒီ၏





မိခင်သည် ဒရိုင်ဘာနှင့်အတူ မြနန္ဒီ သွားလေရာသို့ မလိုက်တတ်ပေ။ မြနန္ဒီ ဒုတိယနှစ်၌ ဩစတေးလျသို့ အလုပ်သွားလုပ်သောဖခင်ကြောင့် မြနန္ဒီ လွတ်လပ်လာသည်။ လွတ်လပ်မှုကို အပြည့်အဝ အသုံးချသည်။

ရန်ကုန်တက္ကသိုလ်၏ ဖျော်ဖြေပွဲများတွင် မြနန္ဒီသည် ထင်ရှားသော ကျောင်းသူအဆိုတော် ဖြစ်ခဲ့သည်။ သူငယ်ချင်းများ၏ မွေးနေ့ပွဲများ၌ သီချင်းဖြင့် ဖျော်ဖြေပေးတတ်သည်။ ထိုစဉ်က မြနန္ဒီ ပျော်လိုက်သည့်ဖြစ်ခြင်း။

ကျောင်းပြီးတော့ မြနန္ဒီသည် ဝိုင်းကျူရှင်ဟု မိခင်ကို လိမ်ညာကာ စားတော်ဆက်တစ်ခု၏ အဆိုတော်တစ်ဦး ဖြစ်ခဲ့သည်။

အမည်ကို “မဒီ”ဟု ပေးခဲ့သည်။ ဒရိုင်ဘာ ဦးသာမောင်သည် မဒီ၏ ကိုယ်ရံတော် လူယုံကြီး ဖြစ်ခဲ့သည်။

တစ်နေ့ ကံဆိုးမိုးမှောင် ကျခဲ့သည်။

“မဒီ”ဟူသော စားတော်ဆက်၏ သီချင်းသည်မလေးအား ချစ်စိကျသွားသူ နေလင်းထက်ဟူသော စီးပွားရေး ငွေရှင်သူဌေးတစ်ဦးက မဒီ၏ လိပ်စာကို စုံစမ်းလာသည်။

ထိုစဉ် ဖခင်ကလည်း မြန်မာပြည်သို့ ပြန်ရောက်လာသည်။ မဒီ အနေမချောင်တော့၊ ပင်တိုင်အဆိုတော် မလုပ်တော့ဘဲ သစ်လျှင် လစ်သကဲ့သို့သာ အိမ်မှထွက်၍ ညသည်အဆိုတော် လုပ်သည်။

မဒီ ရုပ်၊ ခန္ဓာ၊ အသံ အလှတို့သည် ပုရိသယောကျ်ားများ၏ နှလုံးအိမ်ကို ညွတ်နူးသွားစေသော ဆွဲဆောင်မှုအပြည့် ရှိခဲ့သည်။ တစ်နေ့ ကံဆိုးမိုးမှောင်ကျသည်။ ဖခင်လစ်ပြီးအထင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခဲ့ပြီး ဧည့်အဆိုတော်အဖြစ် ဝင်ဆိုသော စားတော်ဆက်တစ်ခု၌ ဖခင်သည် နိုင်ငံခြား ဧည့်သည်များအား ညစာကျွေးမွေးဧည့်ခံခြင်းနှင့် ကြုံကြိုက်မိသည်။

ထိုအချိန်က ဖခင်က လူကြီးလူကောင်းပီသစွာ ဟန်ဆောင်နေခဲ့သော်လည်း မြနဒီ ဖခင်ကို မြင်လိုက်ရသဖြင့် သီချင်းတစ်ပုဒ်ဆိုအပြီး အိမ်သို့ ပြန်ပြေးခဲ့သည်။

ထိုည၌ ဖခင်ထံမှ ဒေါသနှင့် တစ်ချက်လွှတ် အမိန့်တစ်ခု ထုတ်ပြန်လိုက်သည်။

မြနဒီအား နေလင်းထက်နှင့် လွှက်ထပ်ပေးရန်၊ လက်မထပ်မီ ကာလအထိ အိမ်ထဲမှ အိမ်ပြင် မထွက်ရန်နှင့် ဦးသာမောင်အား အလုပ်မှ ထုတ်ပယ်လိုက်ခြင်းတို့ ဖြစ်သည်။

ရိုက်သည်ထက်နာသော အပြစ်များကို မြနဒီ ရရှိခဲ့လေသည်။

နေလင်းထက်နှင့် ဓာစပ်ရန် ဝတ်စုံများ ဝယ်ယူခွင့်ရသည့် မြနဒီအတွက် အခွင့်သာသည်။ လေယာဉ်လက်မှတ်ဝယ်ခြင်းနှင့် လေးဘီးမောင်နေသော ဦးသာမောင်၏ အကူအညီဖြင့် မည်သူမှ မနိုးခင် လေဆိပ်သို့ ထွက်လာနိုင်ခြင်းတို့ကို ချောချောမွေ့မွေ့ လုပ်ဆောင်နိုင်ခဲ့လေသည်။

မြနဒီအား အမွေပြတ် ကြေညာခြင်းကို မြနဒီ စောင့်မျှော်သည်။ သတင်းစာ၌ မတွေ့ရသေး။

မြနဒီ ခိုင်ဇာ၏ အကူအညီဖြင့် မန္တလေးတက်ကာ စားတော်ဆက်များ၌ အဆိုတော်လုပ်မည်၊ ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် အနုပညာလောက၌ ကျော်ကြားသော အဆိုတော်အဖြစ် ကြိုးပမ်း





ရန် ရည်ရွယ်ချက်တို့သည် သဲထဲရေသွန် ဖြစ်ရတော့မည်လား. . ။

မြနဒီ သက်ပြင်းချလိုက်သည်။ တစ်ဆက်တည်း သက်ပြင်းသံ ခပ်တိုးတိုးကိုပါ ကြားလိုက်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

အုပ်စိုးက လူကြီးတစ်ဦးသဖွယ် သက်ပြင်းချလိုက်ပြီး. .

"မမ မိဘတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီး ဂီတစာဆိုတစ်ဦးနဲ့ စီးရီးတစ်ခွေလောက် ထုတ်ကြည့်ဖို့ကော မကြိုးစားဘူးလား"

"ဪ စိုးရယ်၊ သီချင်းဆိုတာ လုံးဝ ခွင့်မပြုပါဘူးဆိုမှ"

မြနန္ဒီသည် အုပ်စိုးကို ဖွင့်ဟရကျိုးနပ်နိုင်သည်ဟု တွက်ဆပြီးသားဖြစ်သည်။ လူငယ်ဖော်လည်း သူ၏အတွေးကား မသေးလှချေ။

"ဒီလိုဆိုရင် သူတို့မှာ အကြောင်းတစ်ခုခု ရှိနိုင်လိမ့်မယ်ထင်တယ်၊ အဲဒီအကြောင်း မမသိလား"





"သိတာပေါ့ကွယ် မမဟာ ဖေဖေနဲ့ မေမေရဲ့ သမီးအရင်းမှ မဟုတ်ဘဲ"

"ဟင်. ."

"ဟုတ်တယ်၊ ဖေဖေ့ညီမ ဒေါ်မြလေးဇင်ရဲ့ သမီးပါ။ ဒေါ်မြလေးဇင်ဟာ စာပေဂီတကို ဝါသနာပါလို့ အိမ်မှာ စန္ဒယားဆရာနဲ့ ခေါ်သင်ပေးရာက စန္ဒယားဆရာနဲ့ လိုက်ပြေးသွားတယ်၊ အဲဒီ စန္ဒယားဆရာဟာ အရက်ကျေးကျွန်တစ်ဦးပဲ၊ ဒေါ်မြလေးဇင် ကိုယ်ဝန်နဲ့မှာပဲ ခင်ပွန်းဟာ အရက်မူးလွန်ပြီး ကားတိုက် သေဆုံးသွားတယ်၊ အဲဒီမှာ ဖေဖေဟာ ညီမကို အိမ်ပြန်ခေါ်ပြီး ကလေးမွေးစေခဲ့တယ်၊ မီးတွင်းမှာပဲ မမကိုမွေးပြီး ဆုံးသွားတယ်တဲ့"

မိဘနှစ်ပါး၏ အဖြစ်အပျက်ကို မြနန္ဒီ အိပ်ရာဝင်ပုံပြင် တစ်ပုဒ်နှယ် ပြောပြလိုက်သည်။ ဤသည်ကို အုပ်စိုးက အံ့အားသင့်နေပုံရသည်။

"မမ"

"ဘာလဲစိုး"

"မမမှာ ဘာခံစားချက်မှ မရှိဘူးလား"

"ဘာအတွက်လဲ"

"မိရင်းဖရင်းတွေအတွက်"

မမ· မမွေးခင်က အဖြစ်အပျက် တစ်ခုအတွက် မမ မခံစားတတ်တာ အမှန်ပဲ၊ ဒီအကြောင်းတွေကို မမ အသက် ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ဖေဖေက ဖွင့်ပြောပြတယ်၊ ဂီတနဲ့ပတ်သက်ပြီး မမကို ဒေါ်မြလေးဇင်လို မဖြစ်စေချင်ဘူး၊ ဘာဆိုင်လို့လဲ စိုးရယ်၊ အခြေအနေမပေးသေးလို့ ဒေါ်မြလေးဇင် စင်ပေါ် မရောက်ခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ခု အခြေအနေတွေ ပေးနေပြီ။ ငွေရှိတယ်၊ ဝါသနာပါတယ်ဆိုရင် စီးရီးထုတ်လို့ရပြီ။ ဒါပေမယ့် မမမှာ ကိုယ်ပိုင်ငွေ မရှိဘူး၊ ဒါကြောင့် မမ ရက်စ်တောရင့်တွေမှာ လိုက်ဆိုပြီး ငွေစုတာ၊ မမဝါသနာပါတဲ့အလုပ်ကို မလုပ်ရဘဲ အဲ အောင်မြင်မှုမရဘဲ မမဘဝကြီးကို အိမ်ထောင်တစ်ခုမှာ မမ မနှစ်သက်တဲ့ လူတစ်ယောက်အတွက် အသုံးချခံအဖြစ်နဲ့ နေပေးရမှာတဲ့လား၊ အဓိပ္ပါယ်မရှိဘူး၊ ဒါကြောင့် မမမိဘတွေကို ဆန့်ကျင်ပစ်လိုက်တာ"

မြနန္ဒီ ရင်နာဆို့နစ်လာသည်။ ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်တဖျတ်ဖျတ်ခတ်ပြီး သိမ်းဆည်းလိုက်သည်။ မျက်ရည်ကျခြင်းဖြင့် လောကကြီးကို အရှုံးမပေးချင်ပါ။

"မမရာ ကျွန်တော် မမကို အကူအညီပေးချင်လိုက်တာလို့ ပြောရင် မမ့အပေါ် စော်ကားရာများ ရောက်သွားမလား"

"ဟုတ်တယ်၊ တို့ ဘယ်သူ့အကူအညီမှ မလိုတော့ဘူး၊ မိဘတွေရဲ့ ခွင့်ပြုချက်ပဲ လိုတော့တာ၊ စိုးရဲ့ စေတနာကို တို့ အသိအမှတ်ပြုပါတယ်၊ ကြန်ကြန်လဲ တို့အပေါ် ဒီလိုပဲ ပြောဖူးပါတယ်လေ၊ မင်းစကားဟာ တို့ကို စော်ကားရာရောက်တယ်လို့ တို့ မယူဆပါဘူး၊ ဒါထက် မင်းကို မေးရဦးမယ်စိုး"

ထိုအချိန် ဟိုတယ်အလုပ်ဝန်ထမ်းတစ်ဦးက အုပ်စိုးမှာထားသော စားသောက်စရာများကို လင်ဗန်းတစ်ခုဖြင့် ထည့်ကာလာပို့သဖြင့် စကားစ ပြတ်သွားသည်။ ထိုသူပြန်ထွက်သွားမှ မြနန္ဒီက

"ဦးနေလင်းထက်ကို မင်း ဘယ်လိုမြင်သလဲ စိုး"

အုပ်စိုးမျက်နှာ မသိမသာ ပျက်သွားသည်။ သို့သော် ချက်





ချင်းပင် အပြုံးတစ်ခုကို ဖန်ဆင်းလိုက်ပြီးမှ

"ဘာကိုလဲ မမ သူ့စိတ်ဓါတ်လား၊ အကျင့်စရိုက်လား၊ စီးပွားရေး အနေအထားလား"

"မင်းသိသလောက်သာ ပြော"

"ပြောမယ် စားလဲစားလိုက်ပါဦး"

"အေးပါကွာ၊ မင်းလဲ စားလေ"

ဘာပဲဖြစ်ဖြစ် မြနန္ဒီအတွက်တော့ ဝေဒနာကို မျှဝေခွင့်ရသွားသဖြင့် အတန်ငယ် စိတ်သက်သာရာ ရသွားသည်။

"ကျွန်တော် ဗိုက်ဆာနေတာ၊ ညနေစာစားဖို့ထွက်တော့ မမမရှိတာနဲ့ ပြာသွားတာပဲ၊ ကိုနေကလဲ ကျွန်တော်ရှာတာ သိသွားပြီး သူ့ကားနဲ့ လိုက်ပို့ပေးတာ"

"မေမေ နေမကောင်းဘူးဆိုတာ တကယ်ဖြစ်နိုင်သလား စိုး"

"ကိုနေ ညာတတ်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး"

"ဒီလိုဆိုရင် တို့ အမြန်ပြန်မှ ဖြစ်လိမ့်မယ်၊ လေယာဉ်လက်မှတ် မနက်ဖြန်ရနိုင်မလား"

"ကြိုးစားကြည့်တာပေါ့၊ မရဘူးဆိုရင်တော့ ကျွန်တော် အကြံပေးချင်တယ်"

"ဆိုပါဦး"

"မနက်ဖြန်ညနေမှာ ကိုနေပြန်လိမ့်မယ်၊ သူ့ကားနဲ့ လိုက်သွားရင် အဆင်ပြေနိုင်တယ်"

မြနန္ဒီ အုပ်စိုးမျက်ဝန်းကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူဝမ်းထဲပါ၍ ပြောသောစကားလား၊ ဟန်ဆောင်ပြောသောစကား



www.burmeseclassic.com

www.burmeseclassic.com



လား၊ မြနဒီ တွေဝေရသည်။

"စိုး. ."

အုပ်စိုးက အကြည့်ဖြင့်သာ တုံ့ပြန်လိုက်သည်။ လူငယ်ပေမယ့် အထင်သေး၍မရ၊ အမှားအမှန်ကို မိမိထက်ပို၍ ဝေဖန်ပိုင်းခြားနိုင်သည်။

"တို့ပြန်ရင် မင်းလဲလိုက်မှာလား"

"ကျွန်တော် ဆန်းဒေးမှ ပြန်ဖို့အတွက် ဆုံးဖြတ်ပြီးသားပဲ၊ ကျွန်တော့်အတွက် အရေးတကြီးကိစ္စ မရှိဘူးဆိုတော့ ဆုံးဖြတ်ရက်မှပဲ ပြန်မယ်"

"တစ်ခါတလေမှ ရောက်ရတဲ့ဒေသမှာ ကျွန်တော် ပြည့်ပြည့်ဝဝ ခံစားလေ့လာချင်သေးတယ်"

မြနဒီ သက်ပြင်းသူခိုးလေး ချလိုက်သည်။

"ကောင်းပြီလေ လေယာဉ်ရုံးမှာ မေတ္တာရပ်ခံကြည့်ရမှာပဲ၊ မရရင်တော့ မင်းပေးတဲ့ အကြံအတိုင်း တို့ လက်ခံရမှာပေါ့လေ၊ ဒါပေမယ့် ဟိုလူကြီးနဲ့တို့နဲ့ နှစ်ယောက်ထဲထက် မင်းပါမယ်ဆိုရင် ပိုပြီး သင့်တော်မလားလို့"

"နှစ်ယောက်တည်း မဟုတ်ပါဘူး၊ သူ့ ဒရိုင်ဘာပါတယ်၊ နောက်ပြီး ကိုနေဟာ မကြာခင် မမရဲ့ခင်ပွန်း ဖြစ်တော့မယ့် လူတစ်ယောက်ပဲ မမရယ်"

"စိုးထင်သလား"

"အတတ်ပြောနိုင်ပါတယ်"

"အုပ်စိုးရယ် မင်းနှလုံးသားကို မင်းအရွယ်ကလေးနဲ့ မင်းထိန်းချုပ်နိုင်တယ်နော်၊ တို့ဟာ ဆန္ဒကို ဦးစားပေးသူအဖြစ် သိပ်





ခိုက်မဲရာ ရောက်နေပြီလား"

ဟူသောအတွေးဖြင့် မြနဒီ ငေးငိုင်သွားရသည်။ မိဘ အတွက်ကော သမီးမိုက် ဖြစ်နေပြီလား မိဘအတွက် မြနဒီ ဘာလုပ်ပေးခဲ့ပြီလဲ၊ မြနဒီ မောဟိုက်သွားသည်။

"ဩော် မမကို ကျွန်တော် ကိုနေအကြောင်း ပြောဖို့မေ့နေတာ ပြောရဦးမယ်"

"နေပါစေတော့ သူ့အကြောင်းဟာ တို့ဘဝအတွက် အရေးတကြီး ကြားချင်နေတဲ့ အကြောင်းအရာ မဟုတ်ဘူး၊ ဖုန်းသွားဆက်ရအောင်"

"အိုကေ"

အုပ်စိုးက သွက်လက်စွာပင်ထပြီး ဟိုတယ်အလုပ်သမားဝန်ထမ်းအား လှမ်းခေါ်ကာ စားသောက်စရာ တန်ဖိုးရှင်းပြီး မြနဒီကို ဦးဆောင်ခေါ်ဆောင်ခဲ့လေသည်။

ဘယ်အချိန်ကြည့်ကြည့် တက်ကြွလန်းဆန်းနေတတ်သော အုပ်စိုးကို သဘောကျစွာကြည့်ရင်း စကားတပြောပြောဖြင့် သီရိဧည့်ခန်းသို့ လျှောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၄)

"ဟဲလို"

ဖခင်အသံ ကြားလိုက်ရသဖြင့် မြနဒီ တုန်လှုပ်သွားသည်။ တုန်လှုပ်မှုကို ထိန်းချုပ်ရင်း

"ဟဲလို အမိန့်ရှိပါ။ ဦးအောင်ခန့် ပြောနေပါတယ်"

"ဖေ. . ဖေဖေ"

"ဟင် သမီးလေး"

တဒင်္ဂအသံများ တိတ်ဆိတ်စွာ ပျောက်ကွယ်သွားလေသည်။ အတန်ကြာမှ. .

"သမီးလေး ဘယ်က ဆက်တာလဲ"





"ပုဂံကပါဖေဖေ၊ မေမေကော ဖေဖေ"

တုန်လှုပ်မှု ဟူသမျှကို မြနဒီ နိုင်နင်းသွားသည်။

"မြနဒီ သမီး သိပ်မိုက်တယ်၊ ကဲပါလေ ဖေဖေ ဘာမှ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး သမီးလေး၊ မေမေ သမီးကို ဆေးရုံပေါ်ကနေ စောင့်မျှော်နေတယ်၊ သမီးလေး အမြန်ဆုံး ပြန်လာခဲ့"

မြနဒီ မျက်ရည်များ ရစ်ဝဲလာသည်။ ဖခင်သည် မိမိအား ဘယ်သောအခါမှ ဒေါသတကြီး ရိုက်နှက်ဆုံးမခြင်းမျိုးကို လုပ်လေ့မရှိဘဲ စကားဖြင့် ခပ်အေးအေးပြောဆို အမိန့်ပေးတတ်သည်။ မိခင်ကတော့ အကောင်းအဆိုး မပြောတတ်ဘဲ ဖေဖေစကား နားထောင်ပါ သမီးလေးရယ်၊ မိဘစကား နားထောင်လို့ ဆင်းရဲဒုက္ခတွေ့ရတဲ့ သားသမီးမျိုး မေမေ့သက်တမ်းတစ်လျှောက်မှာ မတွေ့ဖူးပါဘူးဟုသာ ပြောတတ်သည်။

"ဖေဖေ သမီးကိုခွင့်လွှတ်ပါ ဖေဖေ၊ သမီး အမြန်ဆုံး ပြန်ခဲ့ပါ့မယ်"

"ဩော် ဒါထက် မောင်နေတောင် ပုဂံသွားမယ်ပြောတယ်၊ သမီးတို့ ဆုံဖြစ်ကြပြီလား"

"ဆုံပါတယ်ဖေဖေ၊ သူပြောပြလို့ မေမေ ဆေးရုံတင်ထားကြောင်း သိရတာပါ"

"ကောင်းပြီ သမီးလေးသာ အမြန်ဆုံး ပြန်လာခဲ့ပါ၊ သမီးလေးအတွက် ဖေဖေတို့ ထပ်မံဆွေးနွေးကြတာပေါ့၊ ဒါပဲနော် သမီးလေး"

"ဟုတ်ကဲ့ပါ ဖေဖေ၊ မေမေ့ကို သမီး အမြန်ဆုံးပြန်လာမယ့်အကြောင်း ပြောထားပေးပါနော် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ ပြောရမှာပေါ့။ ဒီစကားဟာ သူ့ရောဂါအတွက် အထိရောက်ဆုံး ဆေးဝါးတစ်ခွက်ပဲဟာ ဂွတ်နိုက် သမီး"

ဂျလောက်. .

ဖခင်ထံမှ ဖုန်းခွက်ချသံ ကြားလိုက်ရပြီးမှ မြနန္ဒီ တယ်လီဖုန်းခွက်ကို ညင်သာစွာ ချလိုက်သည်။

ဆက်တိုက်၌ သတင်းစာဖတ်ရင်း စောင့်နေသော အုပ်စိုးနှင့် မှလှမ်းမကမ်း၌ ညှိသည်များနှင့် စကားပြောနေသော နေလင်းထက်ကို တွေ့မြင်လိုက်ရသည်။

"စိုး ပြန်လိုက်မှာလား"

"လိုက်ပို့ပေးပါ့မယ်"

"နေချင်နေခဲ့လေ၊ ရပါတယ်"

တစ်ဆက်တည်း ကိုကျော်ဝင်းဆွေကိုပါ နှုတ်ဆက်ပြီး မိမိအဆောင်သို့ ပြန်ခဲ့သည်။ လမ်း၌

"မမအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

"ဆိုပါတော့ စိုးရယ်၊ အကယ်၍သာ တို့နေရာမှာ ကြန်ကြန်သာဆိုရင် မင်း ဘယ်လိုအကြံမျိုး ပေးမှာလဲ"

အုပ်စိုးက ပြုံးသည်။ သူ့ အပြုံးက မတောက်ပ။ သို့သော် အေးဆေးစွာပင်. . .

"ကျွန်တော်ကိုယ်တိုင်က မိဘရဲ့ ဆန္ဒကို ငြင်းပယ်တတ်တဲ့ကောင် မဟုတ်လို့လား မသိဘူး၊ မိဘစကား နားထောင်ဖို့ တိုက်တွန်းမိလိမ့်မယ်"

"မင်း တော်တယ်စိုး၊ မင်းဟာ တို့ထက် အများကြီး လိမ္မာတယ်၊ ကောင်းပြီလေ တို့ မိဘစကား နားထောင်ဖို့ ဆုံးဖြတ်လိုက်ပြီ"





မြနန္ဒီ၏ စကား၌ မာနသံ စွက်ဖက်သွားသည်ကို မြနန္ဒီသာလျှင် အသိဆုံးဖြစ်သည်။

အုပ်စိုး၏ခြေလှမ်း တုန့်ခနဲ ရပ်ဆိုင်းသွားသည်။

"မမ"

မည်မျှ ဟန်ဆောင်ကောင်းသူ ဖြစ်လင့်ကစား မျက်လုံးများအတော့ စကားပြောတတ်လေသည်။ မှိုင်းမှုန်ရီဝေ သွားသော မျက်ခန်းစုံ အဆောင်ပါလာခန်း၏ မာကျူရီမီးရောင် အောက်ဝယ် တွေ့မြင်လိုက်ရသည်။

"မမ"

"စိုး"


"လောကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရတဲ့ လူစားတွေလဲ ရှိတတ်ပါတယ်၊ အဲ့ဒီလူစားတွေအတွက် ရှိတဲ့ဂုဏ်ပုဒ်က လူလိမ္မာတဲ့လေ၊ ဂွတ်နိုက် မမ၊ အိပ်ပျော်နိုင်ပါစေ"

အုပ်စိုးက ပြောပြောဆိုဆိုနှင့် မြနန္ဒီအား ကျောခိုင်းသွားလေသည်။ မြနန္ဒီ၏ တဖွတ်ထိုးညာဉ်ကို အုပ်စိုးက ပညာပေးသွားလေသည်ဟု. . ။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"မမမြနန္ဒီက ညနေ ကိုနေပြန်ရင် လိုက်မယ်တဲ့"

နေလင်းထက်သည် အုပ်စိုးထံမှ မမျှော်လင့်သော စကားတစ်ခွန်းကို ကြားလိုက်ရသဖြင့် မျက်မှောင်အသာချိုကာ အုပ်စိုးအား ကြည့်လိုက်သည်။

"လေယာဉ်လက်မှတ် မရဘူးလား"

"ရှိဆိုတော့ မနက်ဖြန်လဲ မသေချာဘူး ဖြစ်နေတယ်၊ ခြည့်သည်တော်တွေကလဲ ရှိနေတယ်၊ အဲဒါနဲ့"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် သဘောပေါက်ပါတယ်၊ မမမြနန္ဒီကဆိုတော့ စိုးစိုးကကော မလိုက်ဘူးလား"

"ကျွန်တော့်အတွက်က ဆန်းဒေးအထိနေဖို့ ဝရမ်းရထားတယ် ကိုနေ၊ နေခွင့်ရခိုက် နေလိုက်ဦးမယ်"

နေလင်းထက် အုပ်စိုးဆိုသော လူငယ်လေးကို လျှော့မတွေးရဲ။ ဤသူငယ်သည် သူနှင့် တင်းနစ်ကစားလျှင် လက်ရည်တူသည့်အပြင် တစ်ခါတစ်ရံ အလုပ်ကိစ္စများဖြင့် အာရုံထွေပြားတတ်သော သူ့အား အနိုင်ရသွားတတ်သေးသည်။ သူ ဒီမလာခင် တစ်ရက်အလို၌ တင်းနစ်ကစားရန် အုပ်စိုးထံ ဖုန်းဆက်တော့ အုပ်စိုးမိခင်က အုပ်စိုးပုဂံသို့ ဘုရားဖူးသွားကြောင်း ပြောပြသဖြင့် သူ သိခဲ့ရခြင်း ဖြစ်သည်။ ဒီရောက်တော့ အိမ်ပြေး မြနန္ဒီနှင့်ပါ မမျှော်လင့်ပဲ ကြုံရသည်။

"မင်းပါလိုက်ရင် ပိုအဆင်ပြေမလားလို့"

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"မကြာခင် ကိုယ်နဲ့လက်ထပ်တော့မယ့် မိန်းမတစ်ယောက်ကို ရင်းနှီးမှု ရယူတဲ့နေရာမှာ သူစိမ်းတစ်ဦးဟာ ကြားခံလူအနေနဲ့ မလိုအပ်ဘူး ထင်ပါတယ် ကိုနေ"

အုပ်စိုးသည် စကားကြီးစကားကျယ် ပြောတတ်သောသူဖြစ်ကြောင်း နေလင်းထက် သိထားသဖြင့် မထူးဆန်းလှသော်လည်း မြနန္ဒီနှင့် ပတ်သက်မှုရှိသောအခါ ထူးဆန်း၍ နေလေသည်။ ဤသူငယ်နှင့် မြနန္ဒီ မည်သည့်အတိုင်းအတာအထိ ရင်းနှီးနေပြီလဲ ဟူသော သံသယက သူ့စိတ်ကူးအတွက် ကြီးစွာသော အနှောင့်အ





ယှက်တစ်ခု ဖြစ်လာသည်။

သို့သော် စားတော်ဆက်များ၏ ဖျော်ဖြေမှု စင်မြင့်ပေါ်၌ ရဲတင်းစွာ သီချင်းဆိုရဲသော မဒီကို သူ လက်ထပ်ရန် ရည်စူးခဲ့ပြီးကာမှ အုပ်စိုးနှင့်ပတ်သက်၍ သူ တွေဝေရခြင်းသည် သဘာဝကျသော အတွေးမဟုတ်ဟု သူ သတိရလိုက်မိကာ အုပ်စိုးအား. .

"ကိုယ် လက်ထပ်တော့မယ့် မိန်းမတစ်ယောက်ဆိုတာ သူ့အိမ်က ထွက်မပြေးခင် ကာလအထိ မှန်တယ်စိုးစိုး၊ ဒါပေမယ့် အဲဒီကာလရဲ့ နောက်ပိုင်းမှာ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ဟာ ပြောင်းလဲဖို့ သင့်မသင့် စဉ်းစားရတော့မယ့် အခြေအနေမျိုး ဖြစ်သွားပြီ"

အုပ်စိုး မျက်နှာက ပြောင်းလဲမှု မရှိဘဲ. . .

"ဒါကတော့ ကိုနေရဲ့ အပိုင်းပဲလေ၊ မမဟာ ကျွန်တော့် မကြွန်ရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်တဲ့အတွက် ကျွန်တော်ကလဲ အစ်မရင်းတစ်ယောက်လို စောင့်ရှောက်ထားခဲ့တယ်၊ ဒါပါပဲ၊ အဲတစ်ခုတော့ ရှိတယ် ကိုနေ၊ မမဟာ ကျွန်တော်နဲ့ မဆုံတွေ့လဲ သူ့တိုယ်သူ စိတ်ချယုံကြည်စွာနဲ့ စောင့်ရှောက်တတ်တဲ့ မိန်းမတစ်ဦး ဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော် ပြောရဲပါတယ်"

"မင်းလဲ အစ်မဘက်က ရှေ့နေလိုက်ပေးတဲ့ မောင်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်နေပါလား၊ လူတစ်ဦးတစ်ယောက်ရဲ့ အကျင့်သိက္ခာကို ဘယ်လိုပေတံနဲ့ တိုင်းတာရမယ်လို့ မင်း ထင်သလဲ"

နေလင်းထက် အုပ်စိုးကို အထင်မသေးရဲပါ။ အုပ်စိုး၏ အကြည့်က သူ့အား စူးစမ်းသော အကြည့်ဖြစ်သည်။ ပြီးမှ နှုတ်ခမ်းကို တွန့်ရုံပြုံးလိုက်ပြီး

"ကိုနေ သိပြီးသားဖြစ်တဲ့ မေးခွန်းကို ကျွန်တော့်ကို မေး



www.burmeseclassic.com

www.burmeseclassic.com



တယ်လား”

“ကိုယ် မင်းရဲ့ အဖြေကို ကြားချင်တယ် စိုးစိုး”

“လူတစ်ယောက်ရဲ့ အကျင့်သိက္ခာဟာ အဲ့ဒီလူရဲ့ လုပ်ဆောင်ချက်နဲ့ အသက်ဆိုင်ဆုံးပဲ မဟုတ်ဘူးလား ကိုနေ”

နေလင်းထက် အုပ်စိုးကို လက်ကမ်းကာ လက်ချင်းဆုပ်၍ လှုပ်ယမ်းလိုက်မိသည်။

“မင်း တော်တယ် စိုးစိုး၊ ဒီလိုဆိုရင် အိမ်ပြေးဆိုတဲ့ လုပ်ဆောင်ချက်ဟာ ဂုဏ်သိက္ခာရှိတဲ့ အလုပ်တစ်ခုလို့ကော မင်း ယူဆသလား”

“ဒီမေးခွန်းတွေဟာ ကျွန်တော်စဉ်းစားရမယ့်မေးခွန်း မဟုတ်ဘူးထင်ပါတယ် ကိုနေ”

နေလင်းထက် လက်ဖျားခါလိုက်မိသည်။ ခုခေတ်ကလေးတွေ သိပ်တတ်လွယ်ကြသည် ဆိုခြင်းကို သူ လက်ခံရတော့မည်ထင်သည်။

“ဆောရီး ကိုယ် အဓလောတကြီး ဖြစ်သွားတယ်၊ ထားပါတော့လေ မိန်းမတစ်ဦးအတွက် ကိုယ် ဒီလောက်အထိ အချိန်မပေးနိုင်ခဲ့ဘူး။ ဒါပေမယ့် မဒီဟာ ကိုယ် လက်ထပ်ဖို့ ကမ်းလှမ်းဖူးတဲ့ မိန်းမတစ်ယောက် ဖြစ်တာကြောင့် ကိုယ် ဒီလောက်အချိန်ပေးခြင်းပဲ၊ ကိုင်း ကိုယ်နားချင်ပြီ ညနေ (၅)နာရီ တိတိမှာ ဒီကထွက်မယ်ဆိုတဲ့အကြောင်းတော့ သူ့ကို မင်း သတင်းပေးနိုင်လိမ့်မယ်ထင်တယ် စိုးစိုး”

“ဟုတ်ကဲ့ ကျွန်တော် အခုပဲ သွားပြောလိုက်ပါ့မယ်”

အုပ်စိုးနှင့်သူ လမ်းခွဲလိုက်သည်။ နေလင်းထက်အနေဖြင့်





အုပ်စိုးနှင့် လွန်ခဲ့သော သုံးလေးလခန့်ကမှ ကိုကိုနှင့် တင်းနစ်ကစားဖော်အဖြစ် တွေ့ဖူးကာ သူနှင့်ပါ သိကျွမ်းခဲ့သည်။ ကိုကို့ဇနီး၏ မောင်အုပ်စိုးနှင့် ကိုကို့၏ညီ သူသည် ကိုကိုတို့အိမ်ရှိ တင်းနစ်ကစားကွင်း၌ ဆုံစည်းမိကြသည်။ ရင်းနှီးကြသည်။

ချာတိတ်၏ သွက်လက်ဖျတ်လပ်မှုကို သူ သဘောကျသည်။ ဘွဲ့ရပြီးမှစီးပွားရှာသော သူတို့ခေတ်နှင့် ကိုးတန်း ဆယ်တန်းလောက်ကတည်းက စီးပွားရှာတတ်သော အုပ်စိုးတို့ခေတ်လူငယ်တွေကို သူ သဘောကျခဲ့သည်။ ဘိုးဘွားမိဘအမွေကို ဖြုန်းတီးဖို့ထက် တိုးပွားအောင်လုပ်ပြီး သုံးတတ်သော အုပ်စိုးကို ကျိတ်၍ ချီးကျူးခဲ့မိသည်။

သို့သော် ယခု အုပ်စိုးကို သူလန့်လာသည်။ တင်းနစ်ကစားပွဲမှာတောင်မှ တစ်ခါတစ်ရံ ချာတိတ်ကို သူ အရှုံးပေးခဲ့ရသည်။ ယခု အချစ်ပွဲ၊ ထားပါတော့. . မိန်းမတစ်ဦးနှင့် ပတ်သက်လာပြီဆိုတော့ အချစ်ပွဲဟုသာ သုံးလိုက်ချင်သည်။

အချစ်ပွဲ၌ မြနဒီအား သူ လွှတ်ပေးလိုက်ခြင်းသည် အနိုင်လား၊ အရှုံးလား။

အချစ်ပွဲ၌ အနိုင်ဆိုတာ ဘာလဲ၊ ရယူပိုင်ဆိုင်ခြင်းလား၊ စွန့်လွှတ်ခြင်းလား။

ဘာဖြစ်လို့ မြနဒီကို သူ ရယူချင်ရသနည်း။

အဆောင်တွင်း ခုတင်ပေါ်၌ ပစ်လှဲချလိုက်ပြီး သူ့အတွေးသည် ပျံ့လွင့်လျက်ရှိသည်။

မြနဒီကို သူ စတွေ့တော့ မီးရောင်ရဲ့အောက်၌ ဖြစ်သည်။ လှသည်၊ ချောသည်၊ တပ်မက်ဖွယ်ကောင်းသည်။ ပြီးတော့ သိ



www.burmeseclassic.com

www.burmeseclassic.com

ချင်းသည်ဖြစ်ခြင်းကြောင့် အသံကသာသည်။ သီချင်းစာသားကို နှုတ်မှ သီကျူးရုံတင်မက မျက်လုံးဖြင့်လည်း သရုပ်ဖော်တတ်သည်။

အထူးခြားဆုံးက သူ့ရင်တွင်းကို မြင်းရိုင်းတစ်ကောင် မောင်းသွင်းလိုက်နိုင်ခြင်းပင်။

"ကိုလေး. ."

". . . . . . ."

"ကိုလေး"

"ဟာကွာ အရေးထဲ"

သူ၏ ဒရိုင်ဘာ ဂျစ်ပစီက တံခါးကို အသာလာခေါက်ရင်း အသံပြုသည်။ သူ စိတ်တိုသွားသည်။ နောက်မှ သူခိုင်းထားသည့် ကိစ္စကို သိရသဖြင့် အသာထကာ တံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။

"ဘာလဲ ဂျစ်ပစီ"

"ဒီမှာ လိုအပ်တဲ့ စာရင်းတွေပါ"

"အေး ဖိုင်တွဲထားလိုက်၊ ညနေ ငါးနာရီ တိတိထွက်မယ်၊ ခု မင်းသွားနားတော့"

"ဟုတ်ကဲ့ အစ်ကိုလေး"

"ဟိုဟာကျန် ဒီဟာကျန် မဖြစ်စေနဲ့ အားလုံး အဆင်သင့်ဖြစ်ပါစေနော်"

"ဟုတ်. ."

သူ တံခါးပြန်ပိတ်လိုက်သည်။ သူလည်း တရေးအိပ်ထားဦးမှ ဖြစ်မည်။ ကားကို ဂျစ်ပစီနှင့်သူ တစ်လှည့်စီ မောင်းနေကျဖြစ်သည်။





လိုအပ်သော ယွန်းထည်များလည်း ကားအတွင်း၌ စနစ်တကျ ထည့်သွင်းထားပြီး ဖြစ်သည်။

သူ အိပ်ရာထဲ ပြန်လှဲလိုက်သည်။ သူတို့နှင့်အတူ ခရီးရှည်၌ မိန်းမတစ်ယောက် ပါလာခြင်းကတော့ သူ့စိတ် အနှောင့်အယှက် ဖြစ်စေသည်။

သို့သော် မြနဒီအား သူ လေ့လာနိုင်ခွင့် ကြုံကြိုက်သွားခြင်းက သူ့အတွက် ကောင်းသော အခွင့်အရေးတစ်ရပ်ဟု သူယုံကြည်သည်။ ဒီညဥ့် မြနဒီနှင့်အတူ ခရီးသွားပြီး မြနဒီကို သူမအိမ်သို့ပို့ဆောင်ပေးချိန်၌ သူမ၏ ဖခင်အား သူ့စကားတစ်ခွန်းကို ယတိပြတ် ပြောနိုင်လိမ့်မည်ဟု ထင်သည်။

သူ ပြုံးလိုက်မိသည်။ တစ်ဆက်တည်း တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"အခန်း. . . . . . ကို ပေးပါ"

"အဲဒီအခန်းကဧည့်သည် အပြင်သွားပါတယ် ခင်ဗျာ"

"သိုင်ဒ္ခ်"

ညဥ့်ကို ခရီးထွက်မည့်သူက အေးဆေးစွာ လည်ပတ်နိုင်သေးသည်လား။ တော်တော်သွေးအေးသည့် မိန်းမပေပဲ၊ သွေးအေးသော မိန်းမများသည် ခေါင်းမာတတ်ပြီး တဇွတ်ထိုး နိုင်တတ်လိမ့်မည်ဟု သူ တစ်ခါမှ မတွေးမိခြင်းအတွက် နောင်တရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

ငါးနာရီ ကျော်လာပြီ။ မိနစ် အပိုင်းအခြားအားဖြင့် ငါးမိနစ် စွန်းလာပြီ။ အချိန်ကို မလေးစားတတ်သော သူများထဲတွင် မြနန္ဒီ ပါဝင်လေသည်။ အလှပြင်ချိန်အတွက် စောင့်စားရသည် ဆိုရအောင်ကလည်း မဒီသည် စင်ပေါ်တက်ချိန်ကလွဲ၍ မျက်နှာပြင်၌ ဘာမှ ချယ်သသော မိန်းမမဟုတ်၊ သနပ်ခါးရေကျဲကလွဲ၍ ဘာမှ လူးထားပုံ မရတတ်သော သူမသည် အလှအပအတွက် အချိန်ယူတတ်ပုံ မရချေ။

သို့သော် သူနှင့်သွားမည့် ခရီးစဉ်အတွက်တော့ ပြော၍





ခရ၊ သူမများ အလှအပကို ပြင်ဆင်လာပြီ ဆိုပါက နေလင်းထက် ဝမ်းတွင်းကျိတ်၍ ပြုံးလိုက်သည်။

“ဂျစ်ပစီသွား ကောင်တာကိုသွားပြီး ဟိုအမျိုးသမီးအခန်းတို ဖုန်းသွားဆက်လိုက်စမ်း”

“ဟုတ်”

ဂျစ်ပစီက ပြာလောင်လောင်ဖြင့် ထွက်သွားသည်။

သူ ကားပေါ်၌ လေအေးစက်ဖွင့်ပြီး စောင့်နေလိုက်သည်။ အချိန်မတိကျသော လူမျိုးကို သူ စိတ်မရှည်တတ်။

ငါးနာရီ ဆယ်မိနစ်. . . ဂျစ်ပစီ ပြန်ရောက်လာသည်။

“ဆရာ. . ”

“ဘာတဲ့လဲ”

“သော့အပ် အခန်းအပ်သွားပြီတဲ့”

“ဟင်. . ဘာကွ၊ ရှင်းရှင်းပြောစမ်း”

“ဒေါ်မြနန္ဒီ မရှိတော့ဘူး”

“ဘာဖြစ်လို့ မရှိရမှာလဲ၊ ဒီကားနဲ့ လိုက်မယ် ပြောထားပြီးသားကို ဒါထက် အုပ်စိုးကော မေးခဲ့သေးသလား”

“ဟုတ်ကဲ့ မေးခဲ့ပါတယ်၊ ဒါပေမယ့် သူလဲ မရှိပါဘူး”

“ဩော်. . ”

နေလင်းထက်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။ လူကို အရူးလုပ်သွားကြသည်။ သို့သော်. . သူတို့စီးနေကြ၊ ကားလေး သီရိပစ္စယာအတွင်း ဝင်လာသဖြင့် သူ မျှော်လင့်ချက်ကြီးစွာဖြင့် တံခါးဖွင့်ဆင်းလိုက်သည်။

အုပ်စိုး ကားပေါ်မှ ဆင်းလာပြီး သူ့ထံလျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ကိုနေ၊ မမက အဲရိုးအိတ်စ်ပရက်နဲ့ ပြန်သွားပြီ"

"ဘာ. . ."

"လက်မှတ်ရလို့လား"

သူ့ကို အရှုံးလုပ်သွားခြင်းကို သူ ခွင့်လွှတ်ရမည်လား။

"ကျွန်တော်တောင် မသိလိုက်ဘူး၊ သူ ဘယ်အချိန် လက်မှတ်ရလိုက်တယ်ဆိုတာ ကျွန်တော့်ကို မပြောဘူး၊ ညနေ လေးနာရီခွဲမှာ ကျွန်တော့်ကို လာနှုတ်ဆက်ပြီး ကားဂိတ်ကို ခေါ်သွားတယ်၊ အဲဒီတော့မှ ကျွန်တော် သိရတာ၊ ကျွန်တော် ကိုနေကို အကြောင်းကြားချိန် မရလိုက်ဘူး"

အုပ်စိုး၌ အပြစ်မရှိဘူးဟု သူ ယုံကြည်သည်။ သူပြုံးကာ

"ရပါတယ် စိုးစိုး၊ သူမလိုက်တော့ ကိုယ့်အတွက် ဝန်ပေါ့သွားတာပေါ့ကွာ၊ ကိုင်း ကိုယ်တို့ သွားတော့မယ်၊ အားတဲ့ ညနေခင်းမှာ ဆုံကြသေးတာပေါ့"

အုပ်စိုးကို နှုတ်ဆက်ကာ သူ ကားနောက်ခန်းသို့ တက်လိုက်သည်။

"ဂျစ်ပစီ မင်းပဲ မောင်းတော့"

"ဟုတ်. ."

အစကတော့ ညဉ့်ဦးပိုင်းအထိ သူ မောင်းမည်။ သန်းခေါင်ကျော်ပြီးမှ ဂျစ်ပစီကို သူ မောင်းခိုင်းမည်ဟု သူ ရည်ရွယ်ထားသည်။ သို့သော် အစီအစဉ်များ ပြောင်းလွဲလိုက်သည်။ သူ အခု ကားမောင်း၍ မရနိုင်တော့၊ သူ့စိတ်ထဲ မခံရပ်နိုင်သော ခံပြင်းမှုက ဝင် ရောက်နေလေပြီ။

"တောက်. ."





"ဗျာ ဆရာ. . ကျွန်တော် ဘာမှားလို့လဲ"

"မင်း ဘာမှ မမှားဘူး၊ မှားတာ ငါပဲကွ"

ဟုတ်သည် သူ မှားသွားသည်။ မြနဒီဆိုသော မိန်းမချောကို သူ လျှော့တွက်လိုက်မိသည်။ သူမ၏ အလှအပနှင့် ဂီတ၏ စွမ်းအား၌ သူ ယစ်မူးကာ ပိုင်ဆိုင်လိုသည်။ သူမ၏ အကျင့်စရိုက်ကို မလေ့လာဘဲ၊ သူ၏ဆန္ဒကို ဦးစားပေးခဲ့သည်။ သည့်အတွက် သူ အမှားအယွင်းနှင့် ကြုံကြိုက်သွားသည်။

သို့သော် ထိုမှားယွင်းမှု အပေါ်၌ သူ အနိုင်ရချင်လာသည်။

သူ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။


ဆုံးဖြတ်ချက်ချပြီးပြီ ဆိုသည်နှင့် တစ်ပြိုင်နက် သူ့ရင်မှာ ပေါ့ပါးသွားသည်။

တွေ့ကြသေးတာပေါ့ မဒီရယ်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၈)

သူ့ကိုမြင်တော့ မြနဒီ အံ့အားသင့်သွားပုံရသည်။ သို့သော် ချက်ချင်းပင် သူမ၏ ခံစားမှုကို ဖုံးကွယ်လိုက်သည်။

"အန်တီ သက်သာသွားပြီလား အန်ကယ်လ်"

"အနာနဲ့ဆေး တွေ့သွားပြီလေ မောင်နေ၊ သူ့သမီးဆီက ဖုန်းရတယ်ဆိုကတည်းက ချက်ချင်း ထူထူထောင်ထောင် ဖြစ်လာပြီး ဆေးရုံပေါ်ကတောင် ဆင်းတော့တာပဲ၊ ထိုင်ပါဦး မောင်နေ"

သူက ဆက်တိ၌ အသာထိုင်လိုက်ပြီး သူ ယူဆောင်လာသော လူနာအတွက် ပစ္စည်းများကို စားပွဲပေါ်တင်ကာ





"အန်တီအတွက်ပါ"

"ဒုက္ခရှာလို့ မောင်နေရယ်၊ ကဲ သမီးလေး ဒါတွေ ယူသွား ပြီး မောင်နေအတွက် တစ်ခုခု စီစဉ်ခဲ့ပါဦး"

"ဒုက္ခမရှာပါနဲ့အန်ကယ်၊ ကျွန်တော် အခုပဲ ထမင်းစားပြီး ထွက်ခဲ့တာပါ"

"ဒါဖြင့် အချိုပွဲပေါ့ကွယ်"

မြနဒီ အနေဖြင့် ဖခင်၏ ရှေ့မှောက်တွင် သိုးငယ်လေး တစ်ကောင်နှယ် အပြစ်ကင်းစင်သော ဟန်ပန်က အပြည့်ရှိနေ သည်။ သူ၏ လက်ဆောင်ပစ္စည်းကို အသာယူကာ အိမ်နောက်ဖေး ဘက်သို့ ဝင်သွားသည်။

သူမ၏ ရှည်လျားသော ဆံပင်ကို ထုံးစံအတိုင်း လွတ်လပ် စွာ ချထားသည်။

ပုဂံမှာတော့ ထုံးနှောင်ထားသည်ကို သူ တွေ့ခဲ့ရသည်။

"ပုဂံမှာ တော်တော်ပူသလားကွဲ့"

"ရန်ကုန်ရာသီဥတုလောက်ပါပဲ"

သူ မည်ကဲ့သို့ စကားစရမည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

"အန်တီ အနားယူနေတယ်ထင်တယ်"

"အပေါ်ထပ် လေသာဆောင်မှာ ထင်တယ်၊ ခုတော့ လူ ကောင်းပကတိလိုပါပဲ၊ မောင်နေတွေ့ချင်ရင် ခေါ်ခိုင်းလိုက်မယ် လေ"

"နေပါစေအန်ကယ် နေကောင်းသွားတယ်ဆိုရင်ပဲ ကျွန် တော် ဝမ်းသာပါတယ်၊ ကျွန်တော့်မိဘများကလဲ ဒီနေ့တော့ ကိစ္စရှိ



www.burmeseclassic.com

www.burmeseclassic.com

နေလို့ လိုက်မလာတော့ပါဘူးလို့ မှာလိုက်ပါတယ်"

"ကိစ္စမရှိပါဘူးကွယ်၊ တစ်နေ့ကတောင် ရောက်ကြပ် သေးတယ်၊ မင်းတို့ အန်တီရောဂါကလဲ ထွေထွေထူးထူးမှ မဟုတ် တာ၊ သမီးစိတ်နဲ့ ဖြစ်တာဆိုတော့ သမီးပြန်လာတော့လဲ ယူပစ်လိုက် သလိုပါပဲ"

"အန်တီ နေကောင်းတယ်ဆိုရင်တော့ ကျွန်တော့်မိဘများ က စကားပြောပြီးတဲ့ကိစ္စကို ဆက်လက်ဆောင်ရွက်ချင်ကြပါတယ် အဲဒါ အန်ကယ်တို့ဘက်က သဘောထားကို"

ဦးအောင်ခန့်က ခန့်ညားစွာ ပြုံးလိုက်ပြီး

"အန်ကယ်တို့ဘက်က အထူးတလည် ကျေးဇူးတင် ဝမ်း သာရမယ့် ကိစ္စပါ မောင်နေ၊ သမီးလေးရဲ့ မိုက်မဲမှုကို ခွင့်လွှတ် ပြီး သဘောထားပြောင်းလွဲမသွားခြင်းအတွက် အတိုင်းထက် အ လွန်ပေါ့ကွယ်၊ ဟော သမီးလေး မောင်နေနဲ့ စကားပြောလိုက်ပါဦး ဖေဖေ ပန်းပင်တွေ မာလီရေလောင်းတာ သွားကြည့်လိုက်ဦးမယ် ဒီအပင်တွေဟာ ရေလုံးအရှိန်နဲ့ လောင်းလို့မရဘူး"

ဦးအောင်ခန့် တမင်ရှောင်ထွက်သွားခြင်း ဖြစ်သည်ဟု နေလင်းထက် သဘောပေါက်လိုက်သည်။

နေလင်းထက် လက်ဖက်အစ်နှင့် ရေနွေးဗန်းကို ချလာ ပေးသော မြနဒီကို အကဲခတ်လိုက်သည်။ သူမက ဘာမှမဖြစ်သလို ဟန်မျိုးဖြင့် အေးဆေးစွာ ဝင်ထိုင်လိုက်သည်။

"လက်ဖက်သုံးဆောင်ပါဦး ဦးနေလင်းထက်"

"ကောင်းပြီ"

နေလင်းထက် စကားစရ ခက်သဖြင့် လက်ဖက်တစ်ဇွန်း





ခပ်စားလိုက်သည်။

လက်ဖက်ကိုမြုံ့ရင်း စဉ်းစားလိုက်သည်။

"မဒီ"

"မြနဒီပါ"

"ကျွန်တော့်အတွက်တော့ မဒီပဲ"

သူမ မျက်ခုံးအသာပင့်ကာ ကြည့်လိုက်သည်။ မိန်းမဆန် သော အကြည့်လေလားဟု သူ တွေးလိုက်သည်။ သူမ ဘယ်လို ကြည့်ကြည့် ဘယ်လိုနေနေ သူမ၏ လှုပ်ရှားမှု ဟူသမျှကို သဘော ကျ နှစ်ခြိုက်နေတတ်သည်။ ထိုသဘောကျခြင်း နှစ်သက်ခြင်း တစ်ခုတည်းဖြင့် သူသည် သူမအား လက်ထပ်ရန် ရည်ရွယ်ခြင်း သည် မှန်မှမှန်နိုင်ပါ့မလား၊ မည်သို့ဆိုစေကာမူ။

"ကျွန်တော် မဒီကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက် ကို မပြင်ဆင်ဘူးလို့ လာပြောတာ"

"ရှင် စိတ်ရောဂါကုဆေးရုံသွားဖို့ လိုအပ်နေပြီ ထင်တယ်"

"ဟုတ်လား ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ"

"အိမ်ထောင်ရေးကို စိတ်မဝင်စားတဲ့ ဝါသနာပါတဲ့ အ လုပ်ကိုသာလျှင်လုပ်ဖို့ အမြဲကြိုးစားနေတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်တယ်ဆိုတဲ့လူမှ မရူးရင် ဘယ်သူရူးသွပ် ဦးမလဲ"

"ဒါကတော့ ခင်ဗျားအထင်ကိုး၊ ကျုပ်အနေနဲ့ ဖြစ်ချင်တာ၊ ချင်တာ မှန်တယ်ထင်တာကို အခြား ဘယ်သူ့ကိုမှ ထိခိုက်နစ် နာခြင်း မရှိဘူးဆိုရင် ဖြစ်မြောက်အောင် လုပ်လေ့ရှိတယ်၊ ဒီအ တိုင်း ကျုပ် ကျေနပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ဘာကိုဆိုလိုတာလဲ၊ ကျွန်မကို လက်ထပ်ချင်တာ
ရှင့်ရဲ့ အတွက်လား"

"ဖြစ်နိုင်ပါတယ်"

"ကျွန်မကို လက်ထပ်မိခြင်းအတွက် ရှင် တစ်နေ့နေ့
နောင်တရသွားနိုင်တယ်လို့ ကျွန်မကြိုတင် နိမိတ်ဖတ်ရင်ကော"

"ကိစ္စမရှိပါဘူး၊ နောင်တဆိုတာ ကျုပ်နဲ့ တစ်ခါမှ မကြုံ
လို့ တွေ့ကြုံဖူးချင်ပါသေးတယ်"

မြနဒီ၏ နှုတ်ခမ်းကိုတွန့်ကာ ပြုံးလိုက်သည်။ ထိုအပြုံး
သည် ထီမတင်သော အပြုံးဟု သူ သဘောပေါက်လိုက်သည်။

"ထွက်ပေါက်မရှိတဲ့ မိန်းမတစ်ဦးကို လက်ထပ်ဖို့ ကြိုးစား
ခြင်းဆိုတဲ့ ရှင့်လုပ်ရပ်ကိုရှင် ဂုဏ်ယူနေသလား ဦးနေလင်းထက်"

"နိုး. . နိုး အကျဉ်းအကျပ်ဖြစ်နေတဲ့ မိန်းမတစ်ဦးကို ကယ်
တင်ဖို့ ကြိုးစားနေခြင်းလို့ ကိုယ်ကိုယ်ကိုယ် ခံယူထားပါတယ်"

မြနဒီမျက်ဝန်းသည် မျှော်လင့်ချက်ရောင်ခြည်တစ်
ယှက်သန်းကာ ဖျတ်ခနဲ လင်းလက်သွားသည်။ တော်တော်လှသည်
မိန်းမဟုတွေးကာ သူ့ရင်ထဲ လှုပ်ခတ်သွားပြန်သည်။

"ဦးနေလင်းထက်က ရှင်နဲ့ကျွန်မ လက်ထပ်ပြီးရင် ကျွန်မ
ဝါသနာကို ရှင်ခွင့်ပြုမယ်လို့ ဆိုလိုနေတာလား"

"ဒါပေါ့ မဒီ၊ ကျွန်တော်သဘောကျခဲ့တာ စင်ပေါ်မှာ ဝါသ
နာအရ သီချင်းဆိုနေတဲ့ မဒီကိုပါ"

"ရှင် တကယ်ပြောတာလား"

နေလင်းထက်က ကျေနပ်စွာ ခေါင်းညိတ်လိုက်ရင်း ဖျတ်
လတ်ရွှင်လန်းလာသော မြနဒီကို. . .





"ခင်ဗျား မယုံဘူးလား"

"ယုံချင်တယ်"

"ယုံချင်ရင် ကျုပ်ကို လက်ထပ်ကြည့်လေ"

"ဟုတ်ကဲ့ ကျွန်မဝါသနာပါတဲ့အလုပ်ကို လုပ်ခွင့်ပေးမယ်
ဆိုရင် ရှင့်ကို လက်ထပ်မယ်"

နေလင်းထက်က ပခုံးတွန့်ကာ. . .

"ခင်ဗျားခွင့်မပေးလဲ ကျုပ်ဘက်က လက်ထပ်ဖို့ သေချာ
နေပါပြီ၊ ဒါပေမယ့် တစ်ခုတော့ ပြောရဦးမယ်၊ ကျုပ် ခင်ဗျားကို
ရယူပိုင်ဆိုင်ခြင်းမှာ ကျုပ်အတွက်လဲ ပါတယ်ဆိုတာပဲ'

"ရှင်. . ."

"ဟုတ်တယ် ကျုပ်က စာရိတ္တကောင်းမွန်ပြီး သွက်လက်
ဖျတ်လတ်ခြင်းကို နှစ်သက်တတ်တယ်"

"ရှင် ဘာကို ဆိုလိုတာလဲ"

"ခင်ဗျားဟာ ကျုပ်ပေးတဲ့ လွတ်လပ်ခွင့်ကို အလွဲသုံးစား
မလုပ်ဖို့ပါပဲ"

"ရှင် ဒါ ကျွန်မသိက္ခာကို သက်သက်စော်ကားတာပဲ၊ ရှင်
မယုံကြည်နိုင်ဘူးဆိုရင် ရှင့်ကမ်းလှမ်းချက်ကို ပြန်ရုပ်သိမ်းလို့ရပါ
တယ်"

"ထွက်ပြီးသားဆင်စွယ် ပြန်ဝင်လို့မရသလို ပြောပြီးသားစ
ကား ကို ကျုပ် ပြန်ရုပ်သိမ်းလို့မရဘူး"

ထိုအချိန်၌ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသဖြင့် မြန
ဒီ ထထိုင်လိုက်သည်။

"ဟဲလို အမိန့်ရှိပါ"


www.burmeseclassic.com

www.burmeseclassic.com

". . . . . ."

"ကြန်ကြန် ခွေးမ"

". . . . . ."

ကြန်ကြန်ဆိုသည်မှာ သကြိန်ကိုခေါ်ခြင်းဖြစ်မည်ဟု နေလင်းထက် ခန့်မှန်းမိလိုက်သည်။

"ဖျားလာတယ်ဟုတ်လား၊ ကျုပ်ပြန်လာတဲ့အချိန်အထိ ရှင့်မောင်က အကောင်းပကတိပါဟယ်"

". . . . . ."

"ဒါဖြင့် ကျုပ် လာခဲ့ဦးမယ်၊ သိတဲ့အတိုင်း အိမ်က မယ်တော်ကလည်း ကျုပ်ကို မျက်စိအောက်က အပျောက်မခံချင်ဘူး၊ ကျုပ်ငယ်ငယ်က လိပ်ပြာလေးတွေကို လှောင်ခဲ့ဖူးတဲ့ဝဋ် လည်ပြီထင်တယ်"

". . . . . ."

"အေးပါဟယ်၊ ညှော်သည်ရောက်နေလို့ ဒါပဲနော်"

"ဂျလောက်"

မြနဒီ ဖုန်းချပြီး သူ့ဆီပြန်လျှောက်လာသည်။

"စိုး ဖျားရက်ကြီးနဲ့ ပြန်လာတယ်တဲ့၊ စိုးအစ်မသတင်းပေးတာလေ"

"ဟုတ်လား . . ဒီလိုဆိုရင် ဒီကအပြန် ကျုပ် ဝင်တွေ့လိုက်မယ်၊ ခင်ဗျားကော လိုက်မလား"

သူက အကဲစမ်းသော မေးခွန်းကို တမင် ထုတ်လိုက်ခြင်းဖြစ်သည်။

"ဦးနေလင်းထက်"





သူက အကြည့်ဖြင့်သာ တုံ့ပြန်လိုက်သည်။ မြနဒီမျက်နှာအားးသစ်မလေး၏ မာန်ဖီတတ်သော အရိပ်အယောင်မျိုး တွေ့ဆိုက်ရသည်။

"ရှင် လူတစ်ဖက်သားကို ဒီလောက်အထိ နှိပ်စက်ဖို့ မသင့်ဘော်ဘူးထင်တယ်"

"ဘာ . . ခင်ဗျား ဘာပြောလိုက်တယ်"

"စိုးအပေါ် ဒီလောက်နှိပ်စက်ဖို့ မကောင်းပါဘူးလို့"

နေလင်းထက် အံ့အားသင့်သွားသည်။ သံသယဝင်ခဲ့ဖူးသောစိတ်ကို ဖျောက်ဖျက်ထားကာမှ သူမက တူးဖော်ပေးနေသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"အိပ်ချင်ယောင် မဆောင်ပါနဲ့ ဦးနေလင်းထက်၊ ရှင်ကျွန်မ ဘာကိုဆိုလိုသလဲဆိုတာ ရှင်သိပါတယ်၊ အဲ ပြတ်ပြတ် သားသားပဲ ကျွန်မ စကားတစ်ခွန်း ပြောလိုက်ပါမယ်၊ ကျွန်မရဲ့ မိဘတွေဆန္ဒအရရယ်၊ ရှင် လမ်းဖွင့်ပေးတဲ့ မျှော်လင့်ချက်အရရယ်တော့ရှင့်ကို ကျွန်မ လက်ထပ်မယ်၊ ကျွန်မနှလုံးသားကိုတော့ ရှင် ပိုင်စိုးခွင့်ရမှာ မဟုတ်ဘူးဆိုတာကိုပါပဲ ဦးနေလင်းထက်"

သူ့စိတ်ထဲ ခံပြင်းသွားသည်။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားကို ကျုပ် အလောသုံးဆယ် လက်မထပ်ပါဘူး၊ စေ့စပ်ရဲ့ စေ့စပ်ထားပြီးမှ ခင်ဗျားနှလုံးသားကို ကျုပ် လှလာမယ်၊ ခင်ဗျားနှလုံးသားရပ်ဝန်းတည်နေရာဟာ ကျုပ်ဖြစ်ပါတယ်ဆိုတဲ့နေ့မှာ ကျုပ်တို့ လက်ထပ်ကြတာပေါ့"

"ဒီလိုဆိုရင် ကျွန်မတို့ မိန်းမသားဘဝ သိပ်နစ်နာနေမယ်ဆိုတာ ရှင်မတွေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့ မဒီရယ်၊ ခင်ဗျားကိုယ်ခင်ဗျား မိန်းမသားဆိုတာကို သတိရဖော်ရသေးတဲ့အတွက်"

"ကျွန်မဟာ ရူးသွပ်နေသူတစ်ယောက် မဟုတ်ပါဘူး၊ ဦးနေလင်းထက် နှလုံးသားမပါတဲ့သူတစ်ဦးကို လက်ထပ်ယူရဲလောက်အောင်တော့ ကျွန်မ ရူးသွပ်စွာ မမိုက်မဲသေးဘူးလို့ ထင်ပါတယ်"

နေလင်းထက် ပြုံးလိုက်သည်။

"နှလုံးသား ပါခြင်း မပါခြင်း ဆိုတာကို ခင်ဗျား ဘယ်လိုပေတံမျိုးနဲ့ တိုင်းတာဆုံးဖြတ်လိုက်တာလဲ မဒီ၊ ကျုပ်က နှလုံးသားဆိုတာ သစ်ပင်တစ်ခုလိုပဲ ကျိုးပျက်စီးပြီး ငုတ်တိုဖြစ်သွားတဲ့ တိုင်အောင်တောင်မှ အချိန်တန်ရင် အညွန့်အခက်သစ်တွေထွက်ပြီး ဝေဆာလန်းဆန်းသွားနိုင်တယ်လို့ ထင်ပါတယ်၊ ခင်ဗျား နှလုံးသား သစ်ပင်တွေဟာ မပျက်စီးသေးပါဘူး၊ သံယောဇဉ် နွယ်တက်ရှိသာ ရှိပါသေးတယ်လို့ ကျုပ် ယူဆပြီးသားပါ မဒီ"

မြနုဒီ နေလင်းထက်အား အံ့အားသင့်သွားသော မျက်ဝန်းဖြင့် ကြည့်လိုက်သည်။ သူက ပြုံးကာ

"ကျုပ် ခင်ဗျားကို အနိုင်ယူနေတာ မဟုတ်ဘူး၊ ဖြားယောင်း နေတာလဲ မဟုတ်ဘူး၊ ကျုပ်ဆန္ဒအရ မိသားဖသားပီပီ ခင်ဗျားကို တောင်းခံနေတာ၊ ဒီကြားကာလမှာလဲ ခင်ဗျားအတွက် စဉ်းစား ချိန်တွေ ပေးထားဦးမှာပါ၊ ဒါပေမယ့် နောက်တစ်ကြိမ် ထပ်မံပြီးတော့ ဂုဏ်သိက္ခာမဲ့တဲ့အပြုအမူမျိုး မပြုမိစေဖို့တော့ ဂရုစိုက်ပါ"

"အဲ့ဒီလိုဆိုရင် မိန်းမတစ်ယောက်ကို ရှင် ဘာဖြစ်လို့များ လက်ထပ်ချင်ရတာလဲ၊ ရှင့်ကမ်းလှမ်းချက်ကို ရုပ်သိမ်းလိုက်ပါ

လား"

"ကျုပ် ကြိုးစားနေတဲ့ အရာတွေထဲမှာ သဘောထားကြီးနိုင်အောင် ကြိုးစားခြင်းဆိုတာလဲ ပါတယ်မဒီ၊ ကိုင်း . . ကျုပ် ပြန်ဦးမယ်၊ စိုးစိုးဆီ ဘာမှာဦးမလဲ"

"ကျွန်မ သွားမှာပါ"

"သွားရမှာပေါ့၊ ဒီသူငယ်လေးဟာ ငယ်သလောက် စိတ်ဓါတ်ကြံ့ခိုင်တဲ့ သူလေးပဲ၊ ဩော် . . အန်ကယ် ခြံထဲမှာ ထင်တယ်၊ သွားနှုတ်ဆက်လိုက်ဦးမယ်"

"သွားပေါ့"

မြနုဒီ ကျွတ်ဆတ်ဆတ် ပြောလိုက်သည်။ သူက ရယ်လိုက်ပြီးမှ ထွက်မသွားသေးပဲ

"မဒီ . ."

"ဘာလဲ"

"လက်ဖက်က မင်းလက်ရာလား"

"ဘယ်တော့မှ ဒီအလုပ်မျိုး မလုပ်ဘူး"

"ယုံပါတယ်၊ ဒါပေမယ့် လက်ဖက်မှာ အချဉ်သိပ်စူးနေတယ်၊ အဲဒီလို လက်ဖက်မျိုး အခြားဧည့်သည်တွေ မကျွေးမိဖို့ ခင်ဗျား မီးဖိုချောင် အလုပ်သမားတွေကို ညွှန်ကြားနိုင်လိမ့်မယ်ထင်တယ်၊ ဒါပါပဲ သွားမယ်"

မြနုဒီ ရုတ်တရက် ကြောင်သွားရာမှ . . .

"ရှင့်အပူလား"

"နောင်ကို ကျွန်တော့်ဧည့်သည်အတွက် မျက်နှာပျက်စရာ မဖြစ်နိုင်ဘူးလို့ ပြောနိုင်မလား၊ စေတနာနဲ့ပါ"





www.burmeseclassic.com

www.burmeseclassic.com

သူ လှည့်ထွက်ခဲ့သည်။ သူ့ရင်ထဲ၌ ကျေနပ်သလိုလိုတော့ ဖြစ်မိသည်။ မြနဒီ၌ မိန်းမဆန်သော အပြုအမူလေးများကို တွေ့မြင်လိုက်ရသည်။ မျက်စောင်းထိုးတတ်သည်။ နှုတ်လှန်ထိုး တတ်သည်။

အခြေအနေသည် သူ ထင်သလောက် မဆိုးဘူးဟု သူ ထင်ပါသည်။ သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။







# အခန်း(၁၉)

"လာ. . ကိုနေ"

အုပ်စိုးကို သူ့ညေ့ခန်း၌ အဆင်သင့် တွေ့လိုက်ရသည်။ ရှပ်အကျီလက်ရှည် ဝတ်ထားသည်။ အသားအနည်းငယ် နီစပ်စပ် ဖြစ်နေသည်မှအပ လူမမာတစ်ဦးကဲ့သို့ ဖြစ်မနေ။

"မင်း နေမကောင်းဘူးလို့ သတင်းရလို့"

"ဟုတ်တယ် ကိုနေ ရေချိုး မှားသွားလို့ပါ။ ဘယ်က သတင်း ရသလဲ"

"ဒီလိုပါပဲ ကိုယ်က အနံ့ခံ ကောင်းတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

သူ့ အမှန်အတိုင်း မပြောချင်ပါ၊ အသာစီးက ရနေသူ တစ်ဦးအနေဖြင့် တစ်ဘက်လူကို အလဲထိုးသည့် စကားမျိုး သူ ပြောမထွက်ပါ၊ မြနန္ဒီ အိမ်ကနေလာခြင်းမျိုး သူ မပြောချင်၊ ဖြစ်နိုင်လျှင် သူနှင့် အုပ်စိုးကြား၌ မြနန္ဒီ ရှိမနေစေချင်။

"မမသကြိန်ရေ၊ ကိုနေအတွက် တစ်ခုခု လုပ်ပါဦး"

နေလင်းထက်က. .

"ဟာ မလုပ်နဲ့. . ကိုယ် အခုပဲပြန်မှာ စိုးစိုးနေမကောင်းဘူးဆိုလို့ သတင်းဝင်မေးတာ"

"ရပါတယ်ကိုနေ ကောင်းသွားပါပြီ၊ မနက်ဖြန် လက်ရည်သွေးလို့ရပြီ၊ ကိုနေအားရင် အိမ်ကိုပဲ လာခဲ့ပါလား"

"ကောင်းပြီလေ မင်းတို့ တင်းနစ်ကုတ်ကလဲ ကျယ်သားပဲ၊ အကယ်၍ ကိုယ့်အိမ်ဆောက်ပြီးခဲ့ရင်လဲ ရေကူးကန်ကော တင်းနစ်ကုတ်ပါ ထည့်ထားတယ် စိုးစိုး၊ အဲဒီအခါ မင်းတစ်လှည့် ကိုယ့်ဆီလာကစားရမယ်"

"စိတ်ချပါကိုနေ ကစားသမားဆိုတာ ကစားကွင်း မရွေးတတ်ပါဘူး"

အုပ်စိုး၏ အစ်မအငယ်ဆုံး မြနန္ဒီ၏ သူငယ်ချင်းဖြစ်သော သကြိန် ထွက်လာသည်။ အအေးဘူးနှင့် ငါးမုန့်ကြော်ကို ဗန်းထဲထည့်ယူလာသည်။ ယခုမှ မြင်ဖူးကြသူများ ဖြစ်သဖြင့် အုပ်စိုးက မိတ်ဆက်ပေးသည်။

"ကိုနေ မမသကြိန်ဆိုတာ သူပဲ"

"ဟုတ်ကဲ့ မသကြိန်ကို ကျွန်တော် အမည်ကိုတော့ ကြားဖူးနေတာကြာပြီ၊ ခုမှပဲ တွေ့ဖြစ်တော့တယ်"





"ဟုတ်ကဲ့ ကျွန်မတို့လဲ ဒီအတိုင်းပါပဲ၊ မမကြီး ပြောပြောနေလို့ သိနေကြပါတယ်၊ မမကြီးတို့ မင်္ဂလာဆောင်တုန်းကလည်း ဦးနေလင်းထက် ဒီမှာ မရှိဘူးထင်တယ်"

"ဟုတ်ကဲ့ အဲဒီတုန်းက အမေရိကား ရောက်နေပါတယ်၊ ပြန်ရောက်တာ ငါးလ ဟုတ်တယ်၊ ငါးလကျော်ပဲ ရှိပါသေးတယ်"

သကြိန်အား ရင်းနှီးစွာ ပေါင်းထားခြင်းဖြင့် မြနန္ဒီနှင့် သူ့အတွက် ကြားခံတစ်ဦး ဖြစ်နိုင်သည်။ ပုဏ္ဏားတိုင်း လုပ်ခွင့်ရ ချည်ဟု နေလင်းထက် တွေးမိလိုက်သည်။ မြနန္ဒီနှင့် သူ့ကိစ္စကို သကြိန်အား အုပ်စိုးပြောထားပြီးပုံမရ၊ ဤကိစ္စကို ဘယ်သူက မှ မသိနိုင်သေး။

"တစ်ခါ မမကြီးတောင် ပြောဖူးသေးတယ်၊ မသကြိန် အလုပ်ရှာနေတယ် ဆိုသလားလို့"

"အလကားပါ၊ သူတို့က ကုမ္ပဏီတွေမှာပဲ လုပ်စေချင်တယ်၊ ကျွန်မက ကျောင်းဆရာမပဲ လုပ်ချင်တယ်၊ ကျွန်မ ဆရာမပဲ လုပ်မှာပါ"

"သိပ်ကောင်း သိပ်မွန်မြတ်တဲ့အလုပ်ပါ၊ မိန်းမသားတွေနဲ့ အကိုက်ညီဆုံး အလုပ်တစ်ခုပဲ"

မြနန္ဒီ၌ ထိုစိတ်ကူး ဝါသနာ မရှိခြင်းအတွက် သူ ဘယ်ကဲ့သို့ နားလည်ရမည်နည်း၊ သူကိုယ်တိုင်တောင်မှ စင်ပေါ်မှ မဒီကို ခွဲလန်းခဲ့သည် မဟုတ်ပါလား။

"ကိုနေကို နောက်ဆိုရင် မမသကြိန် ပိုရင်းနှီးရဦးမယ်"

"ဘာဖြစ်လို့လဲ"

"မမသကြိန်ရဲ့ အချစ်ဆုံး ဒီဒီနဲ့ ကိုနေတို့ စေ့စပ်ကြတော့



www.burmeseclassic.com

www.burmeseclassic.com

မှာ"

"ဟင်. . ဟုတ်လား"

သကြိန်က ဖှံအားသင့်သွားပုံရသည်။ တစ်ဆက်တည်း စိတ်ထိခိုက်သွားသော အရိပ်အယောင်များ ယှက်သန်းသွားပြီး သူ့မောင်ငယ်အား ကရုဏာရိပ် မျက်ဝန်းများဖြင့် လှမ်းအကဲခတ်လိုက်ပုံရသည်။ ဤအပြုအမူကို အုပ်စိုးက ထိန်းလိုက်နိုင်သည်။

"ဟုတ်တယ် မမသကြိန်၊ မမဒီဒီအမေ နေကောင်းပြီးရင် စေ့စပ်တော့မှာ ဟုတ်တယ်မဟုတ်လား ကိုနေ"

သူက အားတုံ့အားနာဖြင့်. . .

"မတိုင်ပင်ရသေးပါဘူးကွာ၊ ဖြည်းဖြည်းပေါ့"

ဟုသာ တုံ့ပြန်လိုက်နိုင်သည်။ သူ ရင်မောသွားသည်၊ ခက်နေပြီ. .

အုပ်စိုးနှင့်သူသာ မရင်းနှီးခဲ့ပါလျှင် မြနဒီလို မိန်းမတစ်ဦးနှင့် လက်ထပ်ရခြင်းအပေါ် သူ စိတ်ဝင်စားစွာဖြင့် ပျော်ရွှင်ကျေနပ်နေနိုင်မည် ထင်သည်။

ယခုတော့ သူ စဉ်းစားရမည်။ စဉ်းစားရခြင်းတွင် အုပ်စိုးသည် အဓိက ဖြစ်နေသည်။

မြနဒီ၏ နှလုံးသားကိုတော့ သူ ဂရုစိုက်မနေ၊ ဝါသနာပါရာ အလုပ်ကို ဘဝထက် ပိုချစ်တတ်သော မိန်းမများသည်အတ္တကြီးတတ်သည်။ အတ္တကြီးသော မိန်းမများဟု သူ ယုံကြည်သည်။

"ကိုင်း ကိုယ်ပြန်မယ်စိုးစိုး၊ မနက်ဖြန်ညနေ ကိုယ်လာခဲ့မယ်"

"အဖေးသောက်သွားဦးလေ ဦးနေလင်းထက်"





"ဒီနေ့တော့ မသောက်တော့ပါဘူး၊ နောက်နေ့တွေများမှ အဲဒီအခါ မတိုက်ချင်တော့ဘူးလို့ မငြိုငြင်နဲ့"

"စိတ်ချပါ၊ ဦးနေလင်းထက်၊ ရှင် လာနေသ၍ ကျွန်မတို့ဆီက တာဝန်ကျေစေရမယ်"

"ခွင့်ပြုပါဦး"

နေလင်းထက် နှုတ်ဆက်ပြန်ခဲ့သည်။

အတ္တဆန်သော မိန်းမကို အတ္တဆန်သော ယောကျ်ားက သူ၏ မာနကို ထိပါးလာသဖြင့် အတ္တဆန်စွာ ရယူလိုမှုကို ကြိုးစားသည်။ ဤကိစ္စ မှန်ကန်ရဲ့လား။


မြနဒီကို သူ ဘာကြောင့် လက်ထပ်ချင်ရသနည်း၊ သူမ၏ အလှကြောင့်လား၊ အသံကြောင့်လား၊ စွဲမက်ဖွယ်ရာ ဂီတစွမ်းအားနှင့် ညှို့ငင်အားကြောင့်လား၊ ဒါကို သူ စဉ်းစားဖို့ လိုသေးသည်ထင်သည်။

သူ အလောသုံးဆယ် ဆုံးဖြတ်ချက်သည် မှားများ မှားသွင်း သွားပြီလား၊ သူ သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

"လူမမာသတင်းမေးလာပါတယ်၊ လူမမာက ကစားကွင်းရောက်နေတာကိုး"

မြနန္ဒီအသံက သူတို့ထံ ရောက်လာသဖြင့် သူ ရိုက်ပေးလိုက်သော တင်းနစ်ဘောလုံးကလေးသည် အုပ်စိုးဘက်စည်းအတွင်းသို့ ကျရောက်သွားလေသည်။

"ဟာ မမ"

အုပ်စိုးမျက်နှာ ဝင်းပသွားသည်။ တဒင်္ဂ တွေ့မြင်ရသောအပြုံးသည် ရုတ်ခြည်းပင် ပျောက်ကွယ်သွားသည်။ သူငယ်သည် အရာရာကို သတိရှိစွာဖြင့် ထိန်းသိမ်းလိုက်နိုင်သည်။





"ခဏနော် မမ၊ ဒီတစ်ပွဲပြီးရင်ပြီးပြီ၊ ကိုင်း စရအောင်"

"စိုးစိုးရေ ခုနကအမှတ်ကို ကိုယ်မယူဘူးနော်"

"ရပါတယ် ကိုနေ"

"တို့ ဒိုင်လူကြီး လုပ်ပေးဖို့ လိုသေးသလား"

"ပွဲပြီးတော့မှာပါ မမ"

"ကိုယ်တို့နှစ်ဦးစလုံးရဲ့ ရင်ထဲမှာ တရားရှိပြီးသားဖြစ်လို့ ဒိုင်လူကြီး မလိုဘူး မဒီ"

"ဟုတ်ရဲ့လား စိုး၊ လူကြီးဆိုတာ ကလေးကို ညာတတ်တယ်"

"အဲ့ဒီအထဲ ကျုပ်မပါဘူး"

စကားတွေ ပွင့်ထွက်ကုန်မှာ သူ စိုးရိမ်သည်။ မည်သို့ဆိုစေ အုပ်စိုးအပေါ် သူ အနိုင်မယူချင်ပါ။ သို့သော် ထူးဆန်းစွာဖြင့် ထိုနေ့ပွဲ၌ သူ အနိုင်ရလိုက်သည်။ ထိုအနိုင်ရခြင်းပေါ် ဝမ်းမသာနိုင်၊ ယခင်က စိတ်ရှင်းသန့် ကြည်လင်နေသော ကလေးသည် ယခု လူကြီး ဖြစ်နေပြီ။ လူကြီးဖြစ်လာသည်ဆိုတော့ အာရုံတွေ ထွေပြားလာသည်။ အုပ်စိုးစိတ်၌ တစ်စုံတစ်ရာ နှောင်ဖွဲ့နေပြီ ထင်သည်။

"နာလန်ထစဖြစ်လို့ထင်တယ်၊ ကိုယ်လည်း နလန်ထကို အနိုင်ရခြင်းအတွက် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား"

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုနေ၊ ဒီညစာပွဲကို ကျွန်တော် ရှင်းရမှာပေါ့"

"ဒီလိုဆိုရင် တို့ကော ဧည့်မြှောင်လိုက်လို့ မရဘူးလား"

မြနန္ဒီက မေးလိုက်သည်။

"ကိုနေ့ကို မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးက ထမင်းရည်ပူလျှာလွှဲ ပြောလိုက်သည်။

နေလင်းထက်က. . .

"စိုးစိုးက ဒကာပဲ မောင်ရင့်သဘောပေါ့"

"မမ မိဘတွေ ခွင့်ပြုလိုက်လေ"

မြနဒီ၏ အကြည့်က သူ့ထံသို့ ကျရောက်လာသည်။ သူက သူမ၏ စစ်ကူတောင်းသော အကြည့်ကို နားလည်ပါသည်။

"ကောင်းပြီလေ မဒီလိုက်ချင်တယ်ဆိုရင် ကိုယ် ဖုန်းဆက်ပြီး ခွင့်တောင်းကြည့်မယ်၊ မသကြိန်ပါ လိုက်ခဲ့ပါလား၊ ကျွန်တော်ပဲ ဒကာခံပါ့မယ်"

"ရှင် ကတိတစ်ခု ပေးနိုင်မလား ကိုနေ"

မသကြိန်သည်လည်း သွက်လက်ပွင့်လင်းသော အမျိုးသမီး တစ်ဦးဖြစ်သည်ကို သူ လေ့လာမိသည်။

"ပြောပါ မသကြိန်"

"ကျွန်မတို့ဝိုင်းမှာ အရက်မပါဘူးဆိုရင်ပေါ့"

သူက ကျေနပ်စွာ ပြုံးလိုက်သည်။

"ဖြစ်ပါတယ်၊ ကျွန်တော်ဘားမှာ သွားသောက်ပါ့မယ်"

မြနဒီက သူ့အား ခပ်စူးစူးကြည့်သည်။ သူ အရက်သောက်ခြင်းကို တစ်ခါမှ ဟန့်တားဖို့ မကြိုးစားသော မြနဒီသည် အနေအေးခြင်းလား၊ မိန်းမပီသခြင်းလား၊ မသကြိန်ကတော့ မိန်းမသားပီပီ အရက်သောက်ခြင်းကို ပွင့်လင်းစွာ ဟန့်တားချင်သည်။

"ကိုနေက အရက်ကျိုးလား"

"မဟုတ်ပါဘူး၊ ငိုးပါ"

သူက ရယ်စရာ သက်သက် လုပ်နေခြင်းပါ၊ အုပ်စိုးက





သူ့အစ်မအား. . .

"မမသကြိန်ကလဲ ယောကျ်ားအရက်သောက်တာ ဆန်းသလား"

"ဆန်းတယ် ဖေဖေ ဘယ်မှာ အရက်သောက်လို့လဲ၊ နင်ကော သောက်ချင်လို့လား၊ မဖြစ်ဘူး နောက်ကို နင်တစ်ယောက်တည်း လွှတ်လို့ မဖြစ်ဖူး"

"ဆောရီး မသကြိန် ကျွန်တော် သက်သက် ကျီစယ်နေတာပါ၊ အရက်ကို မသောက်ရမနေ စွဲလမ်းတဲ့လူမျိုး မဟုတ်ပါဘူး၊ ဧည့်သည်တွေ ဧည့်ခံရင်း သောက်မိတာမှအပ ကျွန်တော် မသောက်တတ်ပါဘူး၊ မသကြိန်တို့လို အမျိုးသမီးတွေ ပါလာတဲ့အခါ ကျွန်တော် နားလည်ပါတယ်၊ အန်တီကိုပါ ခေါ်ခဲ့ပါလား"

"လိုက်ရင် ခေါ်ခဲ့မယ်လေ"

မြနဒီက အေးဆေးစွာ ငါးမုန့်ကြော်တစ်ချပ် ဝါးနေရာမှ

"ဦးနေလင်းထက်"

"ပြောမဒီ"

"ကျွန်မကို ဝါသနာရှင် ဧည့်သည်အနေနဲ့ သီချင်းဆိုခွင့်ပေးမလား"

"ပေးပါတယ် ဘာဖြစ်လို့ မပေးရမှာလဲ၊ မဒီမဆိုရင်တောင် ကိုယ်က တောင်းဆိုမိမှာ အမှန်ပဲ"

"ကျေးဇူးတင်ပါတယ် ဦးနေလင်းထက်"

ရယ်စရာတော့ကောင်းသည်။ အရင်းနှီးသင့်ဆုံး သူနှစ်ယောက်က သူစိမ်းဆန်နေပြီး ကျန်သူစိမ်းများနှင့်က တရင်းတနှီးရှိနေသည်။ မည်သို့ဆိုစေကာမူ သူ့အနေဖြင့် အချိန်ယူကာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

သင့်သည်ဟု ယူဆလာသည်။ မြနှင်းဒီ၏ မိဘများဘက်မှ မလောလျှင် အကြောင်းမဟုတ်၊ အကယ်၍များ လောလာလျှင်တော့။

"ကိုင်း ကိုယ်ပြန်တော့မယ်၊ မဒီအိမ်ကို ဖုန်းဆက်ပြောထားပြီး ကိုယ်လာခေါ်ပေးရမလား"

"လာခေါ်ပေးနိုင်ရင်တော့ အကောင်းဆုံးပဲပေါ့၊ ဦးနေလင်းထက်"

"ကောင်းပြီ ဒီလိုဆိုရင် ခြောက်နာရီခွဲ ကိုယ်လာခေါ်မယ်၊ စိုးစိုးတို့ကော"

"ခြောက်နာရီခွဲ ထွက်ခဲ့မယ်"

"ဘယ်လဲ"


"ဟောဝန်နန်း"

"အိုအေ"

နေလင်းထက် ပြန်ခဲ့လိုက်သည်။ မြနှင်းဒီ ကျန်ခဲ့သေးသည်။ အုပ်စိုးနှင့် မြနှင်းဒီ ဘာတွေ ပြောကြမည်နည်း၊ သူတို့နှစ်ဦး တပူးတွဲတွဲ နေခြင်းအပေါ်၌ သံသယစိတ်မဝင်အောင် သူ အတော်လေ့ကျင့် ယူရဦးမည် ထင်ပါသည်။







# အခန်း(၂၁)

လုံလုံခြုံခြုံရှိသော ခပ်ကျယ်ကျယ် ရှည်ရှည်ရယ်ဒီမိတ်အင်္ကျီ ပုံစံလှလှနှင့် ထဘီရှည်ရှည်ပင် ဝတ်ထားသော မြနှင်းဒီ၏ ဝတ်စား ဆင်ယင်မှုသည် လျှပ်ပေါ်လော်လည်ခြင်း မရှိ။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် လျော်ညီသော ဝတ်စားဆင်ဆင်မှုကို မပိတ်ပင်စဉ်ကတည်းက မြနှင်းဒီသည် အင်္ကျီပွပွနှင့် ထဘီကိုသာလျှင် ဝတ်တတ်သော အမျိုးသမီး ဖြစ်သည်။ ဤအချက်သည်း မြနှင်းဒီအပေါ် သူ စိတ်ဝင်စားခြင်းပါသည်။

နောက် ဆွဲဆောင်မှုက အမြဲတမ်း နောက်ကြောတစ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



လုံး ဖုံးအုပ်ကာ ပိတုန်းရောင် တောက်နေသော ဆံကေသာရှည်ကြီး

နောက် သူမရုပ်ရည်နှင့် အချိုးအဆစ်ကျသော ခန္ဓာကိုယ် တည်ဆောက်မှု။

နောက် ခပ်တည်တည်လေး နေတတ်သော မျက်နှာလေး။

နောက် သူမ၏ အနုပညာ အရည်အသွေး၊ သူ အားလုံးကို နှစ်သက်စွဲလန်းစေသည်။

"မောင် အတူတူနေကြရအောင်လား"

မဒီနှင့် အကျွမ်းဝင်ရှိပြီးသား ပရိသတ်ကလည်း မဒီအား "မောင်"သီချင်းကို အမြဲတောင်းဆိုသည်။ မဒီသည် ခေတ်ပေါ်သီချင်းများကိုသာမက နှောင်းခေတ်သီချင်းများကိုလည်း နိုင်နင်းစွာ သီဆိုနိုင်သည်။

မဒီ၏ အသံနှင့် အမူအရာအောက်ဝယ် နစ်မျောလိုက်ပါသွားမိသော သူသည် ပရိသတ်တို့ မဒီအား ပန်းကုံးစွပ်တော့မှ သတိရလာသည်။

"စိုးစိုး"

"... ..."

အုပ်စိုးသည် မျက်တောင်မခတ်ပဲ မင်တက်နေသည်။

ဖြစ်နိုင်သည်။ သူကဲ့သို့ အသက်သုံးဆယ်သို့ ရောက်လာသော သူပင်လျှင် သူမ၏ ဂီတသံစဉ်၌ နစ်မျောမိလျှင် အုပ်စိုးတို့ အရွယ်ဆိုပါက. . .

"စိုးစိုး. ."

"ဟင်. . ကိုနေ"

"ပန်းကုံးသွားစွပ်ပြီး အားပေးလိုက်ကွာ၊ အချင်းချင်းတွေ





ပဲ ပိုအားရှိတာပေါ့"

"ဟာဗျာ ကျွန်တော် မလုပ်ရဲဘူး"

အုပ်စိုး မျက်နှာ ရဲသွားသည် မမသကြိန်က. . .

"ဘာဖြစ်လို့လဲ ကိုယ်က ကလေးပဲ"

"မမသကြိန် သွားစွပ်ပါလား"

"ဟဲ့ ငါ မသွားရဲလို့ ပြောနေတာပေါ့"

"ကဲပါလေ ငြင်းမနေပါနဲ့တော့"

စားပွဲထိုးတစ်ဦးကို ခေါ်ယူကာ သူက ခပ်တိုးတိုးမှာသည်။

"မောင့်အချစ်များစွာသီချင်း သီဆိုပေးဖို့နဲ့ ဆုတော်ငွေ ငါးထောင်"

"ဘယ်သူကလို့ ပြောရမလဲ"

"မဒီရဲ့ ပရိသတ်တစ်ဦးလို့ ပြောပါ"

သူက ငါးရာတန် ဆယ်ရွက် ထုတ်ပေးလိုက်သည်။ သကြိန်က မျက်လုံးပြူးဖြင့် ကြည့်ကာ. . .

"များလှချည်လား"

"ဒီလိုပါပဲ တချို့ဆိုရင် ကိုးဆယ်တန် နှစ်ရာတန်တွေကို ပန်းကုံးလုပ်ပြီး စွပ်တာရှိတယ်၊ ခဏနေဉ် ကျွတ်. . ကျွတ်. . သား ခဏလာဦး"

ကပ်ရက်စားပွဲမှ ချာတိတ်တစ်ဦးကို လှမ်းခေါ်ကာ ကုသားထိုင် နောက်မှီ၌ စွပ်ထားသော ပန်ကုံးများကို ချွတ်ကာ။

"သား သွားစွပ်ပေးနော်"

"ရက်စ် အန်ကယ်လ်"

ခုခေတ် ချာတိတ်များသည် အင်မတန် ရဲတင်းသွက်လက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သူပေးသော ပန်းကုံးများကိုယူကာ မဒီအား သွားရောက်စွပ်ပေးလေသည်။

"မဒီ၏ ထာဝရပရိတ်သတ်တစ်ဦးက ဆုတော်ငွေ ငါးသောင်းကျပ်နဲ့အတူ မောင့်အချစ်မြားစူးကို သီဆိုပေးပါတဲ့"

လက်ခုပ်သံများ ထွက်လာသည်။ နေလင်းထက် မျက်နှာ အနည်းငယ် ထူပူသွားသည်။

"ထာဝရ ပရိသတ်တစ်ဦး"တဲ့၊ သူ့ရင်တွင်းဆန္ဒကို ဘယ်သူကများ တွေ့မြင်ပြီး ကြော်ငြာပေးလိုက်သည်မသိ၊ အုပ်စိုးအပေါ် သူ အားနာသွားသည်။

"ဒီကိစ္စ မဒီမသိပါစေနဲ့နော် မသကြိန်"

"ရှင်. ."

"ကျွန်တော် မဒီ ဆိုတိုင်း ဒီလိုပဲ ဆုချတတ်ပါတယ်"

သူတို့ မောင်နှမနှစ်ဦး၏ အကြည့်က သူ့ပေါ်သို့ စုပြုံကျရောက်လာသည်။ သကြိန်က. . .

"သူ စင်ပေါ်ကနေ မြင်ခဲ့ရင်ကော"

"သူ့သီချင်းထဲမှာ ချာန်ဝင်နေမှာပါ၊ စင်အောက်က လူတွေ အားလုံးကို သူ မမြင်နိုင်ပါဘူး"

"ဟုတ်မယ်. . သူ သိပ်ဝါသနာပါတာ၊ သီချင်းဟာ သူ့ဘဝပါပဲလို့ သူ အမြဲပြောတယ်၊ ဒါပေမယ့် ခက်နေတာက သူ့မိဘတွေ သူ့ကို မြေတောင်မြှောက်မပေးကြဘူး၊ ဒီတော့ ခိုးကြောင်ခိုးဝှက် လုပ်ရတော့ သူ့ခမျာ ကျိုးလန့်စာစားပေါ့"

"ကျွန်တော် သူ့ကို နားလည်ပါတယ်"

"ဒီလိုဆိုရင် ဒီဒီကံကောင်းလိမ့်မယ် ထင်ပါတယ်"





"သူ့ကို ကံကောင်းစေချင်ပါတယ်"

"ဝမ်းသာပါတယ် ကိုနေ"

အုပ်စိုးကတော့ ဘာမှဝင်မပြော၊ ဤကလေး စကားနည်းနေသည်။

မြနဒီ၏အလှည့် ပြီးဆုံးသွားသည်။ မြနဒီသည် မန်နေဂျာ ရုံးခန်းသို့ ဝင်သွားသည်။ ပင်တိုင်အဆိုတော် မဟုတ်သော သူမသည် ဧည့်သည်အဆိုတော်၏ သတ်မှတ်နှုန်းထားကို ရှင်းလင်းပြီး သူတို့စားပွဲဆီသို့ ဣန္ဒြေရရပင် လျှောက်လာပြီး သူမနေရာ၌ ဝင်ထိုင်လိုက်သည်။

"ကွန်ဂရက်ကျူလေးရှင်း ဒီဒီ"

သကြိန်က သူမအား လက်ဆွဲနှုတ်ဆက်သည်။

"ကျေးဇူးပဲ သူငယ်ချင်း၊ နောက်ပြီး ဦးနေလင်းထက်ကိုလဲ ကျွန်မ ကျေးဇူးတင်ပါတယ်"

"ဗျာ. ."

"ဟုတ်တယ် ဒီနေ့ ကျွန်မ သီချင်းဆိုခွင့်ကို ခိုးကြောင်ခိုးဝှက် လုပ်စရာမလိုဘဲ လွတ်လပ်စွာ သီဆိုခွင့်ရတာ ဦးနေလင်းထက် ကျေးဇူးကြောင့်ပဲ ဒါကြောင့် ကျေးဇူးတင်ပါတယ်လို့ ပြောတာ"

"ရပါတယ်"

"နောက်ကိုလည်း ကူညီနိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်"

"လက်စသတ်တော့ အသားလိုလို့ အရိုးတောင်းတာပါလား"



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးက ကြားဝင်၍ ပြောလိုက်သည်။

"ဟုတ်တယ် စိုးပြောသလိုပါပဲ"

"ရပါတယ်၊ ဒါပေမယ့် ကျွန်တော်က မဒီအတွက် စဉ်းစားထားတာ တစ်ခုရှိတယ်၊ စားလိုက်ပါဦး"

"စိတ်ချပါ ပြောမှာသာပြောပါ ဦးနေလင်းထက်"

"မဒီကို ဂီတစာဆို တစ်ဦးဦးနဲ့အပ်ပြီး မဒီ့အတွက် သီချင်းကောင်းကောင်းလေးတွေ ရေးပြီး စီးရီးတစ်ခွေလောက် ထွက်ကြည့်ဖို့ကို အရင်ကြိုးစားစေချင်တယ်"

သူ စကားအဆုံး၌ မြနန္ဒီ၏ မျက်ဝန်းသည် ရွှန်းစိုတောက်ပြောင်လာသည်။ သူမ၏ဘဝသည် ဂီတပါဟု သကြိန် ကောက်ချက်ချတာ မှန်သွားပြီဟု သူ တွေးလိုက်မိသည်။

"ကျွန်မ ရည်မှန်းထားတာ အဲဒါပါပဲ၊ ဒါပေမယ့် ဦးနေလင်းထက် သိတဲ့အတိုင်း"

"ကျွန်တော် ကူညီပါ့မယ်"

"ငွေရေးကြေးရေးကတော့ ကျွန်မမှာ အလုံအလောက်ရှိပါတယ်၊ လိုအပ်နေတာ မိဘတွေရဲ့ ခွင့်ပြုချက်"

"အဲဒီကိစ္စလည်း ကျွန်တော် ကူညီနိုင်လိမ့်မယ် ထင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများပါလိမ့်"

"ကျွန်တော် မဒီအတွက် အဖော်အဖြစ် အမြဲလိုက်မပေးနိုင်ခြင်းကိုပါ၊ စိုးစိုးနဲ့ မသကြိန် အချိန်ပေးနိုင်ရင်တော့"

သူက အုပ်စိုးနှင့် သကြိန်ကို ကြည့်လိုက်သည်။ သကြိန်က

"ခုပဲ မေလရောက်ပြီ၊ ဇွန်ဆိုရင် ကျွန်မက ဘယ်ဆီဘယ်သောင်ကမ်း ဆိုက်မယ်မသိသေးဘူး၊ စိုးစိုးတော့ ကျောင်းမဖွင့်မီကာလအထိ အားနေတာပဲ၊ သူ့ကိုသာ ဘော်ဒီဂတ်အဖြစ် အသုံးချပေတော့"





"ဖြစ်မလားစိုး"

"ကိုနေမအားတဲ့အခါ အကူအညီပေးပါ့မယ်၊ ဒါပေမယ့် မိန်းမဖော်အဖြစ် မမအိမ်က အဒေါ်သားချင်း တစ်ဦးဦးကို ခေါ်သာနိုင်ရင် ပိုကောင်းပါတယ်"

အုပ်စိုး၏ ချင့်ချိန်စကားကို သူ လေးစားရသည်။ အုပ်စိုးနှင့် မြနန္ဒီအပေါ်၌ သူ သံသယ ကင်းရှင်းပါလျှင် မြနန္ဒီကို ပိုင်ဆိုင်ခွင့်ရခြင်း အပေါ်၌ သူ့လောက်ကံကောင်းမည့်သူ ရှိနိုင်မည် မထင်၊ ခုတော့. .

"ကျေးဇူးကမ္ဘာစိုးရာ၊ တို့မောင်က တို့အပေါ် ကူညီနိုင်လိမ့်မယ်ဆိုတာ တို့အကြွင်းမဲ့ ယုံကြည်ပြီးသားပါ"

အုပ်စိုးလက်ကို အုပ်မိုးကိုင်ပြီး ပြောလိုက်သော မြနန္ဒီ၏ အပြုအမူကြောင့် သူ့ရင်ထဲ အမည်မသိသော ဝေဒနာတစ်ရပ် ခဲ့ပေါ်လာသည်။ ထိုဝေဒနာကို ဝန်တိုခြင်းဟု အမည်တပ်ရလိမ့်မည်လား။

အုပ်စိုးအကြည့်က သူ့ထံသို့ ဖျတ်ခနဲ ရောက်လာပြီး မြနန္ဒီလက်အောက်မှ သူ့လက်ကိုယူကာ ချွေးသုတ်သယောင်ယောင်နှင့် ထွက်သော သူ့ နားထင်စပ်မှချွေးကို သုတ်လေသည်။ နေလင်းထက်တပင်လျှင် အုပ်စိုးကို သနားသွားသည်။

မြနန္ဒီကတော့ လူတွေကို သိပ်ဂရုစိုက်တတ်ပုံမရ၊ ထင်ရာမြင်းတတ်သည့် တဖွတ်ထိုး ဉာဉ်ရှိကြောင်း ထင်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော်. . သူ့၌ မျှော်လင့်ချက်တစ်ရပ် ရှိနေသည်။

အချစ်သည် လူစိတ်ကို မယုံကြည်နိုင်လောက်အောင် ပြောင်းလဲနိုင်စွမ်းရှိသည်ဟု

မြနဒီသည် အချစ်နှင့် ထိတွေ့လာပါက. . .







# အခန်း(၂၂)

"မဒီ"

"ပြောပါ ဦးနေလင်းထက်"

"မဒီရင်ထဲ ဘယ်လိုခံစားနေရသလဲ"

"ဘာကိုလဲ အခုလက်ရှိအချိန်မှာ ခံစားနေရတာကို မေးတာလား"

"ဟုတ်တယ်"

"ဒီလိုဆိုရင် ကျွန်မရင်ထဲ သိပ်ပျော်နေတယ်၊ ပြီးတော့ အေးနေမိသေးတယ်"

"ဘာတွေးနေတာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"သြော်. . တစ်ခါတစ်ရံ လောကကြီးမှာ ထင်ထားတာက တခြား၊ ဖြစ်လာတာက တခြားဖြစ်တာပါလားလို့"

"ကျွန်တော် သိပိုင်ခွင့် ရှိသလား မဒီ"

"ရှိပါတယ်၊ ကျွန်မ ဦးနေလင်းထက်ကို ပြောချင်နေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးနေလင်းထက်ဟာ ကျွန်မရဲ့ ကျေးဇူးရှင်တစ်ဦး စာရင်းဝင် ဖြစ်လာလို့ပါပဲ"

ဟောဝန်နန်းမှာ မြနဒီနှင့်သူ ကားပေါ်၌ စကားပြောကြသည်။ မြနဒီနှင့် ရင်းနှီးမှုကို သူရလိုသည်။ ထိုမှတစ်ဆင့် မြနဒီ၏ အတွင်းစိတ်ကို သူ လေ့လာသိရှိခွင့် ရနိုင်သည်။

"ကျွန်တော် မြနဒီကို ဘာမှ အကူအညီ မပေးရသေးပါလား"

"ဒီနေ့ ဖေဖေတို့ ခွင့်ပြုချက်နဲ့ သီချင်းဆိုခွင့်ရခြင်းရယ်၊ စီးရီးထွက်ခွင့်ရအောင် အစအဆုံး ကူညီမယ်ဆိုတဲ့ ကတိစကားရယ် ပေးနိုင်တဲ့သူမှ ကျွန်မရဲ့ ကျေးဇူးရှင်မဟုတ်ရင် ဘယ်သူက ဖြစ်နိုင်မလဲ"

"မဒီပျော်တယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ်"

မြနဒီက ပြုံးကာ သူ့အား ငဲ့စောင်းကြည့်လေသည်။ သူက ကားကို သတိထားမောင်းရာမှ မြနဒီ၏ လှုပ်ရှားမှုကို တစေ့တစောင်း အကဲခတ်လေသည်။ အပြုံးကြောင့် မြနဒီအလှက ပို၍ တောက်ပပေါ်လွင်လာသည် ထင်ပါသည်။

"ကျွန်မ ထင်ထားတာက ရှင်ဟာ မီးဖိုချောင် နိုင်နင်းတဲ့ အိမ်ရှင်မကို လိုလားလိမ့်မယ်လို့ ခုတော့ ကျွန်မထင်ထားတာတွေ တခြား ဖြစ်နေပါလား"





"ဘာလဲ ခင်ဗျားအလိုကို လိုက်လို့လား မဒီ"

"အဲဒါထက် ကျွန်မအပေါ် နားလည်နိုင်ခြင်းကို ဆိုလိုတာပါ"

"ဒါကတော့ အိမ်ထောင်ရှင်မတွေကို မီးဖိုချောင်ဆိုတဲ့ အခန်းကျဉ်းလေးကို ကမ္ဘာတစ်ခုအနေနဲ့ ဖန်တီးပေးခြင်းဆိုတဲ့ ခေတ်က ကျန်ရစ်ခဲ့ပါပြီ မဒီ၊ ကိုယ့်အနေနဲ့ မြနဒီကို လက်ထပ်ဖို့ ကြိုးပမ်းခဲ့တာမှ မဟုတ်ဘဲ၊ မဒီကိုသာ လက်ထပ်ဖို့ ကြိုးပမ်းခြင်းပဲ၊ အဲဒီကတည်းက ခင်ဗျား နားလည်မယ်ဆိုရင် ခင်ဗျားအိမ်က ထွက်ပြေးသွားစရာ အကြောင်းမရှိပါဘူး"

"ဒါပေမယ့် ကျွန်မအတွက် အရှုံးမရှိပါဘူး၊ အုပ်စိုးဆိုတဲ့ မောင်တစ်ယောက် ရလိုက်တာပဲ"

နေလင်းထက် ပြောစရာ စကားစ ပျောက်ဆုံးသွားသည်။ သို့သော် မြနဒီ ပြောစရာ စကားများစွာ ရှိနေသည်။

"ကျွန်မက ရှင့်ကို သဘောထားသေးမယ့် လူတစ်ယောက်လို့ ထင်ထားတာ"

"သဝန်တော့ တိုတတ်တယ်နော်"

"ဒါ သဘာဝပဲ၊ ဒါပေမယ့် ရှင် ကျွန်မနဲ့ ပတ်သက်ပြီး သဝန်မတိုတတ်ပါလား"

"စိတ်ရှည်တတ်လို့ပါ"

"ကောင်းပြီလေ၊ ရှင်နဲ့လက်ထပ်ပြီးရင် ရှင် ကျွန်မရဲ့ ဝါသနာကို လုပ်ဆောင်ခွင့် ပေးမှာလား"

"အောင်မြင်ရင် အားပေးရမှာပေါ့ဗျာ၊ ဒါပေမယ့် ဝေလေလေ ဘဝမျိုးတော့ ကိုယ်က ခွင့်ပြုနိုင်မှာ မဟုတ်ဘူးနော်"


www.burmeseclassic.com

www.burmeseclassic.com

"သဘောပေါက်ပါတယ်"

"ဒီလိုဆိုရင် ခင်ဗျားနဲ့ကိုယ် နားလည်မှု ရသွားပြီ၊ ဘယ်ကိစ္စမဆို ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြီးမှ ဆုံးဖြတ်ကြရအောင်"

"ကောင်းတာပေါ့၊ ကျွန်မ လက်ခံပါတယ်၊ ဦးနေလင်းထက်"

"အိုကေ ဂွတ်နိုက် အိမ်ထဲမဝင်တော့ဘူးနော်"

"ဟုတ်ပြီ"

သူမက လက်ပြကာ အိမ်ထဲဝင်သွားသည်။

နေလင်းထက် ကားကို ပြန်မောင်းထွက်ခဲ့သည်။ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းရမည့် ကိစ္စတွင် ဦးနေလင်းထက် ပါနေသည်။ သူမသည် သူ့အား တစ်စုံတစ်ခုကို ခေါ်သင့်သည် ထင်ပါသည်။

သူ့နှုတ်က ဖွင့်ဟတောင်းဆိုမှုမရှိဘဲ၊ သူမရင်ထဲမှ အလိုအလျောက် ဖွင့်ပေါ်လာသော အခေါ်အဝေါ်တစ်ခုကို သူ လိုလားသည်။ ဖွင့်ပြောရမှာကို သူရှက်သည်။ သူသည် ရည်းစားတစ်ခါမှ မထားခဲ့ဖူးခြင်းကြောင့်ပဲ မိန်းမသားများ၏ စိတ်ကို မသိခြင်းလားဟု သူ တွေးတောလိုက်သည်။







# အခန်း(၂၃)

"သားငယ်ရေ"

"ဗျာ. . မေမေ"

"သားတို့ကိစ္စ ဘယ်လိုလဲ၊ မေမေတို့ ပြန်မထွက်ခင် တစ်ခါတဲ စီစဉ်သွားချင်တယ်'

"စေ့စပ်သွားလေ၊ မဒီတို့အိမ်ကို အကြောင်းကြားပြီး ဘယ်နေ့ဘယ်ရက်ပြောပြီး သွားလိုက်ရုံပဲ မေမေရာ"

နေလင်းထက်က ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

"ဟဲ့. . အဲဒါတော့ သားပြောမှလား" မေမေတို့က တစ်ခါတည်း လက်ထပ်ပေးချင်တယ်၊ မင်းအဖေက ဟိုမှာ နောက်သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက်လုပ်ပြီး ဒီမှာပဲ ပြန်နားတော့မယ်ဆိုတော့ ဒီကြားကာလမှာ မင်္ဂလာဆောင်အတွက် လာနိုင်မှာမဟုတ်ဘူး"

"ဒါကတော့ မေမေတို့ လူကြီးတွေ ညှိနှိုင်းကြလေ၊ ကျွန်တော်လဲ မဒီကို ပြောပြလိုက်ပါ့မယ်၊ ခုတော့ စိုးစိုးအိမ် သွားလိုက်ဦးမယ်"

"ပြောလိုက်ရင် ဘာမှ လေးလေးနက်နက် မရှိဘူး၊ မင်းကြိုက်တဲ့ မိန်းကလေးကလည်း မီးဖိုချောင် နိုင်နင်းပုံ မရဘူး၊ လှတာ တစ်ခုလေး မက်နေ၊ ညစာခက်မယ်နော် သားငယ်"

"မေမေက သဘောမတူဘူးလား"

"မင်းကြိုက်မှတော့ တူရတော့မှာပေါ့၊ မင်းပေါင်းရမယ့်ကိစ္စပဲကွယ်၊ မင်းအပေါ် ကြင်ကြင်နာနာရှိရင် ပြီးတာပါပဲ"

မေမေတို့သည် မြနဒီ ထွက်ပြေးသွားခြင်း ကိစ္စကို သိပုံမရချေ။ ဦးအောင်ခန့်တို့ ဖုံးဖိထားပုံရသည်။ ဒါလည်း တစ်မျိုးတော့ ကောင်းသည်။ မေမေတို့ မြနဒီအပေါ် အပြစ်မမြင်နိုင်တော့။

မြနဒီထံ အကြင်နာကို သူရနိုင်မည့်ပုံမရှိ။ သူကသာ ကြင်နာရလိမ့်မည် ထင်သည်။

သူ အုပ်စိုးထံသို့ ထွက်ခဲ့သည်။ အုပ်စိုးနှင့်သူ ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်သည်။

"ဟဲ့ သားငယ် ဒီလိုဆိုရင် မနက်ဖြန် မေမေတို့နဲ့ မင်းသွားအောင်"

"မေမေတို့ သဘောပဲ"

သူ ယခုမှ သတိရသည်။ မြနဒီအတွက် သူ တစ်ခုခု လုပ်ပေးသင့်သည်။ အုပ်စိုးထံ မသွားတော့ပဲ သူ၏ သူငယ်ချင်း ဂီတ





ဆိုတစ်ဦး၏ လိပ်စာရရန် သူ အရင်ကြိုးပမ်းလိုက်ဦးမည်။

အုပ်စိုးကို ဝင်ခေါ် သွားမည် လိုက်ပါ့မလား။

နေလင်းထက် အုပ်စိုးအိမ်သို့ ရောက်သွားသည်။ ချောချောရှူရှူပင် အုပ်စိုးအား တွေ့လိုက်ရသည်။

"ကျွန်တော်သိတယ်"

"ဟုတ်လား အဆင်ပြေလိုက်လေ၊ ဒီလိုဆို သွားရအောင်"

"ဒီနေ့တော့ ကျွန်တော်ပို့ပေးမယ်၊ နောက်ရက်တွေတော့ ကျွန်တော့်ကို သိပ်အားမကိုးနဲ့ ကိုနေလင်းထက်၊ ကျွန်တော် ကွန်မြူတာတက်မလို့. . နောက်ပြီး စပီကင်နဲ့ ဂျူဒိုထပ်တက်မယ်"

"ဟာ. . လုပ်လှချည်လား"

"အချိန်အားတွေကို ကျွန်တော် အလကား မထားချင်ဘူး"

အုပ်စိုး ပြောင်းလဲသွားသည်။ မြနဒီအား အကူအညီ မပေးလိုခြင်းလားဟု နေလင်းထက် တွေးလိုက်မိသည်။

"ကောင်းပါတယ် ဘယ်အရာမဆို တတ်ထားတာ အကောင်းဆုံးပဲ၊ ကိုယ်တောင် မင်းနဲ့အတူ လိုက်တက်ချင်သေးတယ်၊ ဒါပေမယ့်"

"သိပါတယ် ကိုနေ၊ ကျွန်တော့်ကို မမမြနဒီ ဆဲအောင် မလုပ်ပါနဲ့၊ တစ်ခုတော့ တောင်းပန်ပါတယ်၊ ကျွန်တော် ကိုနေ မအားတဲ့အခါ မမမြနဒီကို အကူအညီပေးမယ်ဆိုတဲ့ကိစ္စ မဖြစ်မြောက်နိုင်တော့ဘူး ထင်တယ်"

"သူသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး"

"ကျွန်တော် ဝမ်းနည်းပါတယ်"

ယခင်တွေ့စက အုပ်စိုးနှင့်မတူ၊ အနည်းငယ် ငေးငေး



www.burmeseclassic.com

www.burmeseclassic.com

ငိုင်ငိုင်ရှိသည်။ စဉ်းစဉ်းစားစားလေး ပြောတတ်သည်။

ဂီတစာဆို ကိုဝေဠုအိမ်သို့ ရောက်သောအခါ ကိုဝေဠုက ဝမ်းသာအားရပင်. . .

"ဟာ ဖိုးနေနဲ့စိုးစိုး၊ ဘယ်ကဘယ်လို တွေ့မိလာသလဲ၊ အတော်ပဲ စိုးစိုးရာ ငါ မင်းဆီကို လာမလို့"

"ကိစ္စရှိလို့လား ဆရာ"

"ရှိတာပေါ့မောင်ရင် ကိုယ် ဝိုင်းတစ်ခု ထောင်လိုက်တယ်၊ အဲဒီမှာ အီလက်ထရစ် ဂီတာသမား လိုနေတယ်၊ အဲ့ဒါ မောင်ရင်များ အကူအညီ ပေးနိုင်မလားလို့"

"ဆရာကလဲ ကျွန်တော်က ပွဲတိုးဖူးတာမှ မဟုတ်ဘဲ"

နေလင်းထက်က ငြိမ်သက်စွာဖြင့် အကဲခတ်လိုက်သည်။ အုပ်စိုး၏ သဘောထားကို သူ သိချင်နေသည်။ သူကလေးသည် ငယ်ရွယ်သူသာ ဖြစ်သည်။ နှလုံးသား၏ လှုပ်ရှားမှုဓာတ်ကို ခံနိုင်စွမ်းရည် ရှိပုံမရချေ။

"မောင်ရင့်လက်ရာကို ကိုယ်ယုံကြည်ပြီးသားပါ၊ လိုအပ်ရင် မင်း စန္ဒယားတောင် ကိုယ့်ကိုယ်စား တီးပေးရဦးမှာ"

"ဆရာက ကျွန်တော့်ကို ဖွတ်တင်နေပါလား"

"လောလောဆယ် မောင်ရင် ကျောင်းမဖွင့်သေးဘူးမဟုတ်လား၊ ကူညီစမ်းပါ စိုးစိုးရာ"

"ကျွန်တော့်ကို တစ်ည အချိန်ပေး"

"စဉ်းစားနေရသေးသလားကွာ"

"ဆရာ့ကို ကူညီဖို့ သက်သက်အတွက် ကျွန်တော် ကြိုးစားပြီး စဉ်းစားမှာပါ"





"ကောင်းပြီလေ မိတ်တွေကို ပြောဖို့ လိုအပ်တယ်ဆိုရင် ကိုယ် လိုက်ပြောပေးမယ်"

"ရပါတယ်ဆရာ ဆရာနဲ့ဆိုရင် မေမေတို့က ခွင့်ပြုမှာပါ၊ တိုင်း ကျွန်တော့်ကိစ္စ ပြတ်ပြီလား ဆရာ၊ ကိုနေကိစ္စ"

"အင်း ဟုတ်ပါရဲ့ ဖိုးနေရေ ဆောရီးပဲကွာ၊ ငါ့အကြောင်း မင်းသိသားပဲ၊ ဂီတအနုပညာနဲ့ ပတ်သက်လာရင် ငါ အရာရာကို မေ့သွားတတ်တယ်"

"ကောင်းတာပေါ့၊ သူငယ်ချင်း၊ မင်းရဲ့ အောင်မြင်မှုတွေကို ကိုယ် နိုင်ငံတကာ လှည့်နေစဉ်က ကြားသိနေရပါတယ်ကွာ၊ ခု ကိုယ်လာတာက မင်းဆီကို အကူအညီ တောင်းမလို့ပဲ"

"ဆိုစမ်းပါဦး"

နေလင်းထက်က မြနဒီအား စီးရီးတစ်ခွေ ထုတ်ချင်ကြောင်း သူမအသံကို စမ်းကြည့်ပြီး သူမနှင့် လိုက်ဖက်သော သီချင်းများကို ရေးပေးရန်နှင့် သူ စီးရီးတစ်ခွေ ထုတ်ပေးရန် အကူအညီတောင်းသည်။

"အတော်ပဲ ငါ မဒီကိုသိတယ်၊ ဖြစ်နိုင်ရင် အမ်တီဗွီရိုက်ဖို့တောင် ကောင်းတယ်၊ တော်တော်လှတဲ့ အမျိုးသမီးပဲ၊ မင်းနဲ့ ဘာတော်သလဲ"

ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်သော ကိုဝေဠုကြောင့် နေလင်းထက်မျက်နှာ အထားရခက်သွားသည်။

"ကိုနေနဲ့ မကြာခင် လက်ထပ်တော့မယ့် ဇနီးလောင်းပါ"

အုပ်စိုးက ကြားဝင်၍ ပြောလိုက်သည်။

"ဟေ ငါ့ကောင်က တယ်ဟုတ်ပါလား၊ မင်းကို ငါက မထုံ


www.burmeseclassic.com

www.burmeseclassic.com

တက်တေးနဲ့ဆိုတော့ လူပို့ကြီးဘဝနဲ့ပဲ ငှက်ပျောတုံး ထည့်ပေးလိုက်ရမယ်ပဲ ထင်နေတာ"

"ဒါတွေ ထားစမ်းပါ ဝေဠုရာ၊ ခင်ဗျား ကူညီနိုင်မယ် မဟုတ်လား၊ ဘယ်နေ့စမလဲ သူ့ကို ခေါ်ခဲ့ရတော့မလား"

"ရတယ်လေ၊ စတူဒီယို သွားမယ့်အချိန်ကလွဲရင် အိမ်မှာ အမြဲရှိနေတာပဲ၊ အေး တစ်ခါတစ်ရံ သာရေးနာရေးကိစ္စတွေက လွဲရင်ပေါ့ ခေါ်ခဲ့လေ၊ မနက်ဖြန် ငါ အိမ်မှာရှိတယ်"

"ဒါထက် မင်း အမျိုးသမီးကော"

"သိတဲ့အတိုင်းပဲလေ၊ ဆိုင်ထွက်တယ် ပြန်မလာသေးဘူး ညဘက် စတိုးဆိုင်တောင် ထပ်ဖွင့်လိုက်သေးတယ်"

"ကောင်းပါတယ်၊ ခုခေတ်မိန်းမက မောင်တစ်ထမ်း မယ်တစ်ရွက် ထမ်းနိုင်မှ တန်ကာကျတယ်၊ ကလေးတွေကော"

"သူ့အဘွားအိမ် သွားဆော့ကြတယ် ထင်တယ်"

"ဘယ်နှစ်ယောက်လဲ"

"လေးယောက်"

"တော်တော် စုမိဆောင်းမိပြီပဲ"

"အေး မင်းသာ အမီလိုက်နိုင်အောင် ကြိုးစား"

နေလင်းထက် မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ အုပ်စိုးအပေါ် မျက်နှာပူသကဲ့သို့ ခံစားလိုက်ရသည်။ ဘာဆိုင်သနည်း၊ အုပ်စိုးနှင့် မြနန္ဒီသည်လည်း သူစိမ်းပြင်ပြင်ပဲ၊ အုပ်စိုးသည် မြနန္ဒီ၏ မောင်မှ မဟုတ်တာ။

"ဟာကွာ. . မင်းကလည်း၊ ကိုင်း ကိုယ်တို့ ပြန်တော့မယ်"

"ဟာ ပြန်တော့မလို့လား၊ စကားကောင်းနေတာနဲ့ လက်





ဖက်ရည်လေး ဘာလေးတောင် တိုက်ဖို့မေ့သွားတယ်"

"လုပ်မနေစမ်းပါနဲ့ ဝေဠုရာ၊ ဧည့်သည်မဟုတ်ဘူး၊ ဗိုက်ဆာလာရင် မောင်ရင့်အကျွေးကိုတောင် စောင့်နေမယ့်လူ မဟုတ်ဘူး"

ပြောပြောဆိုဆိုနှင့် နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

"စိုးစိုးလည်း ဆရာတောင်းတဲ့အကူအညီကို ပေးနိုင်မယ်ဆိုရင် မနက်ဖြန် တစ်ခါတည်းသာ လိုက်ခဲ့ပေတော့"

"ဟုတ်ကဲ့ဆရာ"

မြနန္ဒီအတွက် အစစအရာရာ အဆင်ပြေနေသည်။

မြနန္ဒီ အောင်မြင်နိုင်လိမ့်မည်ဟု သူ ယုံကြည်သည်။

အုပ်စိုးသာ လက်ခံလက်ပါက မြနန္ဒီအတွက် ပိုကောင်းသွားမည် ထင်ပါသည်။

"စိုးစိုး"

"ပြောပါကိုနေ"

"မင်းကို ကိုယ် တစ်ခုမေတ္တာရပ်ခံချင်တယ်"

". . . . . . . . . . ."

အုပ်စိုးက တုံ့ပြန်မှုမပေး။ သူကဆက်၍. . .

"မင်း ဝေဠုတောင်းတဲ့ အကူအညီကို ပေးစေချင်တယ်"

"ကျွန်တော် ဂီတနဲ့ အသက်မွေးဖို့ ဝါသနာမပါဘူး ကိုနေ၊ အပျော်တမ်းအနေနဲ့သာ လေ့လာလိုက်စားမိတာ၊ ဆရာကောင်းတစ်ည့် ဖြစ်နေတော့ ပန်းကောင်းပန်ရသလိုပေါ့ ကိုနေရာ၊ ဘာလဲ ကိုနေက မြနန္ဒီအတွက် ကျွန်တော်ရှိနေစေချင်တာလား"

"ရှိစေချင်တယ်လို့ ပြောရင် ကိုယ်ဟာ သိပ်တစ်ကိုယ်


www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆန်ရာများ ကျနေမလား စိုးစိုး"

"ကျွန်တော် အဲဒီလို မယူဆပါဘူး၊ ဒါပေမယ့် ဆရာ့အတွက် ပြီးတော့ ကိုနေအတွက် နောက်ဆုံး မမသကြီန် သူငယ်ချင်းအတွက် ကျွန်တော် စဉ်းစားမှာပါ"

အုပ်စိုးဖြေပုံက ရှင်းသည်။ မြနဒီနှင့် ပတ်သက်၍ သူ ထောက်ထားစရာ မရှိဟူသော သဘောမျိုး သက်ရောက်သည်။ တစ်နည်းအားဖြင့် အုပ်စိုးသည် လိမ္မာစွာဖြင့် မြနဒီနှင့် သူ့အပေါ် သံသယ ရှင်းစေချင်ဟန်တူသည်။

"ကျေးဇူးတင်ပါတယ် စိုးစိုး၊ မောင်မရှိတဲ့သူအတွက် မင်းဟာ သူ့ရဲ့ မောင်ဆိုရင်လဲ မမှားပါဘူး၊ အဲ အစ်ကိုမရှိတဲ့သူအတွက် ကိုယ်ဟာ အစ်ကိုတစ်ယောက်လိုပဲ သူ့ကို ဖေးမပေးဖို့သာ အဓိကပါလို့ ပြောရင် ရယ်စရာများ ဖြစ်နေမလားပဲ"

အုပ်စိုးက ဘာမှတုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

"ဘာလဲ မင်းက မယုံဘူးလား"

"ယုံချင်ပါတယ်"


"စောင့်ကြည့်ပေါ့ကွာ"

သူ ဒီလောက်သာ ပြောနိုင်သည်။ ဒီထက်ပို၍ ပြောစရာ စကား မရှိပါ။

ရင်ထဲမှာတော့. . .







# အခန်း(၂၄)

"ကျွန်တော့်သဘော ပြောရရင်တော့ စေ့စပ်ထားရုံ လောက်ပဲ လုပ်ချင်ပါသေးတယ်"

"ဟင်. . "

မေမေထံမှ မကျေမနပ် မျက်ထောင့်နီတစ်ခု ထောင့်ကပ် ကြည့်ခြင်းကို ခံလိုက်ရသည်။

"ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်ဆောက်နေတဲ့ အိမ်က မပြီးသေးဘူးမဟုတ်လား၊ အိမ်ပြီးမှ လက်ထပ်ပြီး တစ်ခါတည်း အိမ်တက်မင်္ဂလာ ဆွမ်းကျွေးပြီး တက်နေလိုက်တာမျိုး ဖြစ်ချင်လို့ပါ၊


www.burmeseclassic.com

www.burmeseclassic.com

မဒီဆန္ဒကကော"

"ဦး. . အဲ. . ကိုနေပြောတာကို ကျွန်မ သဘောကျပါတယ်"

"ကိုနေ"တဲ့လား။ ဒီပြင် အခေါ်အဝေါ် တစ်ခုကို မင်း စဉ်းစားလို့ မရဘူးလား မဒီဟု သူ ရင်တွင်း မေးနေမိသည်။

"ကောင်းပတော်၊ သူတို့နှစ်ဦးက အတိုင်အဖောက် ညီနေကြတော့ လူကြီးတွေ ဘာပြောလို့ရမှာလဲ၊ နောက်နှစ်လောက်မှ မင်္ဂလာပွဲ ဖြစ်မယ်ဆိုရင် ကျွန်မတို့ကတော့ လာဖြစ်ချင်မှ လာဖြစ်မှာ အဲဒီအခါ သားကြီးတို့ကိုသာ မိဘအရာထားပြီး ဦးအောင်ခန့်တို့ တိုင်ပင်ညှိနှိုင်းကြပါ၊ ဒီနေ့တော့ စေ့စပ်ပွဲအတွက် တိုင်ပင်ကြတာပေါ့"

လူကြီးမိဘများက စေ့စပ်ပွဲကို ခမ်းခမ်းနားနား လုပ်ချင်ကြသေးသည်။

နေလင်းထက် လက်လျှော့လိုက်သည်။ စိတ်တိုင်းကျသာ စီစဉ်ကြပါစေတော့ဟု မြနန္ဒီအားလည်း ပြောထားလိုက်သည်။ မြနန္ဒီကလည်း ခေါင်းညိတ်သည်။ သူမ၏ အလိုဆန္ဒတွေကို ဖြည့်စွမ်းပေးနေသော သူ့အပေါ်၌ မြနန္ဒီ ကြည်သာနေလေသည်။ တွေ့စကနှင့် တခြားစီ ဖြစ်နေလေသည်။

မိန်းမများ၏ သဘောထားသည် ကြောက်မက်ဖွယ်ကောင်းလှသည်။ သူ၏ အလိုကိုလိုက်လျှင် တစ်မျိုး၊ မလိုက်လျှင် တစ်မျိုးနှင့် ဟု နေလင်းထက် ဆင်ခြင်သုံးသပ်မိလေသည်။

မြနန္ဒီအကြည့်က သူ့ထံသို့ ဆိုက်ရောက်လာသည်။ ကြည်သာရွှင်ပျနေသော သူမ၏ ဟန်ပန်သည် သူမ၏အလှကိုပို၍ ဖြည့်





စွက်ပေးထားလေသည်။

သူမ ထာဝရ လှစေချင်ပါသည်။

"ကိုနေ စားလေ"

သူမက မုန့်ပန်းကန်ကို သူ့ထံသို့ ထိုးပေးရင်း ပြောလိုက်သည်။

"စေ့စပ်ပွဲကိုလဲ အကျဉ်းရုံးပြီး အိမ်မှာပဲ လူကြီးစုံရာနဲ့ လာတောင်းလိုက်ရင် ပြီးပါတယ်"

မြနန္ဒီ မိခင်က အေးဆေးစွာ ဝင်ပြောသည်။

"ဟုတ်ပါတယ် သိပ်ခမ်းခမ်းနားနား လုပ်ချင်တဲ့ဆန္ဒ မရှိကြပါဘူး၊ အရေးကြီးတာက သူတို့ တွဲသွားတွဲလာရှိတဲ့အခါ လူမြင်တင့်တယ်အောင်လို့သာ စေ့စပ်ပေးလိုက်တဲ့ သဘောပါ၊ ကျွန်တော့်သဘောဆိုရင် ဦးဘထက်တို့ရှိတုန်း တစ်ခါတည်း ရုံးတက်လက်မှတ်ထိုး မင်္ဂလာဆွမ်းကျွေးလိုက်စေချင်တာ"

ဦးအောင်ခန့်က သူ၏ သဘောထားကို ပွင့်လင်းစွာ ပြောသည်။

"ကျွန်မတို့လဲ ဒီလိုပါပဲ၊ ဖြစ်နိုင်ရင် မနေ့ မနက်ဖြန်ဆိုသလို အားချင်းစီစဉ်ပြီး လက်ထပ်ပေးလိုက်ချင်တာ၊ ကျွန်မတို့ နေရလှ ရက်နှစ်ဆယ်ပေါ့'

လူကြီးတွေက အတိုင်အဖောက် ညီနေလေသည်။ မြနန္ဒီက သူ့အား အားကိုးတကြီး ကြည့်လိုက်သည်။ သူမအကြည့်ကို သူ နားလည်သည်။ ဤပွဲ၌ သူမငြင်းဆန်၍ အကြောင်းထူးမည်မဟုတ်၊ သူမ၏ မိဘများက သူမအား စကားကို လက်ခံလိမ့်မည်မဟုတ်၊ သူ၏ စကားကိုသာလျှင်


www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ အနည်းဆုံး ခြောက်လ၊ အများဆုံး တစ်နှစ်ပဲ အချိန်ပေးပါ"

နေလင်းထက် တောင်းပန်လိုက်သည်။

နောက်ဆုံး လူကြီးများက လက်ခံလိုက်လေသည်။ ကျေနပ်ပုံတော့ မရကြ။

စီးပွားရေး တစ်ရှိန်ထိုး တိုးတက်အောင်မြင်နေသော သားနှင့် ဂီတဝါသနာထုံလွန်းသော သမီးချောကို နှစ်ဖက်မိဘများက အိမ်ထောင်ဟူသော ထောင်ချထားလိုက်ချင်ပုံရသည်။

နေလင်းထက်အတွက် ထိုည အိမ်အပြန်၌ မေ့မရနိုင်သော စကားတစ်ခွန်းကို ရလိုက်သည်။


"ကိုနေ"

"ပြောပါမဒီ"

"ကျွန်မ ကိုနေကို သိပ်ကြည့်ရသွားပြီ သိလား"


ဟု ပြောပြီး အိမ်ထဲသို့ ချာခနဲဝင်သွားသော မိန်းမချောလေးကြောင့် သူ့ ရင်ခုန်ခြင်းကြီးစွာဖြင့် ထိုည အိပ်ပျော်နိုင်တော့မည် မဟုတ်ပါ။





www.burmeseclassic.com





# အခန်း(၂၅)

ယခုရက်ပိုင်း ဦးနေလင်းထက် အလုပ်များ၍ သူသည် မြနဒီ၏ ကိုယ်ရံတော် ဖြစ်နေရသည်။

မြနဒီ၏ အနုပညာပိုးသည် ကြောက်မက်ဖွယ်ရာ ကောင်းသည်လား၊ ချီးကျူးစရာ ကောင်းသည်လား၊ သူ ဦးနှောက်နှင့်သူ မဆုံးဖြတ်တတ်။

မည်သို့ ဆိုစေကာမူ သူ သိလိုက်သည်က မြနဒီသည် အလွန်ဖွဲ့ကောင်းသော ပါရမီရှင်တစ်ဦး ဖြစ်သည်ဟူသာ။

"မဒီ ညည်း မမောသေးဘူးလား"





"ဒီတစ်ခေါက်ဆရာ၊ ဘာလဲ ဆရာတို့က နားချင်ပြီလား"

"ကိစ္စမရှိပါဘူး. . ညည်းအိမ်နောက်ကျနေမှာစိုးလို့ ပြောတာ"

"ကိစ္စမရှိပါဘူး. . ကိုနေ၊ လာမကြိုနိုင်လဲ စိုးရိမ်နေတာပဲ၊ ဒီ အတွက်တော့ မပူပါနဲ့. . "

"ကိုင်း. . ညည်းသဘော ညည်းသဘော"

ဆရာဝေဠုကလည်း စိတ်ရှည်သည်။ မြနဒီ၏ ကြိုးစားမှုဖြင့် သီချင်းသုံးလေးပုဒ်ခန့်ကို ဆရာစပ်ပြီးသွားပြီး မြနဒီအား လေ့ကျင့်စေသည်။

သီချင်းတစ်ခေါက်တိုက်အပြီး၌ နာရီကိုကြည့်လိုက်သည်။ ညရှစ်နာရီကျော်နေပြီ။

"ကျေးဇူးပဲ. . ဆရာပြန်တော့မယ်. . "

"အိုကေ. . မနက်ဖြန်နေ့လယ်ပိုင်းအားရင် လာခဲ့"

"ကျွန်မအတွက် ဒီကိစ္စကလွဲရင် ကျန်တာကိစ္စမဟုတ်သလောက်ပါပဲ ဆရာ. . စိတ်ချပါ စိုးကော. . "

"စိုးလာရမှာပေါ့. . စိုးနဲ့ညည်းလေ့ကျင့်ကြရမယ်"

အုပ်စိုးရင်ထဲ လေးလံသွားသည်။ အုပ်စိုးရင်ထဲအပူကို ဘယ်သူမှမမြင်နိုင်ကြပါ။ အုပ်စိုးသည် မြနဒီအတွက် အဘယ်မျှ အခက်အခဲရင်ဆိုင်နေရသည်ကို ဘယ်သူမှမသိကြ။ သိအောင်လည်း သူ မကြိုးစား။

အုပ်စိုး ကားမောင်းထွက်ခဲ့သည်။ မွေးသက္ကရာဇ်တစ်နှစ်ဦး ထားသောအုပ်စိုးအတွက် ယာဉ်မောင်းလိုင်စင်က မနှစ်ကတည်းက ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စိုး. . ဆန်းဒေးကျရင် ဆက်ဆက်လာနော်"

သူတို့စေ့စပ်ပွဲနေ့ကို ဆိုလိုကြောင်း အုပ်စိုးရိပ်မိလိုက်သည်။ ပြောရက်သည်။ အုပ်စိုး၏နှလုံးသားကို စတေးခံကာ ဟန်မပျက်၊ လူကြီးလူကောင်းဆန်ခံနေပြခြင်းကို ဘယ်သူမှမရိပ်မိမသိရှိနိုင်ကြ။

"ကျွန်တော် ကြိုးစားပါမယ်"

"ကြိုးစားလို့မရဘူး. . လာကိုလာရမယ်"

မြနှာဒီကတော့ သူမ၏ တဇွတ်ထိုးနိုင်သော တယုသန်စကား ဖြင့် အမိန့်ပေးလေသည်။

သူက ပြုံးရုံပြုံးနေလိုက်သည်။

"ဟိတ်. . ဘာပြုံးတာလဲ၊ ဘာလဲ ငါမလာတော့ကော ဘာတတ်နိုင်မှာလဲဆိုတဲ့သဘောနဲ့ ပြုံးတာလား"

"ကျွန်တော် လူတစ်ဖက်သားကို မလှောင်တတ်ဘူး"

"ကဲပါ. . တို့မောင်ရယ်၊ တို့မေတ္တာရပ်ခံပါတယ်၊ မင်းလာခဲ့ပါနော်၊ မလာရင် တို့ဘယ်နည်းနဲ့မှ စိတ်ကောင်းနိုင်မှာမဟုတ်ဘူး"

သူ၏ ရင်တွင်းခံစားချက်ကို မသိနိုင်၍လား။ သိသိနှင့်တမင်ဥပေက္ခာပြုတာလားကို သူ မတွေးချင်။

မိမိထက်အသက်ကြီးသော မိန်းမတစ်ယောက်ကို ချစ်မိဖို့ သူတစ်ခါမှမတွေးခဲ့။ တစ်ခါတစ်ရံမတွေးထားသောအရာများသည် ဖြစ်ပေါ်လာတတ်သည်။

"စိုး. ."

". . . . . . . ."

"တို့မောင် ဘာတွေတွေးနေတာလဲ၊ တို့မောင်ကိုကြည့်ရ





တာ တို့နဲ့တွေ့စကနဲ့ကို မတူဘူး ဘာဖြစ်နေသလဲ၊ တို့ ဘာအကူအညီပေးရမလဲ. ."

သူမ တကယ်ပဲမသိ၍ မေးတာလား။ သိလျက်နှင့် ရေလာမြောင်းပေးစကားခင်းခြင်းလား၊ သူ့ဦးနှောက်နှင့် လိုက်မမီ၊ သို့သော် တီယာတိုင်ပေါ်မှ သူ၏ လက်ချောင်းကလေးများကို အုပ်မိုး ကိုင်မိ. . .

"ပြောစမ်းပါ စိုးရယ်၊ ပြောလိုက်စမ်းပါ၊ တို့မင်းခံစားချက်ကို သိပ်သိချင်နေပါတယ်"

အုပ်စိုးရင်ထဲက ဟာခနဲဖြစ်သွားသည်။ သူ၏ဆန္ဒကိုဖွင့်ဟ်ဖော်လိုက်လျှင် သူမထံမှ တုံ့ပြန်ချက်သည် သူမ၏ဆန္ဒဖြစ်သွားနိုင်သည်။

"ဆောရီးပဲ မမ၊ ကျွန်တော့်စိတ်တွေ ဒီမှာမရှိတော့ဘူး"

"အလို. ."

"ဟုတ်တယ်. . စင်ကာပူထွက်သွားတဲ့ သူငယ်ချင်းမလေးဆီကို ရောက်နေပြီထင်တယ်"

သူက ရယ်သွေးသန်းရင်း မုသားသုံးလိုက်သည်။

"ဟင်. ."

သူလက်ပေါ်မှ မြနှာဒီလက် ရုတ်သိမ်းလိုက်သည်။ သူမမျက်နှာ အပြုံးမပျက်သော်လည်း တစ်ခုခုတော့ ချွတ်ယွင်းသွားသည်။ ကြည်စိုသောအပြုံးမဟုတ်ဟု သူသိသည်။

ကားကိုသတိထားမောင်းလိုက်ရသည်။

ဦးနေလင်းထက်နှင့် ရင်းနှီးမှု၊ ယုံကြည်မှုတို့ကို သူစောင့်ထိန်းသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပို၍ထိန်းသင့်သည်က လူသားတစ်ဦး၏ ကိုယ်ကျင့်တရား။ ပြီးတော့ မိဘဂုဏ်သိက္ခာ၊ သူ၏ ဂုဏ်သိက္ခာ။

လောကကြီးမှာ ထိန်းချုပ်စရာတွေများလှချည်လား။ အုပ်စိုး စိတ်ညစ်နေပြီ။

"စိုး. ."

မြနန္ဒီ၏ အိမ်ရှေ့ပေါ်တီကိုအောက်၌ ကားကိုရပ်လိုက်သည်။

"စိုး ဆက်ဆက်လာရမယ်"

သူပြုံးကာ ခေါင်းညိတ်လိုက်သည်။ ထိုအခါကျမှ သူမ၏ မျက်နှာသည် ဝင်းပသွားပြီ. .

"တကယ်နော်. . ကတိပေးသလား. ."

"ဆိုပါတော့. ."

"ကြည့်ပါလား. . ပြုံးစိစိနဲ့ တို့ ကြန်ကြန်ကိုလှမ်းပြောထားလိုက်မယ်၊ စိုးမလိုက်ဘူးဆိုရင် ကြိုးချည်ပြီးခေါ်ခဲ့လို့"

သူမကို အုပ်စိုးတုံ့ပြန်မပြောတော့ဘဲ ကားကိုမောင်းထွက်ခဲ့လိုက်သည်။

သူ ရင်တွင်းခံစားချက်ကို မသိမြင်တတ်သဖြင့် ရိုးသားစွာ ပြောဆိုနေခြင်းလား သို့တည်းမဟုတ် သူ့အား တမင်ကလိနေခြင်းလား။

မည်သို့ဆိုစေ သူမအား မမသကြန်ကဲ့သို့ ချစ်တတ်အောင် သူကြိုးစားရမည်။

သူ ဖွယ်တော်လေးဆူဖူးစဉ်က "စက်မှုတက္ကသိုလ်ဝင်ခွင့်ရပါလို၏အရှင်ဘုရား"ဟူသော တူညီသောဆုတစ်ဆုသာတောင်းခဲ့





သည်။ ထိုဆုတောင်းပြည့်ဝသွားသည်။ ဆေးတက္ကသိုလ်အမှတ်သည် လေးရာခုနှစ်ဆယ်တစ်မှတ်တဲ့။ သူ တစ်မှတ်တည်းဖြင့် သူ့ဆန္ဒပြည့်ဝခဲ့သည်။

သူ့ကားသည် သူ့အိမ်ဝရောက်လာသည်။ ညဉ့်စောင့် ဦးလေးက ခြံတံခါးဖွင့်ပေးရင်း. .

"မင်းမလာသေးလို့တဲ့. . မင်းအဖေတောင် ခြံထဲမှာ လမ်းလျှောက်ရင်း မျှော်နေသေးတယ်. ."

ဖေဖေကိုယ်တိုင်မျှော်ပြီဆိုတော့ အုပ်စိုးစိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။

ကားကို ဂိုဒေါင်အတွင်းသွင်းပြီး သူ အိမ်ထဲဝင်ရာ. .

"စိုးစိုး နင်. . ထမင်းစားပြီးပြီလား. ."

အစ်မသုံးယောက်အနက် အစ်မလတ်က တပ်မတော်အရာရှိတစ်ဦးနှင့် ဦးစွာအိမ်ထောင်ကျပြီး ယောင်နောက်ဆံထုံးပါခင်ပွန်း တာဝန်ကျရာတပ်များသို့ လိုက်ပါနေသည်။

နောက်မှ အစ်မကြီးက ကိုနေ၏အစ်ကိုနှင့်အိမ်ထောင်ကျပြီး အိမ်ခွဲဆင်းသွားသည်။ မမကြန်သာလျှင် ကျန်သူ၊ အထက်အောက်လည်းဖြစ်သဖြင့် ကျန်အစ်မများထက် မမကြန်ကို သူပိုချစ်သည်။ မမကြန်ကလည်း သူ့ကိုချစ်သည်။

"စားပြီးပြီ. ."

"အေး. . စားပြီးရင် ဖေဖေ လေသာဆောင်မှာစောင့်နေတယ်. . နင့်ကို စကားပြောမလို့တဲ့. ."

"ဟင်. . ဘာတွေပြောမှာလဲ မမကြန် မသိဘူးလား"

"တွက်ရှင်မအောက်နဲ့လေ. . ဖေဖေနဲ့တွေ့တော့ နင်သိ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်. . သွားသွား. . ”

အုပ်စိုး စိတ်ညစ်သွားသည်။ ဖခင် တကူးတကခေါ်ယူကာ စကားပြောသည်ဆိုလျှင် ကြောက်ရသည်။ စကားနှင့်အတူ သူ့အတွက် အမိန့်တစ်ခု ထုတ်ပြန်လိမ့်မည်ကို သူသိလိုက်သည်။

မမြန်နဒီနှင့်ပတ်သက်သော စကားများမဖြစ်ပါစေနှင့်ဟု သာ သူဆုတောင်းလိုက်သည်။







# အခန်း(၂၄)

သို့သော်. . သူ၏ဆုတောင်းချက် မပြည့်ဝချေ။

“ထိုင်. . သား ရော့. . ဘီယာသောက်”

“ဗျာ. . ”

“ဟုတ်တယ်. . သောက်ကြည့်သား၊ ယောကျ်ားဆိုတာ အရက်လည်းသောက်ဖူးရမယ်ကွ၊ ဒါပေမယ့် စွဲစွဲမြဲမြဲတော့မထားရဘူး. . ၊ အရာရာကို ကိုယ်ကနိုင်နင်းရတယ်. . သောက်လေ သား”

သူက ဖခင်ကို မယုံမရဲကြည့်လိုက်သည်။ ဖခင်သည် သူ့စိတ်အား စမ်းသပ်နေခြင်းလား။

“သောက်စမ်းပါ. . မမြင်ဖူးလို့ မူးကိုမြစ်ထင်တာမျိုးမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရလေအောင် ဘယ်အရာမဆို မြင်ဖူး၊ သိဖူး၊ ကြုံဖူးအောင်လုပ်ထား ရမယ်ကွ. . "

"ဖေဖေ တကယ်တိုက်နေတာလား"

"ဟ. . သားရ၊ မင်း ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီလေ၊ လူကြီး စာရင်းကို ဖေဖေတို့သွင်းလိုက်ပြီ၊ ပြီးတော့ မင်းရဲ့ဝါသနာပြည့်ဝ သွားတဲ့ အောင်ပွဲအတွက် ဖေဖေဂုဏ်ပြုတာ"

အုပ်စိုး မဝံ့မရဲဖြင့် ဖခင်ပေးကမ်းသောဖန်ခွက်ကို အသာ တွေ့လိုက်သည်။ အဝင်ဆိုးသောအရသာတစ်ခု လည်ချောင်းထဲသို့ ပူခါးစီးဆင်းသွားလေသည်။

"ဟုတ်ပြီ. . ကြီသားခြောက်လေး မြည်းလိုက်ဦး"

အုပ်စိုး ဖခင်ကို နားမလည်နိုင်တော့။ သားဖြစ်သူကိုအ ရက်တိုက်သော ဖခင်ဟူ၍ ရှိနိုင်ပါ့မလား။

"ဘယ်အရာမဆို အလွန်အကျွံမဖြစ်စေရဘူး၊ အခြားသူကို မကြည့်နဲ့. . ဖေဖေ့ကိုကြည့်၊ ဖေဖေ အရက်ကို နေ့စဉ်သောက်တာ မြင်ဖူးသလား"

အုပ်စိုး ခေါင်းခါလိုက်သည်။ ပါတီတက်မှ သောက်တတ် သည်။ တစ်ခါတစ်ရံတော့ အိမ်၌ သူငယ်ချင်းဟောင်းများကို ဖိတ်ခေါ်ကာ ဝိုင်းဖွဲ့တတ်သည်မှအပ မွေးနေ့၌ သက်သက်လွတ် စား ဥပုသ် နေ့၌ ဥပုသ်စောင့်တတ်သောသူဖြစ်သည်။ ယခုလို တစ်ယောက် တည်းသောက်တာမျိုး မတွေ့ရ။

"အမေကြီးရေ. . ကဏန်းကြော်လေးလည်းလုပ်ပါဦး မရှ သေးဘူးလား"

မိခင်ကပါ ကဏန်းကောင်လေးများကို ဆန်နှစ်ဖြင့်နှစ်





ကာ အကျွတ်ကြော်ထားသည်။ သူလည်း အင်မတန်ကြိုက်သောအ ကြော်ကို ပန်းကန်ပြားတစ်ချပ်ကြီးထည့်ကာ ယူလာသည်။

"ကိုင်း. . တစ်ငုံသောက်လိုက်ဦး. . သား၊ ဘယ်နှယ့်လဲ သား. . အရက်ဟာ ကောင်းသလား"

"အရက်ကတော့ ကောင်းမကောင်းမသိဘူး၊ ပူခါးခါးနဲ့ အနံ့ ကလည်းဆိုးသေးတယ်၊ ဒါပေမယ့် အမြည်းတွေကတော့ ကောင်းတယ်. . . . "

"ဟင်း. . ဟင်း. . ဟင်း အဖေကြီးသားကတော့ စံပဲ၊ ကလေးသာသာပဲရှိသေးတယ်လို့ပြောတာကိုက မယုံချင်ဘူး"

အရက်သောက်ဖို့ထက် မိခင် ဖွယ်ဖွယ်ရာရာလုပ်ပေးထား သောအမြည်းများကိုသာ လိုက်စားနေသောအုပ်စိုးကို မိခင်က ရယ်သွေးသွမ်းရင်းကြည့်သည်။ ဖခင်က ခပ်ပြုံးပြုံးကြည့်နေသည်။

"သား. . အုပ်စိုး"

"ဗျာ. . ဖေဖေ"

"သောက်ဦးလေကွာ. . "

ဖခင်ကိုယ်တိုင်သောက်မှတော့ သောက်သည်။ ဘာဖြစ်သ လဲ မူးပြီး မမြနဒီကိုမေ့ထားနိုင်လေ ကောင်းလေပဲ သူသဘော ထားကာ သူသောက်ပစ်လိုက်လေသည်။

ကဏန်းကြော် ကျွတ်ကျွတ်ရွရွလေးကလည်း အရမ်း ကောင်းသည်။

"သား. . "

"ဗျာ. . "

"ဖေဖေအသက် ဘယ်လောက်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်ဆယ်နှစ်နှစ်"

"ဟုတ်ပြီ . . မင်းမေမေအသက်ကကော"

"မေမေက ငါးဆယ့်တစ်နှစ် ဟုတ်တယ်နော်"

"ဟုတ်ပါ့ရှင့် . . ဒါပေမယ့် သားသမီးလေးယောက်မွေးရတဲ့ မေမေက မင်းအဖေနဲ့ သက်တူရွယ်တူလိုဖြစ်နေတယ်မဟုတ်လား သား . . ၊ မိန်းမတွေဟာ ယောက်ျားတွေထက် အရွယ်ကျမြန်တယ်သား . . "

"ဟုတ်တယ်သားရေ . . အဲဒီသဘောကိုသိထားလို့ ဖေဖေက ဖေဖေ့ထက် ဆယ့်တစ်နှစ်လောက်ငယ်တဲ့ မင်းမေမေကို တမင်ရွေးယူထားတာ၊ ခုကြည့် ဖေဖေနဲ့မေမေ ရွယ်တူလိုပဲမဟုတ်လား"

အုပ်စိုး စားထားသမျှအမြည်းတို့ လည်ချောင်း၌နင်သွားလေသည်။ ချက်ဆိုလျှင် နားခွက်ကမီးတောက်တတ်သောအုပ်စိုးအတွက် ဖခင်နှင့်မိခင်တို့၏စကားကို နားလည်စပြုလာသည်။

"သား . . မင်းကော မိန်းမယူရင် ရွယ်တူမယူနဲ့၊ အဲ . . အထူးသဖြင့် သူငယ်ချင်းကိုယူရင် မိန်းမအနိုင်ခံရမှာ ကျိန်းသေတယ်ကြီးတဲ့မိန်းမကို ကိုယ်က မြတ်နိုးပြီး ယူပါပြီတဲ့ သူက ကိုယ့်ကိုချာတိတ်လိုသဘောထားပြီး ဩဇာကလည်းပေးဦးမယ်၊ သူတို့ကအရွယ်ကျမြန်လာတော့ ရှုံ့တွလာတဲ့အသားအရည်ကို မိတ်ကပ်လူးရတာနဲ့ ဆံပင်ဖြတ်လားကောက်လား နှုတ်ခမ်းနီအရဲသားဆိုးပြီးငယ်ခဲ့အောင်နုအောင်ပြုပြင်ပြီး ယောက်ျားကို အမီလိုက်ရတာအမောပဲ၊ ပိုဆိုးတာက ဝန်တိုမှုပဲ . . ဝန်တိုမှုဟာ စိတ်ပျက်စရာကောင်းတဲ့ ကိစ္စတစ်ခုပဲ သား . . . "

"ဖေဖေ ဘာကိုဆိုလိုတာလဲ"





"ရှင်းနေတာပဲသား၊ သားနဲ့ မြနဒီ တွဲသွားတွဲလာရှိမှုကို ဖေဖေတို့စိုးရိမ်နေတယ်"

"ဩော် . . ဒါလား ဖေဖေ"

တုန်လှုပ်မှုကို အုပ်စိုးဖုံးကွယ်ကာ အရက်ကို ဖခင်ငှဲ့မပေးဘဲ ကိုယ်တိုင်ငှဲ့လိုက်သည်။ ဖေဖေက ရေခဲတုံးလေးထည့်ပေးရင်း

"ဒါပဲသား . . ၊ သားနှလုံးသားဟာ သိပ်နုနယ်သေးတယ်၊ နုနယ်တဲ့နှလုံးသားဆိုတာ အရောင်ဆိုးရလွယ်ကူတဲ့အတွက် ဖေဖေစိုးရိမ်တယ် သား . . "

"မမနဲ့သား ရိုးသားစွာ ခင်မင်ကြတာပါ ဖေဖေ"

"သကြိန်သူငယ်ချင်းဆိုတော့ သားရဲ့အစ်မပဲလို့ ဖေဖေတို့သဘောထားပြီး ကြည့်နေခဲ့တာသား၊ ဒါ့ပေမယ့် နစ်နာစရာရှိရင် ဘယ်သူ နစ်နာနိုင်သလဲသား".

"မိန်းမသားရဲ့ဘဝဟာ ပိုပြီးနစ်နာစရာရှိရင် မနစ်နာဘူး သား . . ဖေဖေ"

မမဘက်မှ ခံပြင်းသောဝေဒနာတစ်ရပ်က မအောင့်အည်းနိုင်သောကြောင့် သူ မေးခွန်းတစ်ခုကိုထုတ်လိုက်မိသည်။

"ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အဖြူရောင်နဲ့အစွန်းအတေးငြိမိရင် အဖြူရောင်သမားနစ်နာတယ် သား . . "

"သားလေးက အခုမှဆယ့်ရှစ်နှစ်ပြည့်ပြီးကာစရှိသေးတာ၊ ပြီးတော့ ဆယ်တန်းပဲအောင်သေးတယ်၊ ပညာသင်ယူရဦးမယ်၊ မိန်းမ အရှုပ်အရှင်း လုံးဝမရှိတဲ့သူလေ၊ တကယ့် အဖြူရောင်သက်သက်ကလေးလို့ မေမေတို့မိဘတွေဟာ ပိုးမွေးသလိုမွေးပြီး အရိပ်တကြည့်ကြည့်ပါ သားရယ် . . ၊



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် စေ့စပ်ထားတဲ့မိန်းမတစ်ဦး၊ အဲ.. ကျောင်းတုန်းကလည်း ရည်းစားများခဲ့ဖူးတဲ့ မိန်းမတစ်ဦးနဲ့ မတော် တဆ မှားယွင်းသွားမှာ မေမေစိုးရိမ်တယ်၊ ဒါဟာ မေမေတို့အပြစ် လား.. သား.."

သူ မှုးနေပြီ။ ခေါင်းတစ်ခုလုံး ချာခနဲလည်နေပြီ။

"မြနန္ဒီဟာ သိပ်လှတယ်၊ သူ့အောင်မြင်မှုအတွက်ဆိုရင် ဘယ်သူ့ကိုမဆိုစတေးဖို့ ဝန်လေးမှာမဟုတ်ဘူးထင်တယ်"

မဟုတ်ဘူးထင်တယ်၊ မမက ဒီလိုမဟုတ်ပါဘူး မေမေ၊

"သမီးချင်း ကိုယ်ချင်းစာပါတယ်၊ ဒါပေမယ့် စားတော် ဆက်တွေမှာ သီချင်းဆိုရတဲ့ မိန်းကလေးတစ်ယောက်နဲ့ မေမေတို့ သားလေး.. တစ်ခုခုဖြစ်သွားမှာ ဖေဖေတို့ သိပ်စိုးရိမ်တယ်သား"

"ဟုတ်တယ်သား.. ဖေဖေတို့ကို ခေတ်မမီဘူးပဲပြောပြော ဘာပဲပြောပြော စားတော်ဆက်မှာ မိန်းကလေးတွေသီချင်းဆိုတာ ကို ဖေဖေတို့ သဘောကျတယ်၊ ဒါပေမယ့် အဲဒီမိန်းကလေးမျိုးကို ချွေးမတော်ဖို့တော့ ဖေဖေတို့ သဘောမကျဘူးနော်"

"ဘာတွေလဲ.. ဘာတွေပြောနေတာလဲ၊ သူ လက်ထပ် တော့မှာ၊ ရှေ့အပတ် သူနဲ့ကိုနေ စေ့စပ်တော့မှာ ဖေဖေတို့အသိပဲ"

"ဟုတ်တယ်.. သိတယ်၊ ဒါပေမယ့် ဖေဖေတို့ရင်ထဲက သားအတွက် စိတ်မချနိုင်လွန်းလို့ ပူလောင်နေတယ် သား.."

"သား.. ဘာလုပ်ရမှာလဲ ဖေဖေ..၊ သားသိပါတယ်.. သားက မြနန္ဒီဆိုတဲ့မိန်းမကို မယူဘူး၊ အစ်မလို မမကြွန်လိုသဘော ထားပြီး ဆရာကလည်း အကူအညီတောင်းလို့ ကူညီနေတာ"

"မြနန္ဒီကို ကူညီတာလား၊ ဆရာကိုဝေဠုတီးဝိုင်းအတွက်





ကူညီနေတာလား သား.."

သူ မဖြေတတ်တော့..၊

"သား မပြောတတ်ဘူးမဟုတ်လား၊ သားဟာ တီးဝိုင်း အတွက်တီးစရာရှိရင် သွားတီးပြီးပြန်ရုံပဲ၊ ခု မြနန္ဒီကို ကြိုပေးပို့ပေး ဆိုတဲ့တာဝန်ဟာ တီးဝိုင်းအတွက်လား မြနန္ဒီအတွက်လား သား"

မိဘနှစ်ပါး သူ့အားချောင်ပိတ်၍ မေးခွန်းထုတ်လေ၏။

"ဖေဖေတို့ မကြိုက်ဘူးလား"

"ဂီတာတီးတာကို သားဝါသနာအနေနဲ့ ဖေဖေတို့သဘော တူတယ်သား၊ ဒါပေမယ့် ပိုင်ရှင်ရှိပြီးသား သူစိမ်းမိန်းမတစ်ယောက် နဲ့ ရင်းရင်းနှီးနှီးနေတာကို ဖေဖေ သဘာမကျနိုင်ဘူး၊ ပြီးတော့ သား ရဲ့နှလုံးသားမှာ မြနန္ဒီဆိုတဲ့ မိန်းမတစ်ယောက် ရှိမနေစေချင် ဘူး"

"သား ကြိုးစားနေပါတယ် ဖေဖေ၊ ပြီးတော့ နားလည်ပါ တယ်၊ သား သူ့ကို ဘယ်တော့မှယူမှာမဟုတ်ဘူး ဖေဖေ၊ ကျွန်တော် ကတိပေးပါတယ်"

"ဒါပေမယ့် မေမေတို့ စိုးရိမ်ပူပန်မှုအတွက်ကော.. သား ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲ"

"ကျွန်တော့်ကို ဖေဖေကိုယ်တိုင်ဖြစ်စေ၊ မေမေကိုယ်တိုင် ဖြစ်စေ အကြိုအပို့လုပ်ပေးနိုင်ပါတယ်.."

"အဲ့ဒီကိစ္စမျိုးက သားအပေါ်မှာ နို့နံ့မစင်သေးတဲ့ကလေး တစ်ယောက်လို သိက္ခာကျစေတယ်လို့ မထင်ဘူးလား သား.."

"မထင်ပါဘူး.."

အရက်ဝှာ အာနိသင်ပြနေပြီထင်တယ်။ ခေါင်းမူးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖြစ်ခြင်း။

"ဒီထက်ကောင်းတဲ့ အစီအစဉ်တစ်ခု ဖေဖေတို့ သားအတွက် စီစဉ်ထားတယ်ဆိုရင်ကော"

လေးရက်မျှ လက်ပွန်းတတီး ခရီးအတူသွားဖူးသော မိန်းမတစ်ဦးအတွက် သူ ဤမျှခံစားရသည်ကို သူ့ကိုယ်သူ မယုံကြည်နိုင်အောင်ဖြစ်ရသည်။

"သား. . သားကို နောက်နေ့မှပြောတော့ ဖေဖေ၊ သားမူးနေပြီ. . ဖေဖေတို့ပြောတာတွေ ဘာမှမသိတော့ဘူး"

"မူးတာကောင်းသလား"

"မကောင်းဘူး. .၊ ခေါင်းမူးခေါင်းကိုက်ရင်တောင် ပျောက်အောင် ဆေးသောက်ရသေးတာပဲ၊ ဘာကြောင့်များ အရက်ကို သောက်ကြရတာလဲ. ."

သူ မူးမူးနှင့်ဘာတွေပြောမိမှန်းမသိ။

"မကောင်းမှန်းသိရင် ရှောင်ရမယ် သား၊ အရက်လိုပဲ ပြင်းထန်မူးစေတဲ့အရာတစ်ခုရှိတယ် သား"

"ရှိပါသေးတယ်. .၊ ဘာလဲ. . ဘာလဲ ဖေဖေ. ."

သူ သိပ်မူးနေပြီ။ လျှာလေးအာလေးဖြင့် လောကကြီးပဲ ဇောက်ထိုးဖြစ်သလိုလို ဘာလိုလို။

"အဲဒါ ဘာလဲဆိုတော့. . . အချစ်ပဲ. . ."

"အချစ်. . အချစ် ဟုတ်တယ်၊ ဖေဖေ. . သားရင်ထဲက အချစ်ဟာ သားကိုမူးစေတယ်၊ ရူးစေတယ်၊ သားဘာလုပ်ရမလဲ"

"သား ဘာလုပ်ရမလဲဆိုတာ မနက်ဖြန် သားအမူးပြေတော့ မှ ဖေဖေပြောပြမယ်. .၊ အခု သားသွားအိပ်တော့၊ ဖေဖေ





လိုက်ပို့ပေးမယ်"

မူး၍ ခြေလှမ်းသိုင်းကွက်နင်းနေသော သူ့အား ဖခင်ကိုယ်တိုင်လိုက်ပို့ပေးသည်ကို သူသိသည်။

"မိန်းမတွေဟာ မကောင်းဘူး ဖေဖေ၊ သူတို့လိုအင်အတွက် တစ်ပါးသူကို ငဲ့ညှာဖို့ မသိဘူး. ."

"သားကို သူပဲ ချစ်တတ်အောင် ဆွဲဆောင်တယ်"

"သားကို သူ အောင်မြင်မှုအတွက် အသုံးချတယ်"

"ကိုနေလည်း သားလိုပဲ အသုံးချခံပစ္စည်းပဲ"

"မိန်းမတွေဟာ ယောကျ်ားတွေရဲ့ အသုံးချခံသက်သက် သား. . ဖေဖေ"

သူ ဘာတွေပြောပြော၊ မေးမေး ဖခင်ကပြုံးကာ သူ့အား

"အိပ်တော့သား. . မနက်ရောက်မှ သားမေးတာတွေ အား လုံးဖြေမယ်"

မေမေကလည်း တယုတယပင် သူ့နဖူး၌ စို့နေသောချွေးများကိုသုတ်ပေးသည်။ ဖေဖေ့အကူအညီဖြင့် အကျီလဲပေးသည်။ သူ့ဘာသာသူ မလဲနိုင်။

"သားလေး. . သိပ်ငယ်သေးတယ်၊ သားကို မေမေတို့က သိပ်ချစ်တယ်၊ အထူးချွန်ဆုံး၊ အထက်မြက်ဆုံး၊ အရွှင်လန်းဆုံးသော ခတ်လှငယ်လေးတစ်ယောက်အနေနဲ့ မြင်ရတာကို သိပ်စိတ်ချမ်းသာတယ်၊ ခုလို အရက်ကြောင့် မူးယစ်ရတာမျိုးထက် ဆိုးရွားတဲ့ အချစ်ကြောင့် ယစ်မူးတွေဝေခြင်းကို မကြည့်ချင်ပါဘူး၊ သားလေး မေမေပြောတာတွေကြားလား"

"အင်း. . အင်း. ."



www.burmeseclassic.com

www.burmeseclassic.com

သူ အိပ်ချင်လာပြီ။ ခုတင်ကို ပုခက်သဖွယ် ဖေဖေနဲ့ မေမေ လွှဲပေးနေတာလား။ ငယ်ငယ်တုန်းကလို ပုခက်ထဲပဲ သူအိပ်နေတာ လားမသိ။

"အိပ်. . အိပ်. . သားအိပ်တော့. ."







# အခန်း(၂၇)

"လာ. . သား ကော်ဖီသောက်"

ဘလက်ခ်ကော်ဖီထဲသို့ သံပုရာသီးစိတ်ကလေးညှစ်ပေးပြီး ခိုင်က သူ့ထံသို့ရွှေ့ပေးလိုက်သည်။

"ဖေဖေကော မေမေ. ."

ဖခင်က ပင်စင်ယူပြီးသော်လည်း ဖက်စပ်ကုမ္ပဏီတစ်ခု၌ ရှယ်ယာဝင်ထားသေးသည်။

"မမကြန်ကိစ္စနဲ့ အပြင်ထွက်သွားကြတယ်"

"မမကြန်ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ. . သားက အိမ်သားတွေနဲ့ ကင်းကွာနေတယ်ဆိုတော့ ဘယ်သိပ့်မလဲ၊ ကိုင်း. . သားခေါင်းထဲ ဘယ်လိုနေသေးသလဲ. . "

"အုံခဲပြီးကိုက်နေတာပဲ"

"အရက်ဟာ ကောင်းသလား သား၊ နောက် သောက်ဦးမလား"

"တော်ပါပြီ မေမေရာ. . "

အမှန်တကယ် သူစိတ်ကုန်သွားသည်။ ညဥ့်က ဘာတွေပြောမိ ဆိုမိသည်ကိုပင် သူလုံးဝမမှတ်မိတော့။ ဖေဖေကခေါ်ပြီး အရက်တိုက်သည်။ သူ့ကို သက်သက်ပညာပြသည်ဟု သူ သဘောပေါက်သည်။

"အရက်နဲ့မိန်းမဟာ ကြီးကြီးငယ်ငယ် ယစ်မူးစေတတ်တယ်တဲ့ သား. . "

"သားကို မေမေတို့ အစိုးရိမ်လွန်တာပါ၊ သားမှာ ဆင်ခြင်တုံတရားရှိပါတယ်. . "

"ဆင်ခြင်တုံတရား ဘယ်လောက်ရှိရှိ အတွေ့ဆိုတာရှောင်နိုင်ခဲတယ်သား၊ ဒီလောက်အထိ သူစိမ်းမိန်းမတစ်ဦးနဲ့ လက်ပွန်း တတီးနေတာကို မေမေတို့မကြိုက်ဘူး. . စိုးရိမ်တယ်"

"သား သဘောပေါက်ပါတယ် မေမေ၊ သား ငယ်လည်း ငယ်ပါသေးတယ်၊ ပညာလည်းရှာဦးမှာပါ. . ၊ အချစ်ကို ရှေ့တန်းတင်ပြီး ဘဝပျက်စီးရမယ့်လူထဲ သားမပါပါဘူး"

"ကောင်းပြီ. . ၊ သောက်လေသား. . ထမင်းကြော်လည်း စားလိုက်ဦးလေ. . "





ထမင်းကြော်ကို ပုစွန်ခြောက်နှင့်ကြော်မှ စားတတ်သောသူ့အတွက် မေမေသည် အမြဲတမ်း ဂရုတစိုက်လုပ်ပေးလေ့ရှိသည်။ ကော်ဖီကြမ်းနှင့်ထမင်းကြော်ကိုစားရင်း သူ စဉ်းစားသည်။

ညဥ့်က ဖေဖေတို့ ဘာကတိတွေတောင်းသနည်း။

သူ စဉ်းစား၍မရ။

"ဒါပေမယ့် ပုဂံကပြန်လာကတည်းက သား မရွှင်လန်းဘူးနော်. . မသွားခင်ကနဲ့ ဆန့်ကျင်ဘက်ပဲ"

"ထင်လို့ပါ. . "

မိဘများသည် သားသမီးများဝမ်း၌ အူဘယ်နှစ်ခွေရှိသည်ကို သိသည်ဟုဆိုကြသည်မှာ မှန်လေစွဟု သူသဘောပေါက်လိုက်သည်။

"တကယ်ဆို ဆေးတက္ကသိုလ်ဝင်ခွင့်မရဘဲ စက်မှုတက္ကသိုလ်သာ တက်ခွင့်ရသွားတဲ့အတွက် သားဆန္ဒပြည့်ဝသွားပြီး သားဟာ အရမ်းတက်ကြွပျော်ရွှင်နေသင့်တဲ့အချိန်ပဲမဟုတ်လား သား၊ ဒါပေမယ့် သားမပျော်ဘူး. . ၊ သားဟာ စက်ရုပ်ဆန်နေတယ်၊ ဒီအတွက် ဖေဖေနဲ့မေမေဟာ သားကို လွှတ်မထားဘဲ အမြဲတမ်း စောင့်ကြည့်နေခဲ့တယ်. . "

သူ့အတွက် ထမင်းကြော်သည်လည်း အရသာမရှိတော့။ အုံခဲနေသောခေါင်းလည်း ကြည်လင်လာခြင်းမရှိသေး။

"မေမေ့ကို မှန်မှန်ဖြေစမ်း သား. . "

သူ ခေါင်းငုံ့လိုက်သည်။ မေမေမေးမည့်မေးခွန်းကို သူကြို သိနေသည်။

"မြနဒီကို သား စွဲလမ်းနေတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မေးတတ်လိုက်တဲ့ မေးခွန်းပါလား မေမေရယ်. . ဟုသာ သူပြန်မေးလိုက်ချင်သည်။ သို့သော်. .

"ဖြေလေသား. ."

"ဟုတ်ကဲ့. ."

"ဘာဖြစ်လို့ စွဲလမ်းတာလဲ"

"ဗျာ. ."

"လှလို့လား"

"သား မသိဘူး"

"ဒါဖြင့်. . သီချင်းအဆိုကောင်းလို့လား"

"သားနဲ့တွေ့ချိန်မှာ သီချင်းဆိုမဆို မသိသေးဘူး၊ ဆိုတာ လည်း မတွေ့ဖူးသေးဘူး"

"ဒါဖြင့် သေချာတယ် သား"

"လှလို့စွဲလမ်းတာ၊ ငယ်ငယ်ကတည်းက သားအကျင့်က [illegible] အရုပ်ဝယ်ပေးရင်တောင် ဖိုးဝရုပ်တို့ ပစ်တိုင်းထောင်အရုပ်ဆိုရင် မလိုချင်ဘူး၊ လှလည်းမလှဘူး [illegible]ဲ့. .၊

မင်းသမီးမင်းသား [illegible]ရုပ်လှလှလေးတွေကိုမှ သဘောကျ [illegible] တာ၊ ဗိုလ်မရုပ်ဆိုရင်လည်း လှမှ၊ ခွေးရုပ်တောင်မှ ခွေးဘီလူး [illegible] ဘာတို့ကို ရုပ်ဆိုးရင် မယူဘူး၊ ကျောင်းနေပြန်တော့လည်း ရုပ်ချော [illegible] ချော ဆရာမလေးအတန်းမှာပဲ နေချင်တယ်ဆိုလို့ မူလတန်း ကျောင်းစအပ်ကတည်းက မေမေ့မှာ ကျောင်းလိုက်ပြီး ကြိုးပမ်း [illegible] ရတာ အမောပဲ. . ."

သူ သဘောကျစွာ ပြုံးလိုက်မိသည်။ မေမေပြောတာ [illegible] ကို သူမှတ်မိပါသည်။ မေမေ၏ မမောနိုင်မပမ်းနိုင် ရှင်း [illegible]





သူ ကျေနပ်သွားသည်။

"မြနန္ဒီကိုလည်း ဒီအတိုင်းပဲဖြစ်လိမ့်မယ်ထင်တယ်သား၊ သားတို့မပြောနဲ့ မေမေတို့ မိန်းမချင်းတောင် သူ့အလှကို နှစ်ခါပြန် ငေးကြည့်လောက်အောင် သဘောကျတယ်၊ သကြိန်ကတော့ ပြော ခဲ့သား. . သူ့မှာ သိပ်လှတဲ့သူငယ်ချင်းရှိတယ်၊ ဒါပေမယ့် သူ့မိဘ တွေက သိပ်ချုပ်ချယ်ခဲ့တာတဲ့၊

သား. . ပုဂံအသွား လေဆိပ်မှာတွေ့လို့ မိတ်ဆက်ပေးခဲ့ တာ. . မေမေ့သားက မူလက်ကို သွန်လက်ျလုပ်သွားတယ်တဲ့လေဆိုလို့ မေမေတို့ သိပ်စိတ်မပူခဲ့ဘူး၊ ဒါပေမယ့် ပုဂံကနေ သားဖျားလျက် ပြန်လာပြီး မမ. . မမနဲ့ယောင်တော့ မေမေတို့အားလုံး စိုးရိမ်လာ တယ်၊ အဲဒီကတည်းက သားကို မေမေတို့စောင့်ကြည့်နေခဲ့တာ"

"ဒီလောက်တောင် မဟုတ်ပါဘူး မေမေ၊ သူဟာ သားကို [illegible]မှာတကတည်းက သူ့မိဘတွေထံလာတောင်းတဲ့လူတစ်ယောက်ရှိတဲ့ အကြောင်း ပြောပြဖူးပါတယ်"

"ကိုယ်ရေးကိုယ်တာကိုဖွင့်ဟရအောင်ကို သားတို့ရင်းနှီးခဲ့ ကြတယ်ပေါ့. ."

သူ ခေါင်းညိတ်လိုက်သည်။

သို့သော်. . .

"ဒါပေမယ့် ချစ်သူမဖြစ်ခဲ့ပါဘူး မေမေ၊ စိတ်ချပါ. . [illegible]ရှင် ရှိပြီးသား မိန်းမတစ်ယောက်ကို ကျွန်တော် မချစ်ရပါဘူး၊ [illegible]ရင် တောင်မှ မေ့တတ်အောင် မေ့ပစ်လိုက်မှာပါ"

သူ လေးနက်စွာပြောလိုက်သည်။

"သားဘက်က ဟုတ်နေပြီဆိုပါတော့၊ ယောက်ျားဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ် ဓါတ်နဲ့အစွဲအလမ်းကို ဖျောက်ဖျက်လိုက်နိုင်တယ်ထား. . သူ့ဘက်ကတော သားအပေါ် စွဲစွဲလမ်းလမ်းဖြစ်ခဲ့တယ်ဆိုရင်တော. ."

"ဒါတော့ သားမသိနိုင်ဘူး၊ ဒါပေမယ့် သားထင်ပါတယ် မေမေ. . သူ့ရဲ့ချစ်သူဟာ သူ့ရဲ့ဝါသနာလို့. ."

"သားကို မေမေတို့ အစိုးရိမ်ကြီးခဲ့လို့ သားဆုံးဖြတ်ချက်မယူဘဲ လုပ်လိုက်တဲ့အလုပ်တစ်ခုရှိနေတယ်သား"

"ဗျာ. ."

"သား. . ဂျပန်ကိုလိုက်သွားရမယ်"

"ဗျာ. ."

သူ တစ်ဗျာတည်းဗျာကာ အံ့သြခြင်းတို့ဖြစ်မိလေသည်။

"ဟုတ်တယ်. . ဘဘက အမြန်ဆုံးအကူအညီပေးလိမ့်မယ်၊ စကျူးဒင့်ဗီဇာနဲ့ သားဟိုမှာ အလုပ်လုပ်ရင်းကျောင်းတက်ရမယ်၊ သား ဝါသနာပါတဲ့ စက်မှုပညာတစ်ရပ်လည်း သားသင်ယူခွင့်ရမှာပါ။ ဗီဇာအတွက် ဖေဖေကြိုးပမ်းနေပြီ၊ လေယာဉ်လက်မှတ်ကဘဘ ပို့ပေးလိမ့်မယ်. ."

သူ့ရင်ထဲ၌ အမည်မသိသောဝေဒနာတစ်ရပ် ဖြစ်ထွန်းလာသည်။ သို့သော် ထိုဝေဒနာသည် သူ၏ရင်ကို နာကျင်စူးရှစေသော ဝေဒနာတစ်ရပ်မဟုတ်ဘူးဟု သူသိသည်။

လုံးဝ မျှော်လင့်မထားသောအရာတစ်ခုအတွက် သူ အံ့ဩခြင်းကြီးစွာ ခံစားမိခြင်းဖြစ်လိမ့်မည်။

"ဒီကိစ္စအတွက် မိဘတွေက ငါ့ကို အာဏာသုံးတယ်လို့ယူဆဦးမှာလား သား. . ."





"မယူဆပါဘူး. . သားကျေနပ်တယ်၊ ပြီးတော့ အတွေ့အကြုံအသစ်အဆန်းလည်းဖြစ်တဲ့အတွက် သား အံ့သြပြီးပျော်သလိုပဲ မေမေ. ."

မိခင်မျက်နှာ ဝမ်းသာသွားဟန်ဖြင့် ရွှင်လန်းကာ. . .

"တကယ်ပြောနေတာလား သား"

"တကယ်ပါ မေမေ. . သားက လူငယ်ပဲ၊ လူငယ်ဆိုတာ စွန့်စားခြင်းအတွက် ဂုဏ်ယူကျေနပ်တတ်ပါတယ်"

"ဝမ်းသာလိုက်တာ သားရယ်၊ မေမေတို့စေတနာကို သားနားလည်ရင်ပဲ မေမေတို့ကျေနပ်ပါတယ်၊ အချစ်ဆိုတာစတင်ဖို့ရာသားအတွက် စောလွန်းသေးလို့ပါ"

"သား နားလည်ပါတယ် မေမေ"

အုပ်စိုး ကော်ဖီကြမ်းကို ကုန်အောင်သောက်လိုက်သည်။

ထမင်းကြော်ကိုတော့ ခါတိုင်းလို တစ်ပန်းကန်ကုန်အောင် မစားနိုင်သေး။

"ထမင်းကြော် စားဦးလေ. . သား"

"သား ခေါင်းအုံနေသေးတယ် မေမေ"

"အရက်ဟာ လူကို ကောင်းကျိုးပေးစေတဲ့အရာမှမဟုတ်ဘဲသား. .၊ ဖေဖေ့လို ပွဲလမ်းသဘင်မျိုးမှာ မလွှဲမကင်းသာလို့ မိတ်ဖြစ်ဆွေဖြစ်သောက်တာမျိုးကို မေမေတို့ခွင့်ပြုနိုင်ပြီ၊ ဒါပေမယ့် အချစ်ဝေဒနာကို အရက်နဲ့ ဖြေဖျောက်ပါတယ်ဆိုတဲ့ ပျော့ညံ့တဲ့ အလုပ်မျိုးကိုဆိုရင်တော့ မေမေတို့ လုံးဝခွင့်မပြုနိုင်ဘူးဆိုတာ သားခေါင်းထဲထည့်ထားရမယ်. . . ကြားလား. . သား"

"ဟုတ်ကဲ့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ. . သား၊ မေမေတို့လုပ်ဆောင်ချက်ကို လိုက်နာမယ်ပေါ့. . "

"တစ်သဝေမတိမ်းပါ မေမေ"

"လိမ္မာလိုက်တဲ့သားပဲ၊ စွဲလမ်းခြင်းဆိုတာ အချိန်ကကော အသက်ကကော စကားပြောသွားမှာပါ သားရယ်၊ ကဲ. . သားကိစ္စဟာ တစ်လအတွင်း ဖြစ်မြောက်သွားနိုင်တယ်၊ ဒီကြားထဲ သားဘာလုပ်ချင်သလဲ"

အုပ်စိုး စဉ်းစားလိုက်သည်။

သူ့ရင်ထဲ၌ရှိသော ဆန္ဒတစ်ရပ်ကို ဖွင့်ဟပြောသင့်မသင့် ချိန်ဆလိုက်သည်။

"ပြောပါ. . သားရဲ့"

"မမြနုဒီ အခုတိုက်လက်စသီချင်းတစ်ပုဒ် ပြီးမြောက်သွား တဲ့အထိ ကူညီချင်တယ်"

မိခင်က ရုတ်တရက်မပြောသေးဘဲ တွေဝေသွားပြီးမှ. .

"ဘယ်လောက်ကြာမှာလဲ. . . "

"လေးငါးရက်ပါပဲ. . "

"ဖြစ်ပါတယ်. . ဒီကြားထဲ သားတစ်ယောက်တည်းမသွားရဘူး၊ ကိုဘတူနဲ့ပဲသွားလာရမယ်"

ကိုဘတူသည် အိမ်မှဒရိုင်ဘာဖြစ်သည်။ ဖေဖေကတော့ သိပ်သုံးလေ့မရှိဘဲ မေမေနှင့် မမများအတွက်သာ သုံးလေ့ရှိသည်။

"ဟုတ်ကဲ့. . နောက်တစ်ခုကျန်သေးတယ် မေမေ"

"ပြော. . သား"

"လာမယ့်ဆန်းဒေးမှာ ကိုနေနဲ့သူနဲ့ စေ့စပ်ကြတော့မယ်၊ အဲဒါ သားကိုဖိတ်ထားတယ်၊ သား သွားရမလား"

"ဒါလား သားရယ်. . သွားရမှာပေါ့၊ မောင်နေက မေမေတို့ ကိုလည်းဖိတ်ထားတာပဲ၊ ပြီးတော့ သား မမကြီးတို့ပဲ ဒီကိစ္စမှာ အစ အဆုံးစီစဉ်တာဆိုတော့ မေမေတို့အားလုံးသွားမှကိုကောင်းမှာ၊ မေမေတို့ အတူတူသွားကြတာပေါ့. . "

"ဒါထက် မေမေ. . မမကြန်က ဘယ်တော့သွားရမှာလဲ"

"ရွှန်တစ်ရက် ကျောင်းဖွင့်အမီပေါ့ သားရယ်၊ လိုတော့လိုပါသေးတယ်၊ စေ့စပ်ပွဲပြီးမှသွားဖြစ်လိမ့်မယ်"

"မေမေလိုက်ပို့မှာလား"

"မပို့ဘူး. . ဒေါ်သန်းကိုထည့်ပေးလိုက်မယ်၊ အလုပ်ခွင် ဝင်တော့မယ့်လူပဲ သူ့အားသူကိုးပါစေ"

သူ၌ ပြောစရာစကားမရှိတော့။ နောက်ဆုံးတစ်ခွန်းသာ ကျန်သည်။

"ဒီနေ့ နေ့လယ်သီချင်းတိုက်ဖို့ရှိသေးတယ်၊ အဲဒါ သားသွားချင်တယ်"

"ဖြစ်တယ်သား. . ၊ သားထမင်းစားပြီးရင် ကိုဘတူကိုခေါ်ပြီးသွားပေါ့၊ မေမေပြောထားလိုက်မယ်. . "

အုပ်စိုးက အဲကွက်စေ့သော မိဘများကို စိတ်တွင်းချီးကျူးလိုက်သည်။ သူ့အတွက် လိုလေသေးမရှိအောင် အစီအစဉ်များကို ချမှတ်ထားကြသည်ပဲ။

သူ ထမင်းစားခန်းမှထွက်ပြီး ဦးနေလင်းထက်ထံသို့ ဖုန်းဆက်လိုက်သည်။ အိမ်မှာမရှိသဖြင့် ရုံးခန်းသို့ဆက်လိုက်သည်။

"ဟဲလို. . "




www.burmeseclassic.com

www.burmeseclassic.com

"ကိုနေလား"

"ဩော်. . စိုးစိုး ပြောပါ. . ကိုယ်ပါ"

"ကိုနေကိုပြောရမှာတော့ အားနာတယ်ဗျာ"

"ဘာများလဲ စိုးစိုးရဲ ပြောစရာရှိပြောပါ. . ကိုယ်ဟာ မင်းအတွက် အားနာရမယ့်လူမဟုတ်ဘူးထင်ပါတယ်ကွာ. ."

"ဒီနေ့ နေ့လယ်သီချင်းတိုက်စရာရှိသေးတယ်၊ ကျွန်တော်တို့အိမ်မှာလည်း ကိစ္စတွေကများနေတော့ ကားက မလည်နိုင်အောင်ဖြစ်နေတယ်၊ အဲဒါ မမြနန္ဒီကို အကြိုအပို့တာဝန်ယူနိုင်မှာမဟုတ်ဘူးထင်တယ် ကိုနေ. ."

"ဩော်. . ဒါလား၊ ကိုယ်သဘောပေါက်ပါတယ်၊ ကိစ္စမရှိဘူး. . စိုးစိုး၊ ကိုယ်စီစဉ်ပေးလိုက်ပါ့မယ်၊ မနေ့ညဦးကတောင် ကိုယ်ညဦးစာစားပွဲအပြီး ဝင်ကြိုသေးတယ်၊ မင်းကားနဲ့ပြန်သွားပြီဆိုလို့"

"ဟုတ်ကဲ့. . . သူကလည်း ကြာရှည်မစောင့်ချင်ဘူးနဲ့တူတယ်. . ၊ ကျွန်တော့်ကိုအပူကပ်တာနဲ့ လိုက်ပို့ပေးလိုက်တယ်"

"ကျေးဇူးပါပဲ စိုးစိုးရာ၊ ကိုယ်က အလုပ်များတယ်. ."

"ဒါပေမယ့် သူ့အတွက် ကိုနေ. . တစ်ခုခုစီစဉ်ထားပေးပါ"

"စိတ်ချပါ စိုးစိုး မအားဘူးဆိုတော့လည်း ကိုယ်ကြိုးစားရမှာပေါ့ကွာ. ."

ဦးနေလင်းထက်သည်လည်း မြနန္ဒီနှင့်သူ့အကြား သံသယအရိပ်အမြွက်ကို ယောင်၍မျှ မဟမိစေရန် ထိန်းချုပ်ထားပုံရသည်။

"ဒါပဲ. . ကိုနေ. ."

"အိုကေ. ."





တယ်လီဖုန်းချပြီး သူ ရင်မောသွားသည်။

သူ့ရင်ထဲ၌ လိပ်ပြာမလုံစွာခံစားလိုက်ရသည်။ အပေါ်ထပ် ပြန်တက်ပြီး အိပ်ခန်းအတွင်းအောင်းလိုက်သည်။

ခေါင်းအုံးအောက်သို့ လက်အထိုး၌ ခိုးလိုးခုလုဖြင့် စာအုပ်တစ်အုပ် စမ်းမိလိုက်သည်။ သူ ဆွဲထုတ်လိုက်သည်။

ပုဂံ၌ရိုက်ကူးခဲ့သော မြနန္ဒီ၏ ဓါတ်ပုံများအယ်လ်ဘန်ဖြစ်သည်။ နက္ကတစ်ဘူးနှင့်အယ်လ်ဘန်ကို စားပွဲပေါ်တင်လိုက်သည်။ ဒီနေ့ ဆရာကိုဝေဌူးအိမ်သွားလျှင် ယူသွားရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၈)

သူ့သူငယ်ချင်းထဲက လျှပ်စစ်ဂီတာသမားကို သူစဉ်းစားကာလိုက်ရှာသည်။ မောင်မောင်ကတော့ သူကြိုးစားမည်ဟုပြောသည်။ ဒီနေ့တော့ မအားသဖြင့် သူခေါ်မလာခဲ့။

ဆရာကိုဝေဠုအိမ်ရောက်တော့ တစ်ချက်ထိုးနေပြီ။

"လာ. . စိုး၊ မင်း နောက်ကျတဲ့အတွက် ဒဏ်ပေးရမယ်"

သူ အိမ်ပေါ်ရောက်ရောက်ခြင်း ဝေလွင်စွာဆီးကြိုလိုက်သည်က မြနန္ဒီ၏အသံလွင်လွင်လေး။

"ဟုတ်တယ်. . မအားဘူး"





"ဘာလဲ တစ်ကမ္ဘာလုံးမှာရှိသမျှ သင်တန်းမှန်သမျှ လိုက်တက်ဖို့ကြိုးစားနေတာလား"

"မဟုတ်ဘူး. . အခြားဂြိုဟ်တွေမှာဖွင့်မယ့် သင်တန်းမှာတက်မလို့"

"အိုး. . "

"ကိုင်း. . စကားများမနေနဲ့. . စမယ်"

"နေပါဦး ဆရာ၊ ကျွန်တော့်မှာ နုတ်မရှိဘူး. . . "

"ဩော်. . ဟုတ်သားပဲ၊ ငါကလည်း တယ်မေ့တတ်တာကိုး ရော့. . "

သူ မြနန္ဒီကို ခေတ္တမေ့ပစ်လိုက်သည်။ သူ၏အာရုံကို ဂီတသင်္ကေတလေးများထဲတွင် နှစ်မြှုပ်ထားလိုက်သည်။ ပန်းခြံထဲက ဆင်း၍ သူ သံစဉ်ရှာလိုက်သည်။

ဆရာကိုဝေဠုက စန္ဒယားဖြင့် မြနန္ဒီအား သင်ပေးနေသည်။

တိုက်တိုက်ဆိုင်ဆိုင် အချစ်အလွမ်းသီချင်းတစ်ပုဒ်ဖြစ်နေသည်။

သူ့ရင်ထဲ နင့်နင့်သီးသီးခံစားလိုက်ရသည်။

"စာသားတွေ ညည်းရနေပါလား"

"ညဦးက ကျွန်မ အလွတ်ကျက်ပြီးသားဖြစ်နေတယ်ဆရာ"

"တော်တယ်. . . ညည်းအောင်မြင်မှာပါ. . ကြိုးစား၊ ကိုင်း. . ဒါဖြင့် တစ်ပုဒ်ဆက်တက်မယ်. . "

သူ ဂီတာဖြင့်ဝင်တီးကြည့်သည်။ မြနန္ဒီသည် သီဆိုနေသည်။ အစိမ်းရောင်ဝမ်းဆက်လေးဖြင့် သူမ၏ နို့နှစ်ရောင်အသား


www.burmeseclassic.com

www.burmeseclassic.com


အရေမှာ လိုက်ဖက်လွန်းလှသည်။

"ဟော့ကောင် စိုးစိုး. . မင်းဘာဖြစ်နေတာလဲ၊ မှားနေပြီကွ"

"ဆောရီးဆရာ. . . ကျွန်တော်. . "

"သတိထားမှပေါ့. . ကိုင်း. . ပြန်စမယ်"

အနုပညာသည် အလွမ်းပဲဖြစ်ဖြစ်၊ ရွှင်မြူးစရာပဲဖြစ်ဖြစ် စိတ်အာရုံမထွေပြားဖို့အရေးကြီးသည်။ စိတ်သည် မိမိ၏အလုပ်တစ်ခုထဲ၌သာနှစ်မြှုပ်ထားနိုင်ရန် အလွန်အရေးကြီးလေသည်။

မြနဒီမှာ မှားယွင်းသွားသည်ဟူ၍ တစ်ခါမျှမရှိပါချေ။

"ကိုင်း. . နားကြဦး"

နားကြဦးဆိုသည်နှင့် မြနဒီသည် သူ့အပါးသို့ရောက်ရှိလာသည်။

"စိုး. . ဘာဖြစ်လို့ တို့ကိုလာမကြိုနိုင်ရတာလဲ"

"မမသကြိန် နယ်မှာ ဆရာမ သွားလုပ်တော့မယ်"

"အဲဒါ မင်းလိုက်လုပ်ပေးနေရလို့လား"

"မဟုတ်ပါဘူး. . ကားအသုံးများနေလို့"

"ဩော်. . မင်း ဆုတောင်းပြည့်ဝခြင်းအတွက် တို့ကို တစ်ခုခုကျွေးဖို့ မစဉ်းစားဘူးလား"

ထိုအခါမှ သူ တစ်စုံတစ်ခုကိုသတိရလိုက်သည်။ မြနဒီအား ပေးရန်ရှိနေသော အယ်လ်ဘန်နှင့် နက္ကတစ်။

"မေ့နေလိုက်တာ၊ ပုဂံတုန်းကရိုက်ထားတဲ့ပုံတွေရပြီ"

သူ့လက်ကိုင်အိတ်အတွင်းမှ ထုတ်ပေးလိုက်သည်။ မြနဒီကလှမ်းယူရင်း. .

"အတော်ပဲ. . စီးရီးထုတ်ဖို့ လှတဲ့ပုံရှိရင် သုံးရမယ်"

ဆရာကိုဝေဠုကပါ အနားရောက်လာပြီး. .

"အတော်ပဲ. . ကျုပ်လည်း ပုဂံကိုလွမ်းတယ်ဆိုတဲ့ သီချင်းတစ်ပုဒ်ပါစပ်ထားသေးတယ်၊ လိုအပ်ရင် ညည်းစီးရီးကြော်ငြာအတွက် တီဗွီမှာထည့်ဖို့ ပုဂံမှာ အောက်ဒိုးသွားရိုက်ဖို့ ဖိုးနေကိုပြောရမယ်. . "

မြနဒီမျက်လုံးများသည် လင်းလက်တောက်ပြောင်သွားသည်။

"ဟာ. . တကယ်လား ဆရာ"

"တကယ်ပေါ့. . မြန်မာနဲ့ပုဂံ၊ ပုဂံနဲ့မြန်မာဆိုတာ ခွဲခြားလို့ရတဲ့အရာမှမဟုတ်ဘဲ၊ မြန်မာလူမျိုးမှန်ရင် ပုဂံကိုရောက်ဖူးရမယ်ဆို တဲ့သဘောနဲ့ ပုဂံမှာဆုံစည်းတဲ့ချစ်သူနှစ်ဦး ပုဂံကအပြန်ခွဲကွာ သွားကြလို့ လွမ်းငွေ့ဝေနေတဲ့ပုဂံမြေကို မနင်းချင်ကြဘူး၊ ဒါပေမယ့် ပုဂံကိုမသွားဘဲနဲ့မနေနိုင်ဘူးဆိုတဲ့အကြောင်းနဲ့ ပုဂံအလှကိုဖွဲ့ထားတာ. . . "

"အဲဒီသီချင်း ဘယ်မလဲဆရာ. . ကျွန်မ သိချင်လှပြီ"

"တစ်ပုဒ်ပြီးမှ တစ်ပုဒ်လေ. .၊ ညည်းတော့ တော်ကြာ ဒေတိတ်ရှိုးတွေလိုက်ရပြီး ရုပ်ရှင်မင်းသမီးဖြစ်လာဦးမယ်ထင်တယ်"

"ဒါတော့ ဆရာမှားသွားပြီ"

"ဟေ. . "

"ကျွန်မ ဖြစ်ချင်တာ အဆိုတော်၊ ကျွန်မ ဝါသနာပါတာ ဒီတာပါ။ ကျွန်မ သီချင်းပဲအမြဲဆိုနေမှာပါဆရာ၊ မယုံရင် စောင့်ကြည့်ပါဆရာ. . "

"ဝမ်းသာပါတယ် မဒီ၊ အောင်မြင်ကျော်ကြားချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ဝါသနာပါရာကိုလုပ်ရင် အောင်မြင်ရင် ဘဝအဓိပ္ပါယ်ရှိပါတယ်၊ ကိုင်း . . ဆရာ လက်ဖက်ရည်ဆိုင်ခဏသွားလိုက်ဦးမယ်"

ဆရာနှင့် တီးဝိုင်းသမားများ လက်ဖက်ရည်ဆိုင်ထိုင်ရမှ ကျေနပ်တတ်သည်။

"စိုးစိုးကော. . "

"လိုက်မယ်ဆရာ"

သူမအဖော် အမျိုးသမီးမပါချေ။

သို့သော် ဆရာ့ဇနီးရှိနေသည်။ အိပ်နေသလား အိမ်မှုကိစ္စပဲများနေသလားမသိ ဧည့်ခန်းသို့ထွက်မလာချေ။

မည်သို့ဆိုစေ ဆရာကိုဝေဠု၏ ပုဂံအလွမ်းဟူသောစကားသည် သူ့လိပ်ပြာကိုခြောက်လှန့်လိုက်လေပြီ။

မြနဒီက သူ့အားမကျေမနပ်ကြည့်သည်။ သူ့ရင်ထဲနင့်ခနဲဖြစ်သွားသည်။

မြနဒီ၏မျက်ဝန်းကို သူသိနေသည်။

မျက်ဝန်းသည် နှလုံးသား၏ ဖော်ကောင်ဖြစ်သည်ပဲ။

သို့သော် သူ ဥပေက္ခာပြုလိုက်သည်။

"ဟော့ကောင် စိုးစိုး"

"ဟုတ်ကဲ့. . ဆရာ"

"မင်းတို့ သုံးပွင့်ဆိုင်ပြဿနာက ဘယ်လိုလဲ"

"ဗျာ. . ဆရာ. . ဆရာ ဘာကိုဆိုလိုတာလဲ"

"အဲဒီလို မင်းငါ့ကိုမေးခွန်းပြန်ထုတ်လိုက်တာကိုက မင်းငါ့မေးခွန်းကို ဖုံးကွယ်ပစ်ဖို့ကြိုးစားလိုက်တာနဲ့ အတူတူပဲ"

လူတိုင်း၏နှလုံးအိမ်ကို ဖမ်းစားနိုင်စွမ်းရှိသော စာသားဖြင့် ဂီတသံစဉ်ဖွဲ့နေသောဆရာ့ကို အုပ်စိုး လိမ်ညာ၍ရနိုင်ပါမလား။

"ဆရာသိနေရင်လည်း ပြီးတာပဲ၊ ကျွန်တော် ဘာမှမပြောင်းချင်တော့ဘူး. . "

"အေး. . မပြောင်းချင်ပေမယ့် ငါ မင်းကိုတစ်ခုသတိပေးချင်တယ်၊ အဲဒါဘာလဲဆိုတော့ သူတို့ကို မင်းယှဉ်ပြိုင်ဖို့မကြိုးစားနဲ့ဆိုတာကိုပဲ. . "

သူ့ရင်ထဲနာသွားသည်။ အရာရာကို လက်မြှောက်အရှုံးပေးထားသူပါဆရာဟု သူဖွင့်ဟလိုက်ချင်သည်။

သို့သော်. . .

"ဟုတ်ကဲ့. . "

"ငါ့တပည့်၊ အေးလေ မင်းလည်းတပည့် မဒီလည်းတပည့်ပဲ၊ ဒါပေမယ့် မင်းက လိမ္မာတယ်၊ မဒီက တဇွတ်ထိုးနိုင်မယ့်သူကွ၊ သူ့မျက်လုံးအကြည့်ကို ငါသိနေတယ်၊ မင်းမျက်လုံးရဲ့ရှောင်တိမ်းမှုကိုလည်း ငါသိနေတယ်. . ၊ ဒီအထဲမှာ နားလည်ရခက်နေတာက နေပဲ. . "

"ကိုနေကို ကျွန်တော် ခင်လည်းခင်တယ်၊ လေးလည်းလေးစားပါတယ်ဆရာ၊ ကျွန်တော့်ကြောင့် သူတို့နှစ်ဦးရဲ့ပေါင်းစည်းမှုမှာ အနှောင့်အယှက် မရှိစေရပါဘူးလို့ ဆုံးဖြတ်ထားတယ်"

"အေးပါ မင်းဘက်က ငါယုံကြည်မှုအပြည့်ရှိတယ်၊ မင်းစိတ်ဓါတ်ကိုလည်း ငါသိနေတာပဲ၊ ဒါပေမယ့် မင်း မဒီကို လျှော့မတွက်နဲ့ဆိုတာကို ငါ သတိပေးချင်တယ်"

"ဟုတ်ကဲ့. . ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဆရာ့ကိုခွင့်







www.burmeseclassic.com

www.burmeseclassic.com

တောင်းချင်နေတာနဲ့အတော်ပဲ. . "

"ဆိုစမ်းပါဦး"

"ဒီသီချင်းပြီးရင် ကျွန်တော့်ကိုယ်စား တစ်ယောက်ယောက်ကို လှူစားလဲပေးဖို့ပါပဲ. . "

ဆရာကိုဝေဠုက ဆေးပေါ့လိပ်ကိုဖွာရှိုက်ကာ မီးခိုးများ မှုတ်ထုတ်ရင်း စဉ်းစားလိုက်သည်။

အတန်ကြာမှ. .

"အေးလေ. . အနာဆိုတာ မကြီးခင်ခွဲစိတ်တာအကောင်းဆုံးပေါ့၊ ဒါပေမယ့် ငါ့ရင်ထဲဘဝင်မကျတာ တစ်ခုရှိနေတယ်၊ မင်းကိုပဲ ငါပွင့်ပွင့်လင်းလင်းမေးရမှာပဲ"

"မေးပါဆရာ. . "

"အဲဒါက ဘာလဲဆိုတော့ ဖိုးနေက မဒီ မင်းကိုစိတ်ဝင်စားတာသိလျက်နဲ့ ဘာဖြစ်လို့ နီးစပ်အောင်ဖန်တီးပေးနေသလဲဆိုတာကိုပဲ. . "

ထိုမေးခွန်းကို သူဖြေ၍မတတ်ချေ။ ပွင့်လင်းစွာဖြင့်. .

"ကျွန်တော့်ဦးနှောက် အဲ့ဒီလောက်အထိ မသွားသေးဘူးဆရာ"

"ဆောရီး. . စိုးစိုး၊ အကောင်းဆုံးကတော့ ဒီပွဲမှာ မင်းအောက်ပေးလိုက်၊ ဘယ်သူက ဘယ်လောက်ပဲကြိုးပမ်းကြိုးပမ်း မင်းစိတ်ခါတ်ကြံ့ခိုင်ဖို့ပဲ အရေးကြီးတယ်"

"နှလုံးသားမာကျောဖို့ မဟုတ်ဘူးလား"

"ဟာ. . ကိုယ်မှားပြန်ပြီ၊ မင်းတော်တယ် စိုးစိုး၊ မင်းမိဘတွေ မင်းတို့နားရက်မှာ ငါ့ဆီရောက်လာကြသေးတယ်၊ မင်းနဲ့





သက်ပြီးဆွေးနွေးကြတယ်. . "

သူ ဘာမှမမေးချင်တော့ပါ။ ခက်သည်က အချစ်ဆိုတာ မစတင်မီကတည်းက သူ့နှလုံးသားကို အချစ်မီးတို့က လောင်ကျွမ်းသွားလေပြီ။

"မင်း အတတ်ပညာရှင်တစ်ဦးဖြစ်နဲ့ပဲ ဆရာ မင်းကို စောင့်မျှော်နေပါ့မယ်"

"စိတ်ချပါဆရာ. . နှလုံးသားနဲ့ဘဝကို မလဲပါဘူးဆရာ"

"အေးလေ. . လောကကြီးမှာ အချစ်ဟာမရှိမဖြစ်အရေးပါပေမယ့် ဘဝနဲ့ယှဉ်လာတဲ့အခါ အချစ်ဟာ ချောင်တစ်ချောင်မှာ ပုန်းအိပ်နေတတ်ပါတယ် စိုးစိုး၊ မင်းကို ဆရာချီးကျူးပါတယ်၊ ကိုင်းလက်ဖက်ရည်သောက်လိုက်ဦး၊ မဒီ လည်တဲ့ရှည်နေဦးမယ်"

မြနဒီ ဖိုးဖိုးဇတ်ဇတ်နှင့် လက်ဖက်ရည်ဆိုင်လိုက်မလာခြင်းကို သူကျေးဇူးတင်ရမည်။

မြနဒီကို သူ လျှော့မတွက်ရဲပါ။

"ဆရာ ကျွန်တော့်နေရာအစားထိုးဖို့ လူရပြီလား"

"ရှာတုန်းပဲ. . "

"ကျွန်တော့်သူငယ်ချင်း မောင်မောင်ကို ကျွန်တော်ပြောထားတယ်၊ မနက်ဖြန် ဆရာသုံးကြည့်လိုက်လေ၊ ဒီည ကျွန်တော် ဒီနေ့ကို သူ့ကိုပေးလိုက်မယ်"

"ဟ. . မင်းက မြန်လှချည်လား"

"ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမကောင်းဘူးလား ဆရာ. . . "

"အေး. . အကောင်းဆုံးပေါ့ တပည့်ရာ"



www.burmeseclassic.com

www.burmeseclassic.com


သူတို့ လက်ဖက်ရည်ဆိုင်မှ ပြန်ထွက်ခဲ့ကြသည်။ အိမ်နား ရောက်ခါနီး၌. .

"စိုးစိုး. . မင်းရင် ဘာဖြစ်နေသေးသလဲ"

"အချစ်လှိုင်းပုတ်ရာတော့ ကျန်ရစ်နေသေးတာပေါ့ ဆရာ"







# အခန်း(၂၉)

"မင်းကားကော စိုး. . ."

"ဖေဖေလာကြိုမလား၊ ကိုဘတူပဲလာကြိုမလားမသိဘူး"

"တို့က ကိုနေ့ကို လာမကြိုနဲ့. . မင်းကိုပဲပို့ခိုင်းမယ်လို့ပြော ထားတာ"

"ရပါတယ်. . ဖိုးနေက အလုပ်ကပြန်တိုင်း ညည်းအခြေ အနေကိုမေးရင်း ဆရာ့ဆီကို ဝင်နေကြပါကွာ. ."

ထိုစဉ် ကားတစ်စီးဝင်လာသည်။ ဦးနေလင်းထက်ကားဖြစ် နေတော့သော ဆုတောင်းချက် ပြည့်ဝသွားလေသည်။ မြနဒီ မျက်နှာ မှာ သိသာစွာ ညိုမှောင်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"ပြီးသွားပြီလား"

"လာလေကွာ. . ဖိုးနေ ထိုင်ဦး"

"မဒီများ ပြန်ချင်ပြီလား"

"ရပါတယ် ဖြည်းဖြည်းပေါ့"

အုပ်စိုး၏နံဘေး၌ ဦးနေလင်းထက် ဝင်ထိုင်လိုက်သည်။

"မင်းတို့ စေ့စပ်ရက်က ဘယ်နေ့လဲကွ၊ နီးနေပြီမဟုတ်လား၊ နားချင်နားလိုက်ဦးလေ. ."

"ရပါတယ်. . ကျွန်မတာဝန် ဘာမှမရှိဘူး၊ ဒီတစ်ပုဒ်အပြီးသွင်းလိုက်မယ်"

စေ့စပ်ခြင်း၌ မြနဒီသည် တာဝန်မဲ့စွာနေနိုင်သည်။ ဦးနေလင်းထက်ကလည်း. . .

"ရပါတယ်. . ဟိုတယ်မှာဆိုတော့ ဘာမှပြင်ဆင်စရာမလိုဘူး၊ လူ အပင်ပန်းသက်သာတယ်. ."

"ဘယ်မှာလဲကွ. ."

"မနက်ဖြန်မှ ဖိတ်စာရမယ်၊ တစ်ခါတည်း မောင်ရင့်ကိုပေးမယ် စိတ်ချ. ."

"မင်္ဂလာပွဲကကောကွာ. ."

"ဒါကတော့ သူ့သဘောပဲလေ. ."

"စေ့စပ်ပွဲနဲ့မင်္ဂလာပွဲ အကြာကြီးခြားထားလို့မကောင်းဘူးထင်တယ်. ."

"ဘာဖြစ်လို့လဲကွ. ."

"အချိန်ကာလဆိုတာ စကားပြောတတ်လို့ပါကွာ"

"သစ္စာတရားဟာ အချန်ကာလနေရာဟူသမျှကို ပိုင်ဖိုး





တတ်ပါတယ်ကွာ. ."

ဆရာကိုဝေဠုနှင့်အုပ်စိုးတို့စကားထဲသို့ သူဝင်မပါချေ။ ခင် ကားအလာကိုသာ စောင့်မျှော်နေမိသည်။

"စိုးပြန်ချင်ရင် ကျွန်မတို့လိုက်ပို့ရအောင်လား ကိုနေ"

"ရတယ်လေ. ."

"ကိစ္စမရှိပါဘူး. . အိမ်က လာကြိုမှာပါ။ ကြိုရင်လွဲနေဦးမယ်. ."

သူက အေးအေးပင်ဖြေလိုက်သည်။ မြနဒီ စကားနည်းနေသည်။

"မဒီ. . ပြန်ချင်ပြီလား"

"နားချင်ပြီ. . ခွင့်ပြုပါဆရာ. ."

"အေး. . အေး. ."

"သွားမယ်ဝေဠု၊ စိုးစိုးကော မောင်ရင်နဲ့ကိုယ် လက်မသွေးတာတောင်ကြာနေပြီ၊ မဒီကိစ္စပြီးမှပဲ ပြန်စကြတာပေါ့. ."

"ဟုတ်ကဲ့. . ကိုနေ. ."

သူတို့နှစ်ဦးဆင်းသွားကြသည်။ အလှညီသော အတွဲတစ်တွဲ ဟုဆိုလျှင် သူ မငြင်းနိုင်ပါ။

ဦးနေလင်းထက်သည် မြနဒီထက် လေးငါးနှစ်ကြီးသည်ခြင်းကို ယုံနိုင်စရာမရှိ။ ဤအသက်ကွာခြားမှုသည် ထူးခြားသော ကွာခြားမှု မဟုတ်ဘူးဟု သူထင်သည်။

"ရှေ့သွားနောက်လိုက်ညီတယ်နော် ဆရာ"

"အင်း. . နေနဲ့လ ရွှေနဲ့မြပေါ့ကွာ၊ မင်းရဲ့ မုဒိတာပွားတဲ့စိတ်ကို ဆရာလေးစားပါတယ်၊ အသက်ငယ်ငယ်ကြီးကြီး သတိ



www.burmeseclassic.com

www.burmeseclassic.com



တရားရှိပုံခြင်းကတော့ မတူညီနိုင်ကြပါဘူးကွာ၊ မင်းအဘိုးကြီး တကယ်လာကြိုမှာလား"

"ကြိုမှာပါ. . ကျွန်တော့်ကို သူတို့ မျက်စိအောက်က အပျောက်မခံကြပါဘူး"

"ဒါလည်း မိဘမေတ္တာတရားပေကိုးကွာ"

ထိုစဉ် အိမ်မှကားသံကိုကြားလိုက်ရသည်။

ဖခင်ကိုယ်တိုင် လာကြိုလေသည်။

"သွားမယ်ဆရာ. ."

"အေး. . အေး. . မနက်ဖြန်တော့ လာခဲ့လိုက်ပါဦးကွာ"

"ဟုတ်ကဲ့ ဆရာ"

သူ ဆရာကိုဝေဠုအိမ်ပေါ်မှ ဆင်းခဲ့လေသည်၊ ဖခင်က အပြုံးနွေးနွေးဖြင့် ဆီးကြိုလေသည်။

"ပင်ပန်းသွားသလား သား. . လာ. ."


နောက်ခန်း၌ မိခင်ပါ ပါလာလေသည်။ ဖခင်ကလည်း ရှေ့ခန်းတံခါးကိုတွန်းဖွင့်ပေးသည်။ မိခင်ကလည်း နောက်ခန်းတံခါးကို ဖွင့်ပေးသည်။ သူက ရယ်ကာ ရှေ့ခန်းတံခါးကို ပိတ်ပေးပြီး မိခင်နှင့်အတူ ဝင်ထိုင်လိုက်ရာ ဖခင်က. . .

"အေးပေါ့ကွာ. . နို့ဖိုးမျက်နှာက တယ်ကြီးတာကိုး. ."

ဟု ရယ်ကျဲကျဲဖြင့်ပြောလိုက်သဖြင့် အုပ်စိုးရင်၌ အေးချမ်းသွားကာ ပြုံးလိုက်မိလေသည်။







# အခန်း(၃၀)

ညဥ့်ကြီးသန်းခေါင်လာသော တယ်လီဖုန်းကို အိပ်၍မပျော်သော အုပ်စိုးက ကိုင်မိလျက်သားဖြစ်သွားသည်။

"ဟဲလို. ."

"စိုး. ."

သူ့ရင်၌ ဒိန်းခနဲမြည်ဟည်းသွားလေသည်။ တစ်အိမ်သားလုံး အိပ်မောကျနေကြပြီ။ သူသာလျှင်အိပ်မပျော်သဖြင့် ဗွီဒီယိုထိုင်ကြည့်နေခြင်းဖြစ်သည်။

"တို့ အိပ်မရဘူး စိုးရယ်"

"ကျွန်တော်လည်း ဒီလိုပါပဲ" ဟု သူပြောလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့နှုတ်တို့သည် အာစေးထည့်ထားသည့်အတိုင်း လှုပ်ရှား၍မရ။

"စိုး. . မင်း ဘာမှပြန်မပြောချင်နေ တို့ပြောမယ်၊ ကျေးဇူးပြုပြီး တို့ပြောတာတွေကိုပဲ နားထောင်ပေးပါ စိုးရယ်"

မြနဒီအသံများအနက် ဤအသံလောက်နူးညံ့ပျော့ပျောင်းသောအသံကို သူ မကြားခဲ့ဖူးပါချေ။

"ဟုတ်ကဲ့. . "

"တို့ ဘာဖြစ်လို့ အိပ်မရတာလဲဆိုတာကို တို့တွေးရင်းအဖြေရှာနေတာ စိုးရယ်"

သူ သက်ပြင်းချလိုက်သည်။

"တို့တွေ့ပြီ. . အဖြေကို တို့တွေ့ပြီစိုး၊ ဒါပေမယ့် အဲဒီအဖြေကို တို့ ဖွင့်ဟဖို့သင့်မသင့် စဉ်းစားရပြန်တယ်. . "

အုပ်စိုး တယ်လီဖုန်းခွက်ကို ချပစ်လိုက်ချင်သည်။ သူ့လက်တွေတုန်လာသည်။

"မမ. . "

"ကျေးဇူးပြုပြီး ဖုန်းမချပစ်ပါနဲ့စိုးရယ်. . ၊ ဣန္ဒြေဆိုတဲ့အရာကြီးကြောင့် လူမှုရေးအခွင့်အရေး အင်မတန်လျော့နည်းပါးတဲ့ မိန်း မသားတို့ဘဝကို နားလည်ပေးတယ်ဆိုရင် တို့စကားတွေဆုံးအောင် နားထောင်ပေးပါ တို့မောင်ရယ်"

အုပ်စိုး ခေါင်းခါပစ်လိုက်ရင်း. .

"မပြောနဲ့. . မမပြောနဲ့၊ မမ မပြောလည်း ကျွန်တော်သိနေတယ်ဆိုရင်ကော. . "

"စိုး. . စိုး တကယ်ပြောတာလား"



မြနဒီ၏အသံက မျှော်လင့်ချက်အပြည့်အဝဖြင့် အားတက်သရောရှိလာသည်။

"ဟုတ်တယ်. . တစ်ခါတစ်ရံ စကားတွေပြောတာထက် မပြောဘဲနေတာက ပိုပြီး အဓိပ္ပါယ်ပြည့်ဝလေးနက်စေပါတယ် မမ"

"စိုးရယ်. . "

သူမ၏ရှိုက်သံသည် တယ်လီဖုန်းလေလှိုင်းမှတစ်ဆင့် သူ့နား. . ထိုမှတစ်ဆင့် နှလုံးသားသို့တိုင် ဝင်ရောက်လာသည်။

"မမ. . "

"စိုးရယ်. . ပြောခွင့်တောင် မပေးနိုင်ဘူးလား"

"ဆောရီးပဲ မမ၊ ဘဝတစ်ခုလုံးအတွက် အသုံးမဝင်တဲ့စကားတွေကို မမ မပြောပါနဲ့၊ ကျွန်တော်လည်း နားမထောင်ရဲပါဘူး. . . "

"စိုး. . သတ္တိမရှိဘူး"

"သတ္တိဆိုတာ ဘာလဲမမ၊ တစ်ပါးသူတွေကို ထိခိုက်နစ်နာစေပြီး တစ်ကိုယ်ကောင်းဆန်တဲ့ အောင်မြင်မှုရယူခြင်းကို သတ္တိလို့ခေါ်သလား. . . ကျွန်တော့်ကိုခွင့်လွှတ်ပါ. . ၊ ကျွန်တော့်ကို ပြောမယ့်စကားတွေ မမရဲ့ခင်ပွန်းလောင်းကို ပြောနိုင်အောင် ကြိုးစားပါ၊ ဒါ. . အကောင်းဆုံးပဲလို့ ကျွန်တော် အကြံပေးပါရစေ. . "

"တော်. . စိုး. . တော်ပြီ၊ တို့. . တို့ပြောမယ်"

"ပြောပါ. . မမ"

သူမ၏ အသက်ရှူသံပြင်းပြင်းကို သူကြားနေရသည်။

စကားပြောရန် သူမ အားယူနေသည်ထင်သည် သူ့ရင်ထဲ မကောင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"စိုး. . မင်း. . မင်းကို"

"ဟုတ်ကဲ့. . ကျွန်တော် နားထောင်နေပါတယ်"

သူ့နှလုံးသားတွေ ပျက်သုဉ်းသွားပြီလား၊ သို့တည်းမဟုတ် ကျောက်သားစစ်စစ်ဖြစ်သွားပြီလား၊ ခံစားမှုဝေဒနာကို အမည်မတပ်နိုင်အောင်ရှိနေသည်။

"မမ. ."

"တို့. . တို့မင်းကို သိပ်မုန်းတယ်သိလား မုန်းတယ်. . သိပ်မုန်းတယ်. . ဒါပဲ. ."

"ဂျလောက်. ."

မြနဒီဘက်မှ တယ်လီဖုန်းစကားပြောခွက်ချသံသည် ကျယ်လောင်စွာမြည်ဟည်းသွားသည်။ သူ ရယ်လိုက်သည်။

သူ့ရဲ့ အသည်းကွဲရယ်သံကို မြနဒီကြားနိုင်တော့မည် မထင်ပါ။ သူ့မျက်ဝန်း၌ ကြေကွဲမှုမျက်ရည်စက်တို့ အတားအဆီးမဲ့စွာ လိမ့်ဆင်းလာသည်။

ချစ်တတ်စအရွယ်မှာပင် အချစ်ဟူသောဒြပ်မဲ့အရာတစ်ခု၏ အင်အားကြီးစွာအနိုင်ကျင့်မှုကို သူခံစားလိုက်ရသည်။


"တော်ပါပြီ အချစ်ရယ်. . . ."






www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

မြနန္ဒီဖြစ်ချင်ရာ ဟူသမျှကိုဖြစ်စေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ဖြစ်လာရသည်ချည်းပင်။

သို့သော် "အချစ်" ဆိုသောအရာကို မြနန္ဒီ ပိုင်ဆိုင်ခွင့်မရနိုင်ပါလားဟု မြနန္ဒီ သဘောပေါက်လိုက်သည်နှင့် တစ်ပြိုင်နက်လောကကြီး၌ တွယ်ရာမဲ့ အထီးကျန်သဖွယ် ခံစားလိုက်ရသည်။

မိန်းမသားတစ်ဦး၏ ဘဝကိုလည်း နာကြည်းလာသည်။ ဘယ်နေရာမှ လွတ်လပ်မှုမရှိ။

အနေအထိုင်လည်း အနှောင်အဖွဲ့၊ အသွားအလာလည်း





အနှောင်အဖွဲ့၊ အစားအသောက်လည်း အနှောင်အဖွဲ့နှင့် အဆုံးစွန်းဆုံး အချစ်ပင်လျှင် အနှောင်အဖွဲ့နှင့် ထိုအနှောင်အဖွဲ့ကို ဣန္ဒြေသိက္ခာဟု အမည်ပေးထားလေသလား။

မြနန္ဒီ ဧည့်ခန်းဆိုဖာထက်၌ လဲလျောင်းလိုက်သည်။ တယ်လီဖုန်းကို အုပ်စိုးကိုယ်စား နာကြည်းစွာ ကြည့်လိုက်သည်။

အုပ်စိုးဆိုသော လူလားမြောက်စ လူသားကို မိမိက ဘာကိစ္စ စိတ်ဝင်စားနေရသနည်း၊ ပိုင်ဆိုင်ချင်ရသနည်း။ သူ့ကို သတိရစွာဖြင့် ဝန်ခံရန် ရည်ရွယ်သည်က . .

နေလင်းထက်ကို သူမချစ်၍ လက်ထပ်ခြင်း မဟုတ်ကြောင်း၊ မိဘများ၏ဆန္ဒကို လိုက်လျောခြင်းကလည်းတစ်ကြောင်း၊ မိမိ၏ ရည်ရွယ်ချက် အောင်မြင်ရေးကို ဦးနေလင်းထက်က အကူအညီပေး၍ သစ်မရခင်စပ်ကြား ဝါးဘောင် ကွတ်ဆိုသလို ခေတ္တ အသုံးချခြင်းဖြစ်ကြောင်း. . . သူမရှင်းပြချင်သည်။

သို့သော် သူမ့ စကားကို အုပ်စိုး လက်မခံသဖြင့် သူမပေါက်ကွဲရသည်။ နာကြည်းရသည်။ လူငယ်သလောက် အဆိပ်ပြင်းသော အုပ်စိုးကို သူမအကြီးအကျယ် ကြောက်သွားသည်။

မုန်းတယ်ဟု ဟစ်ကြွေးကြေညာဖြစ်လိုက်သည်။

တကယ်မုန်းနိုင်သလား။

မုန်းရမည် မုန်းကို မုန်းရမည်။

သူမ ချစ်ရမည့်သူက နေလင်းထက် ဖြစ်သင့်သည်တဲ့လား။ အုပ်စိုး မိမိအား မိချောင်းမင်း ရေခင်းပြသွားသည်။ မြနန္ဒီစားပွဲပေါ်မှ စီးကရက်နှင့်မီးခြစ်ကို ယူလိုက်သည်။

စိတ်တည်ငြိမ်မှု ရရှိစေရန် စီးကရက်သောက်လိုက်လျှင်


www.burmeseclassic.com

www.burmeseclassic.com

ကောင်းမည်လားအထင်ဖြင့် စီးကရက်မီး ညှိလိုက်သည်။

"အဟွတ် အဟွတ် အဟွတ်"

သီးသွားသည်။ စီးကရက်ကို ပြာခွက်ထဲထိုးချေလိုက်သည်။

စိတ်တို့သည် ထိမ်းမရ၊ အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။ လေသာဆောင်ထပ်သို့ တက်ခဲ့လိုက်သည်။

လေသာဆောင်တံခါးကိုဖွင့်ကာ လေသာဆောင်၌ ရှိနေသော ဒရင်းဘတ်ပေါ်၌ လှဲချလိုက်သည်။

တိမ်ညိုကြားက လမင်းက ရှင်းရှင်းလင်းလင်း မထွန်းလင်းဘဲ သုန်မှုန်နေသည်။

အချစ်သည် ဘဝလမ်း၌ အရေးပါသော အရာတစ်ခု ဖြစ်လိမ့်မည်ဟု မိမိတစ်ခါမှ မတွေးခဲ့ပါလား။

ဝါသနာပါသော လုပ်ငန်းတစ်ခုခု လုပ်ကိုင်နေရလျှင် ပျော်ရွှင်နိုင်လိမ့်မည်ဟု ယူဆချက်တို့သည် မှားယွင်းသွားပြီ လား။

"သမီးလေး"

"ရှင်"

မျက်ရည်များကို သုတ်လိုက်ပြီး မိခင်ကို ဟန်ဆောင် ပြုံးပြနိုင်ရန် ကြိုးစားလိုက်သည်။

"ဘာဖြစ်လို့ မအိပ်သေးတာလဲ"

"အိပ်မရလို့ပါ မေမေ"

"အအေးမိမယ်လေ၊ အအေးမိပြီး အသံဝင်ရင် သီချင်းဆိုလို့မရဘဲနေမယ်"

"သမီး နေပါရစေ မေမေ"

"သမီးလေး ဘာဖြစ်နေတာလဲ"





ငယ်ရာမှ ကြီးလာသော မိခင်ကို မြနဒီ ဖုံးကွယ်ထား၍ ရနိုင်ပါ့မလား။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘူးဆိုတာ မဖြစ်နိုင်ဘူး၊ သမီးတစ်စုံတစ်ခု ဖြစ်နေတယ်၊ အဲ့ဒါဘာလဲ၊ တီးဝိုင်းမှာ အဆင်မပြေဘူးလား"

"ပြေပါတယ်"

မြနဒီ ခေါင်းငုံ့ချလိုက်သည်။ စူးစမ်းကြည့်ဖြင့် ကြည်လာသော မိခင်၏ မျက်ဝန်းကို မြနဒီ ရင်မဆိုင်ရဲချေ။

"ဒါဖြင့် နေလင်းထက်နဲ့များ အဆင်မပြေဖြစ်နေသလား"

မြနဒီခေါင်းခါလိုက်မိသည်။ နေလင်းထက်က အင်မတန်လိုက်လျောညီထွေ နေတတ်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ မြနဒီ၏ ဆန္ဒဟူသမျှကို မဆန့်ကျင်သည့်အပြင် ကူညီဆောင်ရွက်ပေးတတ်သည်။

"ဒါဖြင့် မောင်နေလင်းထက်ကို လက်ထပ်ရမှာ သမီးကြောက်နေသလား"

ထိမိလိုက်သည့်မေးခွန်း။ မြနဒီ၏နှလုံးသားသို့ တည့်မတ်ဖြောင့်တန်းစွာ ဝင်ရောက်လာသည်။

မိခင်ကို မျက်ရည်ပြွမ်းနေသော မျက်လုံးအစုံဖြင့် မော့ကြည့်လိုက်သည်။

"ဟင် . . ဟုတ်လား"

"သမီး . . သမီး . . သူ့ကိုမချစ်ဘူးမေမေ၊ ချစ်ကြည့်လို့မရဘူး"

"အဟင်းဟင်း . . ဒါများ အပင်ပန်းခံ တွေးနေရသေးသ



www.burmeseclassic.com

www.burmeseclassic.com



လား သမီးရယ်၊ ချစ်ကြည့်လို့မရရင် မချစ်နဲ့၊ လက်ထပ်ပြီးတော့လဲ အရင်းနှီးဆုံးသောသူအနေနဲ့ သံယောဇဉ်ဖြစ်သွားပြီး ချစ်သွားကြတာချည်းပဲ၊ မေမေနဲ့ ဖေဖေလဲ လူကြီးတွေ ပေးစားလို့ ယူခဲ့ကြတာ၊ ချစ်လို့ယူခဲ့တာ မဟုတ်ဘူး၊ ခုတော့လည်းမေမေ ဘဝကြီးမှာ သမီး ဖေဖေရှိရင် ပြည့်စုံပြီလို့တောင် ဆိုနိုင်တယ်"

ခင်ပွန်းအကြောင်း ပြောနေသော မေမေ၏ မျက်နှာ၌ ငယ်မူငယ်သွေးများပင် ကြွလျက်ရှိသည်။ အချစ်သည် လူကို နုပျိုလန်းဆန်းစေသည်ထင်ပါသည်။

"ကိုင်း သမီးလေးကို မေမေမေးမယ်၊ မှန်မှန်ဖြေနော်"

"ဟုတ်ကဲ့မေမေ"

"မောင်နေကို မချစ်နိုင်ဘူးဆိုရအောင် သမီးမှာ ချစ်သူရှိနေလို့လား"

မြနန္ဒီ ခေါင်းငုံ့လိုက်ပြန်သည်။ ရင်ထဲက စွဲစွဲလမ်းလမ်းနဲ့ ကိုယ်က တစ်ဖက်သတ် ချစ်ရသူကိုကော "ချစ်သူ"ဟု ဆိုနိုင်သလား။ နှစ်ကိုယ်တူ ချစ်ရည်မျှသူကိုမှ ချစ်သူခေါ်သလား။ ထိုမေးခွန်းကို ရင်တွင်း၌ပင်ထားကာ. .

"မရှိပါဘူး မေမေ"

"ဒါဖြင့် ဘာတွေဝေနေစရာ လိုသေးသလဲ၊ ရုပ်ရည်၊ ဂုဏ်ပစ္စည်းဥစ္စာ၊ ပညာ အတတ်ပညာ အဘက်ဘက်က ပြည့်စုံတဲ့အပြင် သမီးရဲ့ ဝါသနာကို အားပေးအားမြှောက်နဲ့ မြေတောင်မြှောက်ပေးတဲ့ မောင်နေလင်းလိုလူကိုမှ ခင်ပွန်းအဖြစ် မရွေးချယ်ရင် ဘယ်သူ့ကို ရွေးချယ်မလဲ၊ သမီးစဉ်းစား"

"သမီး တစ်သက်လုံး အပျိုကြီးလုပ်သွားလို့ မရဘူးလား"





"ဖိန်းနွဲ့ခါပဲ စေ့စပ်ရတော့မယ် သမီးလေးရယ်၊ မေမေတို့ မျက်နှာကို အိုးမည်းမသုတ်ချင်ပါနဲ့၊ မေမေတို့က သမီးလေး မိဘစကား နားထောင်ပြီး မောင်နေ့ကို လက်ထပ်လိုက်မယ်ဆိုတာကိုပဲ မိဘကျေးဇူး ဆပ်လိုက်တာကို ခံယူပြီးသားပါကွယ်၊ မိဘစကား နားထောင်တဲ့ သားသမီးဟာ ဘယ်တော့မှ မဆင်းရဲဘူး။ စိတ်လည်း ချမ်းသာတတ်ပါတယ်"

မြနန္ဒီ ခေါင်းညိတ်လိုက်သည်။ မိဘများကို ဒုက္ခမပေးချင်တော့၊ မိမိအတွက် သူတို့နောက်ဆံမတင်းစေချင်။

"လက်ထပ်ပြီးရင် ချစ်သွားနိုင်တယ်ဆိုတာ သေချာတဲ့နိယာမတစ်ခုလားမေမေဟု သူမ မေးလိုက်ချင်သည်။ သို့သော် ဒွိပါစေတော့၊ လောလောဆယ် မိမိမအိပ်သေးလျှင် မိခင်ကလည်း အိပ်လိမ့်မည် မဟုတ်သဖြင့် မြနန္ဒီထလိုက်သည်။

"မောင်နေလင်းထက်ကိုသာ ချစ်တတ်အောင် ကြိုးစားကြည့်ပါသမီး၊ မကြာခင် ချစ်တတ်လာပါလိမ့်မယ်"

"အချစ်ဆိုတာ ကြိုးစား ဖန်တီးယူလို့ ရနိုင်သော အရာလား"

"ဟုတ်တယ်လေ၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမ တစ်ယောက်ကို ချစ်မိပြီဆိုရင် ပိုင်ဆိုင်ဖို့အတွက် အမျိုးမျိုး ကြိုးစားဖန်တီးကြတာပဲ၊ သူတို့ရဲ့အောင်မြင်မှုက ထိုမိန်းမရဲ့ အချစ်နဲ့ ရယူပိုင်ဆိုင်ခြင်းပဲ"

မြနန္ဒီမိခင်အား မော့ကြည့်လိုက်သည်။ ခြံဝန်းမီး၏ အလင်းရောင် ဖျော့ဖျော့အောက်ဝယ် မေမေ၏မျက်နှာသည် အေးချမ်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေလင်းထက်ဟာ သမီးကို ချစ်လို့ရယူဖို့ ကြိုးစားတယ်၊ ဒါသူ့ဘက်က မှန်ကန်တဲ့ လုပ်ရပ်တစ်ခုပဲ။ သမီးဘက်ကလည်း လက်ထပ်ပါ့မယ်လို့ ကတိပေးပြီးတဲ့ လူတစ်ယောက်တည်းကိုသာ လျှင် စိတ်ဝင်စားစွာနဲ့ ချစ်တတ်အောင် ကြိုးစားပါ၊ အဲ့ဒါ မှန်ကန်သော စောင့် ထိန်းမှု လူ့ကျင့်ဝတ်တစ်ခုပါ"

မြနဒီတုန်လှုပ်သွားသည်။ မိခင်သည် မိမိ၏ အတွင်းစိတ် ဖောက်ပြန်မှုကို ရိပ်မိသိရှိနေပြီလား။

"ဒါပေမယ့် တစ်ခါတစ်ရံ အချစ်ဆိုဆဲ့ အရာဟာ သိပ်ကို လျှို့ဝှက်ဆန်းကြယ်တတ်ပါတယ်သမီး။ ကိုယ့်နှလုံးသားထဲက အချစ်ကို ကိုယ်တိုင်တောင် မရှာဖွေတတ်တာလဲ ရှိပါတယ်။ မချစ်ဘူးလို့ ထင်တဲ့လူကို မသိစိတ်ကစွဲစွဲလမ်းလမ်းကို ချစ်နေမိ တာလဲရှိတတ်ပါ တယ်၊ ဒါပေမယ့် ခုအချိန်မှာ သမီးအချစ်ကို ဆန်းစစ်ဖို့မလိုတော့ ဘူး၊ မေမေတို့က နှလုံးသားအရေးကို ဂရုမစိုက်တတ်တဲ့ သမီးအ တွက် သင့်တော်မယ်ထင်တဲ့သူကို ရှာဖွေပေးပြီးပြီ၊ ချစ်ခြင်းမေတ္တာ စေတနာတွေနဲ့ယှဉ်တဲ့ မိဘရဲ့ ဝတ္တရားအရ ဆောင်ရွက်ပေးမှုကို ပုဒ္ဓဘာသာ မြန်မာလူမျိုး သမီးကောင်း ပီသစွာနဲ့ လက်ခံလိုက်ပါ သမီးစိတ်ရောကိုယ်ပါ ချမ်းသာမှာပါ၊ ကဲ. . ကဲ. . အိပ်တော့"

မြနဒီသည် မိခင်၏ တွဲခေါ်ရာသို့ လိုက်ပါလာသည်။

ဘဝတစ်ခုလုံး ပုံပေးရတော့မယ့် ကိစ္စမှာ အချစ်ကို ဆန်း စစ်စရာမလိုတော့ဘူးတဲ့လား။

မြနဒီ မေးခွန်းတွေ အများကြီးထုတ်ချင်သည်။ သို့သော် မြနဒီ မိခင်စကားကို နားထောင်လိုက်ပါသည်။

အချစ်ဆိုသော အရာအတွက် ဤမျှလောက် ရှုးသွပ်စွာ






အချိန်ပေးမိခြင်းကိုပင် နောက်တရသွားချင်သည်။

မနက်ဖြန် သီချင်းသွင်းစရာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၁)

"ကိုနေ"

"ဘာလဲ မဒီ"

"ကြန်ကြန်တို့အိမ်ကော ဖိတ်စာ ပို့ပြီးပြီလား"

"ဟင့်အင်း၊ ကိုယ်က အပြန်မှ စိုးစိုးကိုပါ ပို့ပေးရင်း ဝင်ပေးမလို့"

"စိုး ဘာဖြစ်လို့မလာသလဲ မသိဘူး၊ သတင်းမေးရင်း ဖိတ်စာလဲပေးရင်း ဝင်လိုက်ရအောင်"

"ကောင်းသားပဲ"





မြနဒီ သည်နေ့တစ်နေ့လုံး စိတ်မဖြောင့်ချင်။ အုပ်စိုးနေရာ၌ မောင်မောင်ဆိုသောလူငယ် ဝင်လာသည်။ ဤအတွက် ဆရာကိုဝေဠုကို မေးသောအခါ၌လည်း ဘာမှ ရေရေရာရာ အဖြေမရ။

"ဒီကောင်က ဝါသနာအရသာ တီးချင်တီးနေတာ၊ မိဘတွေက သိပ်သဘောတူတာမဟုတ်ဘူး၊ ခုလဲ သူရဲ့ များပြားလှတဲ့ သင်တန်းတွေထဲက တစ်ခုခုနဲ့ တိုက်ဆိုင်နေလို့ဖြစ်မှာပေါ့" ဟုသာ မရေမရာ အဖြေတစ်ခုကို ရလိုက်သည်။

"မဒီ"

"မနက်ဖြန် နားတော့မှာလား"

"ဟုတ်တယ်ကိုနေ၊ ကျွန်မအတွက် ဆရာက အနားပေးလိုက်တယ်"

"အဝတ်အစားအတွက် အဆင်သင့်ဖြစ်ပြီလား"

"ကိစ္စမရှိပါဘူး၊ ကျွန်မမှာ ပွဲထိုင်တက် ဝတ်စုံတွေ ရှိနေတာပဲ"

"မဟုတ်သေးပါဘူး၊ ကိုယ့်စေ့စပ်ပွဲ မင်္ဂလာယူတဲ့အခါမျိုးမှာ အသစ်ကျပ်ချွတ် ဝတ်သင့်တယ်လို့ မဒီ မယူဆဘူးလား"

"ရှင် အဲဒီလို ယူဆရသလား၊ မေမေလဲ ဘာမှမပြောပါလား"

"ဟုတ်လား . . ကိုယ်က မဒီမေမေက ဘာမှမပြောဘူး၊ ကိစ္စမရှိပါဘူး ရှိတာပဲ ဝတ်လိုက်တော့မယ်"

စေ့စပ်ပွဲအတွက် မြနဒီ ခေါင်းထဲ၌ ရှိမနေခဲ့ခြင်းကို လည်းကောင်း၊ ခပ်ပေါ့ပေါ့ထားနိုင်ခြင်းကိုလည်းကောင်း နေလင်းသက် ခွင့်လွှတ်နိုင်တယ်လား။


www.burmeseclassic.com

www.burmeseclassic.com

သူသည် အုံ့ဩစရာကောင်းလောက်အောင် သည်းခံတတ်သူလား။

"အလှပြင်ဖို့ကော"

"ကိုယ့်ဟာကိုယ် ပြင်မှာပေါ့"

"မဖြစ်ဘူးထင်တယ်၊ ကိုယ်ပဲ လွှတ်ပေးလိုက်မယ်၊ ခုနှစ်နာရီဆိုရင် နီးပြီလား"

"စေ့စပ်ပွဲက ဆယ်နာရီမှမဟုတ်လား၊ ရှစ်နာရီလောက်ဆိုရင်မဖြစ်ဘူးလား၊ ကျွန်မက ရှစ်နာရီလောက်မှ အိပ်ရာက ထဖြစ်တယ်။ ရှစ်နာရီခွဲလောက်ဆိုရင် အတော်ပါပဲ၊ နာရီဝက်နဲ့ ပြီးပါတယ်"

"ကောင်းပြီလေ၊ အချိန်မီရောက်စေဖို့ မဒီ အာမခံရင် ပြီးတာပဲ"

မြနဒီသည် အိမ်ရှင်မကောင်း ပီသမည့် မိန်းမတစ်ဦး မဟုတ်ကြောင်း သူသိသွားစေချင်သည်။ သူ့ဘက်က နောက်ဆုတ်သွားလျှင် မြနဒီ ဘာမှ ပြောစရာမလို။

"ဘာဖြစ်လို့ အာမ,မခံနိုင်ရမှာလဲ"

သူက ပြုံးရုံသာပြုံးသည်။ ဘာမှ ထပ်မပြောတော့ချေ။ အုပ်စိုးအိမ်သို့ရောက်တော့ သကြိန်ကို ပန်းခြံအတွင်း လှမ်း တွေ့လိုက်ရသည်။

"လာ ဒီဒီ"

"စိုး တစ်ယောက် ဘာဖြစ်သလဲ"

"ဘာဖြစ်လို့လဲ ဘာမှ မဖြစ်ပါဘူး"

သကြိန်မျက်နှာ တစ်မျိုးဖြစ်နေသည်။





"ဒါဖြင့် အိမ်မှာရှိတယ်ပေါ့"

"မရှိဘူး"

"ဟင် ဘယ်သွားသလဲ"

"ဖေဖေနဲ့ ညစာစားပွဲတစ်ခုကို လိုက်သွားတယ်၊ ဝင်ကြလေ ကိုနေလာ"

ညနေ ငါးနာရီဟူသော အချိန်သည် ညစာစားပွဲတစ်ခု သွားရအောင် စောလွန်းနေသည်ဟု စားတော်ဆက်များ၌ ကြင်လည်ခဲ့ဖူးသူ မြနဒီ သိလိုက်သည်။

အိမ်ထဲဝင်၍ ဧည့်ခန်းထဲ၌ ထိုင်မိကြသည်။ အပေါ်ထပ်လှေခါးပေါ်မှ သကြိန်၏မိခင် ဆင်းလာသည်။

"ကားသံကြားပါတယ်မှတ်တယ်၊ မောင်နေနဲ့ မြနဒီကိုး"

"ဟုတ်ကဲ့အန်တီ စေ့စပ်ပွဲအတွက် ဖိတ်စာလာပို့တာပါ။ လာမယ့် ဆန်းဒေးပါ"

နေလင်းထက်က ဖိတ်စာကဒ်အိတ်ကလေးကို တရိုတသေကမ်းပေးလိုက်သည်။

"တော်သေးတာပေါ့ကွယ်၊ မိသကြိန်မသွားခင် အချိန်မီလေးဖြစ်သွားတယ်"

"ရှင်က ဘယ်တောသွားမှာလဲ ကြန်ကြန်"

"ဘယ်တောမှမဟုတ်ဘူး၊ မြန်မာ့သမိုင်းရဲ့ အထင်ကရမြို့ကို သွားမှာ"

"ကျုပ်ကို ပဟေဠိဖွက်မနေနဲ့ ဒေါ်ကြန်ကြန်"

"သာယာဝတီမြို့ဟဲ့ လိုက်မလား"

"လာလည်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"သေလိုက်"

သူငယ်ချင်းနှစ်ယောက်က ထွက်ထိုးနေသည်။ နေလင်းထက်နှင့် သကြိန်မိခင်ကလည်း စကားလက်ဆုံကြနေသည်။

မြနန္ဒီစိတ်ထဲ၌ အုပ်စိုး ရှိမနေခြင်းအတွက် တစ်မျိုးဖြစ်နေသည်။ ချာတိတ်ကို သူမတွေ့လည်း တွေ့ချင်သည်။ မတွေ့ခြင်းအတွက်လည်း စိတ်လွတ်လပ်သကဲ့သို့ ခံစားလိုက်ရသည်။ ညဦးက စိတ်ရှုပ်ထွေးခြင်းအပေါ် အုပ်စိုးမည်ကဲ့သို့ ကောက်ချက် ချသွားနိုင်သနည်း။ မိမိအပေါ် အထင်သေးသွားပြီလား။

'ဒီဒီ ရှင်တို့လက်ထပ်ရင် ကျောင်းပိတ်ရက်မျိုးကိုပဲလုပ်၊ ဒါမှ ကျုပ်လာနိုင်မှာ"

"စိတ်ချ ရှင်ပဲ အရန်လုပ်ရမှာ၊ ကိုင်း ပြန်တော့မယ်၊ ဖိတ်စာတွေ လိုက်ဝေစရာရှိသေးတယ်၊ တစ်အိမ်သားလုံးလာနော်"

"စိတ်ချစမ်းပါ လူရင်းတွေပဲဟာ"

သကြိန်တို့အိမ်မှ ပြန်ထွက်လာပြီး မြနန္ဒီစိတ်ထဲ လေးလံသွားသည်။ ညဦးက အဖြစ်အပျက်ကို ဘယ်သူတွေများ ကြားသိနိုင်သေးသနည်း။ တစ်စုံတစ်ယောက်က သိရှိသွားပါက မိမိသည် သိက္ခာမဲ့လွန်းသော မိန်းမတစ်ဦးအဖြစ်သို့ ရောက်ရှိသွားနိုင် သလား"

"မဒီ"

"ရှင်"

"မင်း သူငယ်ချင်းတွေ မိတ်ဆွေတွေကို ဖိတ်ဖို့ကကော လိပ်စာတွေ ပြောလေ၊ ကိုယ်တစ်ခါတည်းလိုက်ပို့ပေးမယ်"

"နေပါစေ"





"နေလို့ဘယ်ဖြစ်မလဲ၊ မင်္ဂလာဆိုတာ တစ်ဖက်သတ် လုပ်လို့ဖြစ်တာမဟုတ်ဘူး၊ သူ့ဘက်ကိုယ့်ဘက်တွေ ရှိကြတယ်"

"ဖေဖေတို့အမျိုးတွေကို ဖိတ်ပြီးရောပေါ့၊ ကိုနေ မနက်ကတည်းက ဖိတ်စာပို့ထားတာပဲ"

သူမထံမှ သက်ပြင်းချသံကြားလိုက်ရပြီး စက္ကန့်အနည်းငယ်အကြာ၌. . .

"မဒီ"

"ဟုတ်ကဲ့၊ နားထောင်နေပါတယ်"

"ကိုယ့်မင်္ဂလာပွဲအတွက် စိတ်ဝင်စားမှု နည်းနည်းတော့ ရှိသင့်တယ်လို့ မယူဆဘူးဘား"

"ကျွန်မစိတ်ထဲ ရှိတဲ့အတိုင်း ဖြေရမလား ကိုနေ"

"ဖြေပါ. . ကိုယ်ဟာ ဟန်ဆောင်လိမ်ညာမှုထက် အမှန်တရားကိုပဲ လိုချင်တယ်"

"ကျွန်မ လုံးဝကို စိတ်မဝင်စားတာပါ"

"ကျေးဇူးတင်ပါတယ်"

မြနန္ဒီ အံ့သြသွားသည်။

"ရှင်. . ."

"မင်း မှန်မှန် ကန်ကန် ဖြေတဲ့အတွက်ပါ"

မျက်နှာပြင်၌ ဒေါသရောင် လုံးဝမရှိသော နေလင်းထက်ကို မြနန္ဒီ ထူးဆန်းသော လူသားတစ်ဦးသဖွယ် ကြည့်လိုက်သည်။ သို့သော် နေလင်းထက်၏ မျက်နှာပြင်၌ လျှို့ဝှက်ချက် တစ်စုံတစ်ခု ရှိနေသည်ဟု မြနန္ဒီတွေ့လိုက်သည်။

ထိုလျှို့ဝှက်ချက်ကိုကား မြနန္ဒီရှာဖွေ၍ တတ်နိုင်မည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်နိုင်။ ဒီတစ်ချီ သက်ပြင်းချရသူမှာ မြနုဒီ ကိုယ်တိုင်ပင် ဖြစ်သွားလေတော့သည်။







# အခန်း(၃၃)

အိပ်ရာနိုးနိုးခြင်း မြနုဒီအတွက် အံ့ဩစရာကို ရောပြွမ်းနေသည်။ မိခင်နှင့်အိမ်ဖော်ကောင်မလေးက အထုပ်အပိုးတွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် သူမအိပ်ခန်းထဲ ဝင်လာသည်။

"ထတော့သမီး၊ တော်ကြာ မိတ်ကပ်ဆရာ ရောက်လိမ့်မယ်. ."

"အဲ့ဒါတွေ ဘာတွေလဲ မေမေ"

"သမီးဝတ်ဖို့ အဝတ်အစားတွေလေ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မြနဒီ မျက်လုံးပြူးသွားသည်။

မိခင်လက်ထဲမှ သူမဝတ်ဆင်ရန် အသုံးအဆောင်များကို ယူကြည့်သည်။

"ဟာ မေမေဟာက သတို့သမီးဝတ်စုံကြီးပဲ ဘာလုပ်ဖို့လဲ"

မြနဒီ စိတ်ရှုပ်စွာ ပြောလိုက်သည်။

"ဘာလုပ်ဖို့လဲဆိုတော့ သတို့သမီး မြနဒီ ဝတ်ဖို့ပေါ့"

"ဟင် . . ဒါ . . ဒါ"

မြနဒီ ရုတ်တရက် ဒေါသထွက်သွားသည်။ မြနဒီ အလိမ်ခံလိုက်ရပြီ။

"မေမေတို့က သမီးကို အရှုးလုပ်ကြတယ်"

"သမီးရယ်၊ သမီးအတွက် အကောင်းဆုံးဖြစ်အောင်"

"ဒါ . . ဒါ . . အကောင်းဆုံးလား"

ထိုစဉ် အိပ်ခန်းဝမှ . . .

"တိတ်စမ်း မြနဒီ"

ဖခင်၏အသံသည် ဟိန်းထွက်လာသည်။ မြနဒီ တုန်လှုပ်သွားသည်။

"နင်မကျေနပ်ဘူးဆိုရင် ခုချက်ချင်း နင်ထွက်သွားနိုင်တယ်။ အေး ဒါပေမယ့် ဘယ်တော့မှ မပြန်လာရဘူး၊ နင်အမေသော် လည်းကောင်း၊ ငါသော် လည်းကောင်း နှစ်ယောက်စလုံးသော်လည်းကောင်း မနက်ဖြန် သန်ဘက်ခါ အသုဘချရင်တောင် နင်မလာနဲ့၊ သွားချင်ရင် ခုသွား"

ဖခင်၏ ခြိမ်းခြောက်မှုကို မြနဒီ ခေါင်းငုံ့ရင်ဆိုင်လိုက်





သည်။ ဖခင်အပေါ် ချစ်ကြောက် ရိုသေသော မြနဒီအတွက် အာစေးထည့်ထားသလို ဖြစ်သွားသည်။

သို့သော် မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျလာသည်။

"တိတ် သမီးလေး"

"ငိုပါစေ၊ ဝအောင်ငိုပါစေ၊ ကိုယ့်ဖိတ်စာကို ကိုယ်ယောင်လို့တောင် ယူမကြည့်တဲ့ မိန်းဇာလေး၊ နင်ရဲ့ ပေါ့ဆမှုအတွက် နင်ငိုကြွေးခြင်းလို့ပဲ မှတ်လိုက်ပါ"

မြနဒီ၌ ပြောစရာအသံတို့လည်း မရှိတော့။

ဖခင် ထွက်သွားသည်။

မြနဒီ ရေချိုးခန်းအတွင်း ပြေးဝင်ခဲ့လိုက်သည်။

ငိုကြွေးခြင်းကို လောကကို အရှုံးပေးရာ ရောက်သည်ဟုဆိုကာ ငိုခဲလှသော မြနဒီ ယခု ငိုကြွေးရလေပြီ။

ဘယ်သူ့ကို နာကြည်းရမလဲ။ ဒေါသထွက်ရမလဲ။

အကွက်စေ့စေ့ စီစဉ်တတ်သော မိဘတွေကိုလား၊ နေလင်းထက်ကိုလား . . ။


"တောက်"

မြနဒီအတွက် ထွက်ပေါက်မရှိတော့။ မုန်းသည် တလောကလုံးကို မုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၄)

အရှုံးကို အပြုံးဖြင့် အနိုင်ယူလိုက်သည်။ အလှဆုံး ပြုံးပစ်လိုက်သည်။ နွဲ့နှောင်းစွာဖြင့် သူ့ဘယ်လက်မောင်းကို ခိုတွဲလိုက်သည်။ အညင်သာဆုံး လှမ်းလိုက်သည်။

ဒါလား မိန်းမသားတစ်ဦး၏ တစ်သက်တာအတွက် အရေးကြီးဆုံးသောမင်္ဂလာ။

အခါတော်ပေး သီချင်းတွေလည်း နားသို့မဝင်။ ပရိသတ်များ ခန်းလုံးပြည့်ကိုလည်းမမြင်။ မြနန္ဒီသည် ခံစားတတ်သော လူသားမဟုတ်တော့၊ စက်ရုပ်ဘဝသို့ ပြောင်းလဲသွားပြီလား။ မိမိဘ





ကို ဘယ်သူတွေက ပြောင်းလွဲလိုက်သနည်း။

မိမိ၏ပေါ့ဆမှု တစ်ခုကြောင့်လား။

စေ့စပ်ခြင်းမဟုတ်ဘဲ တစ်ခါတည်း လက်ထပ်ခြင်း ပြုလုပ်လိမ့်မည်ဟု မရိပ်မိလောက်အောင် မိမိကပဲ ညံ့ဖျင်း၍လား။ နှစ်ဖက်မိဘနှင့် ဧည့်သည်များ သတို့သားကပဲ အကွက်ကျကျ စီမံနိုင်၍လား မြနန္ဒီ ဘာမှ မသိနိုင်ပြီ။

မွေးစားမိဘများကို နှလုံးသားဖြင့် ကျေးဇူးဆပ်လိုက်ခြင်းဖြစ်သည်ဟု မြနန္ဒီ နှလုံးသွင်းကာ အလှဆုံး ပြုံးလိုက်သည်။

စင်ပေါ်အရောက် မင်္ဂလာခန်းမသို့ ကြည့်လိုက်သည်။

အုပ်စိုး. . . ။

မိဘနှစ်ပါး၏ကြား၌ တည်ကြည်စွာ ထိုင်နေသော လည်ခေါင်းတုံးအင်္ကျီအဖြူ တိုက်ပုံနံ့သာရောင်လေးဖြင့် ဆံပင်ခပ်တိုတိုနှင့် အုပ်စိုး။

ဘယ်အချိန် ဘယ်ကာလကြည့်ကြည့် ရှင်းသန့်နေသည်။ သကြၤန်က သူငယ်ချင်းများနှင့် ဝိုင်းတစ်ဝိုင်း၌ ရှိနေသည်။ မည်သည့်ကာလကတည်းက ဖိတ်ကြားထားမှန်းမသိသော ခိုင်ဇာကိုလည်း လှမ်းတွေ့လိုက်ရသည်။

ပိရိကြပါပေသည်။

သူ၏ ဝါသနာ ရေစီးကြောင်းထဲနစ်မျောသွားမှုက သူတို့အတွက် အခွင့်အရေးတစ်ရပ် ဖြစ်သွားသည်ထင်ပါသည်။

နေလင်းထက်က မင်္ဂလာပွဲအပေါ်၌ လုံးဝစိတ်ဝင်စားမှု မရှိဘူးဆိုသော မိမိအပေါ် ကျေးဇူးတင်တယ်ဟူသော စကားကို သခုမှ သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိနံဘေးမှ သတို့သားကြီးကို ကြည့်လိုက်သည်။ မော်ဒ်ကျက်သရေ ခေါင်းပေါင်းနှင့် အောက်မှ မျက်နှာပြင်၌ အောင်နိုင်မှု အပြုံးကို တွေ့ရလိမ့်မည်ဟု ထင်ထားသော သူ့ အထင်သည် မှားယွင်းသွားပြန်သည်။

တည်တည်ကြည်ကြည်ပင် ရှိနေသည်။

မေးလိုက်ချင်သည်။

"ရှင် အောင်နိုင်သူရဲ့ အပြုံးဘာဖြစ်လို့ မပြုံးတာလဲ ဦးနေလင်းထက်" ဟု။

မြနန္ဒီ အကြည့်သည် အုပ်စိုးထံသို့ ရောက်သွားသည်။

တဒင်္ဂမျက်လုံးချင်း ဆုံမိကြသည်။


အုပ်စိုးက မိမိအား ပြုံးပြလိုက်လေသလား။ အနည်းငယ်လှမ်းနေသောနေရာဖြစ်ခြင်းကြောင့် မြနန္ဒီ သဲကွဲစွာ မတွေ့လိုက်။

သို့သော်. .

မြနန္ဒီရင်၌ နင့်ခနဲဖြစ်သွားသည်။ အုပ်စိုးနှင့် မြနန္ဒီသည် အဝေးဆုံးသို့ ရောက်ရှိသွားလေပြီဟူသောအသိက မိမိရင်ကို နင့်နင့်သီးသီး နာကျင်စေသည်။







# အခန်း(၃၅)

ခြင်လုံးနှင့် တစ်ခန်းတွဲည်းကို ဖောက်ထွင်းကျရောက်လာသောနေရောင်ခြည် နွေးနွေးကြောင့် မြနန္ဒီ နိုးလာသည်။

တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။ ရှစ်နာရီနှင့် မိနစ်နှစ်ဆယ့်နှစ်။

မိမိ ညာဘက်မှ ကွက်လပ်ကို ကြည့်လိုက်သည်။ နေလင်းထက် ရှိမနေ။ ညဦးက. .

"ကိုယ်က ယောကျ်ား၊ နွားမဟုတ်ဘူး မဒီ"

"ပိုင်ဆိုင်ချင်လို့ ရယူထားတဲ့ နှင်းဆီတစ်ပွင့်ကို အလှ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရုံသက်သက်ထားမှာ မဟုတ်ဘူး၊ အမြတ်တနိုး နမ်းရှိုက်ရှူ ခူးဆွတ်ခြင်းဆိုတာ မဒီ နားလည်ရလိမ့်မယ်"

"တရားဝင် လူသိရှင်ကြား ခမ်းခမ်းနားနား လက်ထပ် ယူထားတဲ့ ဇနီးသည်ကို လက်ဖျားနဲ့တောင်မတို့ဘဲ အလှကြည့် ထားရမယ်ဆိုတဲ့ ခပ်ကြောင်ကြောင် အလုပ်မျိုး ကိုယ်မလုပ်ဘူး"

အပြောနှင့်လက်တွေ့ညီမျှစွာဖြင့် သူ၏သဘာဝကို အနိုင် ယူသွားသော နေလင်းထက်အား မြနဒီ အခဲမကြေဘဲ နာကြည်းနေ သည်။

"နေနှင့်ဦးပေါ့ ဦးနေလင်းထက်ရယ်၊ တစ်နေ့နေ့မှာ ကျွန်မ အလှည့်ဆိုတာ ရှိလာဦးမှာပါ"

မြနဒီနှုတ်မှ ဖွင့်ဟ၍ ရွတ်ဆိုလိုက်သည်။

နေလင်းထက်သည် သူ၏စောင်ကို ခေါက်သွားခဲ့သည်။ မြနဒီ ရေချိုးခန်းဝင်ခဲ့လိုက်သည်။ ရေချိုးပြီး မှန်တင်ခုံ၌ ဝင်ထိုင် လိုက်စဉ် စာရေးစက္ကူ အပြာရောင်လေးတစ်ရွက် ပေါင်ဒါဘူး အောက်၌ ဖိထားသည်။ မြနဒီ ယူကြည့်လိုက်သည်။

မဒီ

မင်္ဂလာပါ၊ နေ့တိုင်းမြန်မြန်ဆိုကဲ့သို့ ဖျားရည်ဆမ်းရေး ထွက်မယ်၊ မင်းအတွက် အဝတ်အစား အသုံးအဆောင် တစ်ပတ်စာအတွက် ထည့်ထားပါ၊ ကိုယ့်အတွက်က ကိုယ့်ဘာသာကိုယ်ပဲ ထည့်မယ်၊ မင်းထည့်ပေးရင် ကိုယ့်အတွက် အဆင်ပြေနိုင်မယ် မထင်လို့ပါ၊ နံနက်စာကို မင်းကို မနိုးရက်လို့ ကိုယ်တစ်ယောက်တည်း





စားသွားပြီ၊ နေ့လယ် ဆယ့်နှစ်နာရီ ထမင်းပြန်စားမယ် စောင့်နေပါ။

ကိုယ်

"စောင့်ပါလိမ့်မယ် အားချည်းချည်း စောင့်နေ"

မြနဒီ အလှပြင် အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်း သည်။

"မမ ကော်ဖီ အဆင်သင့်ပါပဲ"

မြနဒီအား မျက်နှာစိမ်း မိန်းမတစ်ဦးက ဆီးကြိုနှုတ် ဆက် လိုက်သည်။ မိမိထက် အသက်များစွာ ကြီးလိမ့်မည်ထင်သည်။

"အဒေါ် အသက်ဘယ်လောက်ရှိပြီလဲ"

"လေးဆယ်ပါ"

"ကျွန်မကို မမလေးလို့ ခေါ်စရာမလိုဘူး"

"ဟို. . ဟို. . အိမ်ကြီးသခင်မ အနေနဲ့"

"ဘာသခင်လဲ မလိုချင်ဘူး ကျွန်မနာမည် မြနဒီ၊ မြနဒီ ပဲခေါ်ဆို. . ရတယ်၊ အဒေါ် နာမည် ဘယ်လိုခေါ်သလဲ"

"ဘုတ်ဆုံ"

မြနဒီ ပြုံးချင်သွားသည် ပိန်ပိန်ပါးပါးနှင့် သူ့နာမည်က ဘုတ်ဆုံတဲ့လား။

"ကောင်းပြီလေ၊ ဘာပဲဖြစ်ဖြစ်၊ ကျွန်မက ဒေါ်ဆုံလို့ ခေါ် မယ်နော် ဒေါ်ဆုံ၊ ကျွန်မကို ကြက်ဟင်းခါးသီးတစ်ခွက်နဲ့ ပြည်ပန်း ညိုရွက် ဟင်းချို ရှာပြီး ချက်ပေးပါလား"

"ပြည်ပန်းညို ရန်ကုန်ဈေးတွေမှာ ရနိုင်ပါ့မလား မိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးရယ်"

"မသိဘူး၊ ပြည်ပန်းညိုသောက်ရင် အသံကောင်းတယ်ဆိုလို့ မရနိုင်ရင်လဲ ဟင်းချိုတစ်ခုခုသာ ချက်ပေး"

"ကောင်းပါပြီ မိန်းကလေး"

မြနဒီ ထမင်းစားခန်း ဝင်ခဲ့လိုက်သည်။ မုန့်ကို ပုံးလိုက်ချထားပေးသည်။ သူကော်ဖီတစ်ခွက်သာ မော့ချလိုက်သည်။

"ဒေါ်ဆုံရေ"

"ဟေ. ."

"ကျွန်မ ထမင်းစောစောစားမယ်နော်"

"ဆရာက ဆယ့်နှစ်နာရီ"

"ကျွန်မ ဆယ်နာရီမှာ ထမင်းစားချင်တယ် ဒေါ်ဆုံ"

"ဟုတ် ဟုတ်ကဲ့"

ဒေါ်ဘုတ်ဆုံသည် မြနဒီအပေါ်၌ ဘာမှထပ်၍ စောဒကမတက်ဝံ့ချေ။

မြနဒီ စိတ်မကောင်းဖြစ်သွားသည်။

အိမ်၏ အလုပ်သမားဖြစ်သော်လည်း အသက်ကြီးသောသူအပေါ် ရိုင်းစိုင်းရင့်သီးရာများ ရောက်သွားလေသလား။

ခမ်းနားသောအိမ်ကို လှည့်ပတ်ကြည့်ရင်း ဝယ်ထားတာလား နှစ်ချုပ်ဖြင့် ငှားထားတာလားဟူသောအတွေး ဝင်လာသည်။ သို့သော် ထိုသိချင်စိတ်ကိုဖြင့် နေလင်းထက်အား မေးခြင်းဖြင့် ရယူလိုက်လိမ့်မည် မဟုတ်။

"မိန်းကလေး တယ်လီဖုန်း"

ဒေါ်ဆုံက ဆဲလ်လူလာ တယ်လီဖုန်းကို သူရပ်နေရာ သို့





ယူလာပြီး တရိုတသေ ကမ်းပေးသည်။

"ဘယ်သူ့ဆီကလဲ"

"ဆရာ"

"ပြန်ယူသွား၊ ကျွန်မမအားဘူးလို့ ပြောလိုက်ပါ ဒေါ်ဆုံ"

မြနဒီအိမ်ထဲမှ ထွက်ခဲ့လိုက်သည်။ ခြံထဲသို့ ဆင်းလိုက်သည်။ မာလီနှင့်ပါလား၊ ပန်းမျိုးစုံလှသည်။

ကျေနပ်ရမည်လား။ မိဘထက် အဆပေါင်းများစွာ သာလွန်သော စည်းစိမ်အတွက် နေလင်းထက်ကို ကျေးဇူးတင်ရမည်လား။ ဝေးပါသေးသည်။


အလှမွေးမြက်ခင်းထက်၌ ချထားသော ဒန်း၌ထိုင်လိုက်သည်။ မကျေမနပ်မှုကြောင့် မြေပြင်ကို ခြေထောက်ဖြင့် ထောက်ထောက် အားယူလွှဲနေမိသည်။

နေလင်းထက် ပြန်လာလျှင် သူမ ဘာတွေ ရင်ဆိုင်ရဦးမည်နည်း။ မြနဒီ ပြောလိုက်ချင်သည်မှာ တစ်ခွန်းတည်းရှိသည်။

"ရှင်. . . ကျွန်မကို ကွာပေး" ဟု. . . .


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၄)

"အဓိပ္ပါယ်မရှိတဲ့စကားတွေ မပြောနဲ့ မဒီ"

"အဓိပ္ပါယ်ရှိတယ် ရှင်ရဲ့ တစ်ဖက်သတ်ဆန်တဲ့ အနိုင်ကျင့်မှုကို ကျွန်မက တစ်သက်လုံး ငုံ့ခံသွားရမှာလား"

"ကိုယ် အနိုင်ကျင့်တယ်ဆိုတဲ့ စကားကို မင်းသုံးစွဲလိုက်တာကိုက မှားနေပြီ မဒီ"

"မှားတာ ကျွန်မလား . . ရှင်တို့လား"

"မင်းနဲ့ကိုယ် ဘာမှ ငြင်းခုန်မနေချင်ဘူး၊ အချိန်ကုန် တယ် မင်းအဝတ်အစားတွေ ထည့်ပြီးပြီလား"





"မထည့်ဘူး၊ ဘယ်တော့မှ မထည့်ဘူး၊ လိုက်လဲ မလိုက်ဘူး"

မြနဒီ စိတ်ညစ်နူးစွာဖြင့် ဘုတောလိုက်သည်။

"ဘာဖြစ်လို့လဲ ပုဂံခရီးစဉ်ဖြစ်နေလို့လား"

"ဘာ"

"ဪ . . တချို့က အတိတ်ရဲ့ခြေရာတွေကို ပြန်မကြည့်ရဲကြဘူးလားလို့"

"ရှင် ယောကျာ်းစကားပြောပါ"

"ကောင်းပြီလေ၊ ကိုယ် ယောကျာ်းစကားပဲပြောပါမယ်၊ ပုဂံမသွားချင်ရင် ဘယ်သွားချင်သလဲ။ ပေလီလား၊ ချောင်းသာလား၊ တောင်ကြီးလား၊ မေမြို့လား၊ ကြိုက်တာပြော"

"ဘယ်မှ မသွားချင်ဘူး၊ ဆရာကိုဝေဇ္ဇုအိမ်သွားပြီး သီချင်းဆက်တိုက်မယ်"

နေလင်းထက်က ပြုံးလေသည်။

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ"

"မင်းစိတ်တွေ တည်ငြိမ်မှုရပြီလား မဒီ"

"ဘာဖြစ်လို့ မရရမှာလဲ"

"ဒီလောက်တောင် ဒေါသတွေ အမျက်မာန်ဆောင်တွေ [illegible]အားနေတဲ့သူက သီချင်းကို တည်တည်ငြိမ်ငြိမ် ဆိုနိုင်ပါ့မလား [illegible]

"ရှင့်အပူမပါဘူး"

"မြနဒီကို တည်ငြိမ်မှုပျောက်အောင် ဘယ်သူလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ရဲ့ အနိုင်ကျင့်မှုတွေကို ကျွန်မက သိုးငယ်လေး တစ်ကောင်လို လည်စင်းပေးရမှာလား"

မြနဒီ မေးခွန်းများကို တရစပ်ထုတ်ပစ်လိုက်သည်။

နေလင်းထက်က အေးဆေးစွာပင် ထလိုက်ပြီး. . .

"ဒီမှာ မဒီ အချစ်နဲ့စစ်မှာ တရားတယ် မတရားဘူး မရှိဘူး၊ မင်းကိုချစ်လို့ တရားဝင် လက်ထပ်ယူပြီး ရိုးမြေကျသည် အထိ ပေါင်းသင်းသွားဖို့ ဆုံးဖြတ်ချက်နဲ့ မင်းကို ရယူပိုင်ဆိုင်ခဲ့ခြင်းအပေါ်မှာ ကိုယ့်လိပ်ပြာသန့်တယ်. .

အနိုင်ကျင့်တယ်ဆိုတဲ့ စကားလုံးနဲ့လည်း ကိုယ့်ကို မခြိမ်းခြောက်နဲ့မရဘူး၊ မြနဒီ မနက်ဖြန် ပုဂံသွားမလား၊ ငပလီ သွားမလား ဆိုတာကိုပဲ မင်းရွေးချယ်ပါ. . .၊ ကိုယ်ထမင်းစားပြီးရင် မင်းအဖြေပေး"

"ပေးတယ် ထမင်းစားပြီးမှ မဟုတ်ဘူး၊ အခုပဲ ပေးတယ် ဘယ်မှမသွားဘူး ဒါပဲ"

မြနဒီ ခြေသံပြင်းပြင်းဖြင့် အပေါ်ထပ်လှေကားထစ်များကို အညှာတာကင်းမဲ့စွာ ဆောင့်နင်းပြီး တက်ခဲ့လေသည်။

"မြနဒီ လက်ထပ်မိခြင်းအပေါ် နောင်တရစေရမယ်. . ဦးနေလင်းထက်"ဟုလည်း နှုတ်မှ တီးတိုး ရေရွတ်လိုက်မိ လေသည်။







# အခန်း(၁၅)

မြနဒီ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

နေလင်းထက်က အသံပြုလိုက်သည်။ အိပ်ချင်ဟန်ဆောင်နေသူက ထူးနိုင်ပါ့မလားဟု မြနဒီ စိတ်ထဲမှ ပြောလိုက်သည်။

"မင်း အိပ်ချင်ဟန်ဆောင်နေတယ် ဆိုတာသိတယ်၊ ကောင်းပြီလေ ဒီည နိုင်ငံခြား ညေ့သည်တွေကို ညစာကျွေးဖို့ရှိတယ်"

မြနဒီ မျက်လုံး ဖျတ်ခနဲပွင့်သွားသည်။ နေလင်းထက်က



www.burmeseclassic.com

www.burmeseclassic.com



"ဟက်ခနဲ" တစ်ချက်ရယ်လိုက်ပြီး ကိုယ်ကို ညွတ်ကိုင်းကာ မြနန္ဒီ နဖူးကို လက်ညှိုးဖြင့် တစ်ချက်ထောက်လိုက်ပြီး ကိုယ်ကို ပြန်မတ်လိုက်သည်။

နေလင်းထက်၏ အပြုအမူက မြန်ဆန်လွန်းသဖြင့် ရှောင်တိမ်းချိန်မရလိုက်။

"အဲ့ဒီပွဲကို မင်းဆန္ဒရှိရင် လိုက်နိုင်တယ်၊ ဟိုမှာ သီချင်းဆိုခွင့်လဲ ပေးမယ်"

မြနန္ဒီ ရင်ထဲ လှုပ်ရှားလာသည်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ် မြနန္ဒီ၊ ဒီနိုင်ငံခြား ဧည့်သည်က အရှေ့တိုင်းသားယဉ်ကျေးမှုတွေကို အမြတ်တနိုး လိုက်လံစုဆောင်းနေတဲ့ ဂျပန်ပါမောက္ခတစ်ဦး ဖြစ်တဲ့အတွက် မင်း မြန်မာဆန်ဆန်လေးဝတ်စေချင်တယ်၊ ပြီးတော့ မြန်မာ့သံစဉ် သီချင်းဆိုပေးမယ်လို့ ကတိပေးပါလား"

မြနန္ဒီ မြန်မာသံစဉ်သီချင်းတွေကို စွဲစွဲလမ်းလမ်း နှစ်သက်ခဲ့သူဖြစ်ပါသည်။ သို့သော် နေလင်းထက်ကို ဆန့်ကျင်ချင်သည်။

"မဆိုဘူး . မလိုက်ဘူး"

"တကယ်လား"

နေလင်းထက်က ပြုံးတုံ့တုံ့နှင့်

"ဒါဖြင့်လဲ ပြီးတာပါပဲ၊ ကိုယ့်ဝတ္တရားကျေပြီ ကိုယ်သွားမယ်၊ နောက်ကျမယ်၊ မင်း ကိုယ့်ကိုမစောင့်နဲ့ အိပ်နှင့်နော်"

"သေတောင် မစောင့်ဘူး"

"မသေချင်နဲ့ဦး လောကကြီးမှာ အောင်မြင်မှုတစ်ခုခုမရရှိဘဲ သေခြင်းကို မတမ်းတနဲ့"





မြနန္ဒီ ခုတင်ပေါ်မှ ဝုန်းခနဲဆင်းကာ ဝရန်တာဘက်သို့ ထွက်ခဲ့လိုက်သည်။ နေလင်းထက်သည် ဤမျှ စကားပြောနိုင်လိမ့်မည်ဟု မိမိတစ်ခါမှ မတွေးခဲ့ဘူးပါ။ ယခုတော့ မိမိအား သက်သက်ခနဲ့နေခြင်းဖြစ်နိုင်သည်။

"မဒီ"

"မင်း တော်တော်ထူးဆန်းတယ်"

". . . . ."

မြနန္ဒီ လက်ပိုက်လျက် ဝရန်တာကို မှီရပ်နေလိုက်သည်။

နေလင်းထက်က ကျောခိုင်းထားသော မြနန္ဒီ၏ နောက်ကျောကို ကြည့်ရင်း . .

"မင်းအတွက် ဂီတဟာ ဘဝဆိုရင် မင်းကိုယ့်ကို ဂရုမစိုက်ဘဲ သီချင်းလိုက်ဆိုသင့်တယ်လို့ ကိုယ်ယူဆတယ်။ ခုတော့ မင်းက ကိုယ့်ကိုဂရုစိုက်နေတဲ့အတွက် ကိုယ်ဝမ်းသာရမလား၊ ဝမ်းနည်းရမလားတောင် မသိဘူး၊ ခက်တာက ကိုယ်က တော်ရုံ ကိစ္စတွေကို မခံစားတတ်ဘူးဖြစ်နေတယ်၊ သွားမယ် စောတော့ စောပါသေးတယ်၊ ခုနစ်နာရီချိန်းထားတာဆိုတော့ ခြောက်နာရီ ခွဲလောက်မှ ကိုယ်သွားဖြစ်လိမ့်မယ်"

နေလင်းထက် အသံအဆုံး၌ ခြေသံထွက်ပေါ်လာသည် သို့သော် ထိုခြေသံသည် ဝေး၍ ဝေး၍ ပျောက်ကွယ်သွားသည်။

မြနန္ဒီရင်တွင်း၌ လှုပ်ရှားမှုက သိသိသာသာဖြစ်ပေါ်လျက်ရှိသည်။

နေလင်းထက် စကားတွေက မိမိအတွက် မခံချင်စရာ ကောင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မြနဒီ ဘာကို ဆုံးဖြတ်ရမည်နည်း။

မြနဒီ ဂီတကို ချစ်သည်ဆို။ ဆိုခွင့်ရခြင်းအတွက် မြနဒီ ဘာဖြစ်၍ မပျော်နိုင်ရသနည်း။

နေလင်းထက်ကို ဂရုစိုက်စရာမလို။

မြနဒီ အိပ်ခန်းထဲ ပြေးဝင်လိုက်သည်။

"ဟင်. ."

မြနဒီအတွက် အဝတ်အစားတစ်စုံကို ခုတင်ပေါ်၌ တင်ထားပေးသည်။

အင်းလေးပိုးလုံချည် ပြောင်ဝမ်းဆက်နှင့် အင်းလေးပဝါ ပြီးတော့ ဖွင့်လျက်သားရှိနေသော စိန်တစ်ဆင်ဆာ၊ နောက် ခုတင်ခြေရင်း၌ မြနဒီ အမြဲနှစ်သက်စွာ စီးလေ့ရှိသော မန္တလေးမှ ပန်းလက်ဝါးတံဆိပ် အပြာရောင်ကတ္တီပါ ပိန်းတန်းဖိနပ် အသစ်စက်စက်တစ်ရန်။

မြနဒီ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။


သို့သော် ချက်ချင်းပင် သွက်လက်စွာ လန်းဆန်းလာပြီး မှန်တင်ခုန်ရှေ့ ပြေးလိုက်သည်။

မြနဒီ ရင်ထဲ အမည်မသိသော ဝေဒနာတစ်ရပ်ဖြစ်ပေါ်နေသည်။ ထိုဝေဒနာကို မြနဒီ အမည်မတတ်။

သို့သော် မှန်ထဲမှ မြနဒီ ပုံရိပ်က ပြုံးရွှင်တောက်ပနေပါလား။







## အခန်း(၃၈)

"မဒီ"

"...."

နေလင်းထက်ဆိုသော လူနှင့် မြနဒီ စကားမပြောချင်။

"မစ္စတာ တာသိုစုက ပြောသွားတယ်။ အဲ. . သူက ဗမာစကားကို အမြဲတမ်းပြောနေနိုင်အောင် လေ့ကျင့်နေတဲ့ သူဆိုတော့ ဗမာစကားနဲ့ပဲ ပြောသွားတာ"

မြနဒီ နားတွေကိုလက်ဖြင့် ဘာဖြစ်၍ ထိုးပိတ်မထားမိသနည်း မသိ၊ အစက နေလင်းထက် ဘာတွေပဲပြောပြော၊ မိမိ



www.burmeseclassic.com

www.burmeseclassic.com



နား ကို ပိတ်ထားလိုက်မည်ဟု ယခုတော့ -

"ခင်ဗျားဖနီးက ရုပ်ကော၊ အသံကော သိင်္ဂလှတာပဲတဲ့၊ သူက အသံကိုသာတယ်၊ ကောင်းတယ်လို့ပြောရမှန်း သိပုံမရ သေးလို့ ကိုယ်တောင်မှ သင်ပေးလိုက်ရသေးတယ်"

နေလင်းထက်၏ အာလာပသလ္လာပ စကားများသည် မြနဒီအတွက် နားအဝင်ချိုမြစေသော စကားများသာ ဖြစ်ပါလျက်၊ မြနဒီရင်တွင်း ဒေါသအာဆိုင်အခဲတို့ကိုတော့ ကျေပျက်ခြင်းငှာ မစွမ်းဆောင်နိုင်သေးပါချေ။

"ကိုင်း မဒီ . . ပင်ပန်းတယ် အိပ်တော့ မဒီမလိုက်ဘူး ဘယ်မှမသွားချင်ဘူးဆိုလို့ ပုဂံသွားရမယ့်ကိစ္စကို ကိုယ်စားလှယ် တစ်ဦးနဲ့ပဲ လွှဲလိုက်တယ်"

"ကောင်းတယ်"

ဟုရင်တွင်းက အသံသည်။ နှုတ်မှ ထွက်လာသည်။

နေလင်းထက်၏ "ဟက်ခနဲ" ရယ်သံ ထွက်လာပြီးမှ . . .

"ဘာလဲ ကိုယ်မသွားခြင်းအတွက် ကောင်းတာလား"

"သေလိုက်"

"ကိုယ့်အပေါ် မေတ္တာပို့သခြင်းအတွက် ကျေးဇူးတင် တယ်"

"ဦးနေလင်းထက်"

မြနဒီ ထထိုင်လိုက်သည်။ နေလင်းထက်က စောင်ကို ဆ ဘတ်ပေါ် သို့တင်ရင်း မြနဒီကို ပြုံးပြခြင်းဖြင့် တုံ့ပြန်လိုက်သည်။

မြနဒီက အမြင်ကတ်စွာ မျက်စောင်းထိုးပစ်လိုက်ပြီး -

"ကျေးဇူးပြုပြီး ရှင့်ပါးစပ်ကို ပိတ်ထားလိုက်ပါ"





"ကောင်းပြီ ဒီလိုဆိုရင် မင်းအတွက် အရေးပါမယ့် စကား တစ်ခွန်းကို မနက်ဖြန်မှပဲ ပြောတော့မယ်၊ ကိုယ်အိပ်တော့မယ် ဂွတ်နိုက်'

"အင်"

မြနဒီ ရင်ထဲ ခိုးလို့ခုလု ဖြစ်သွားသည်။ သူမအား ကျော ခိုင်းကာ တစ်ဖက်လှည့်၍ ငြိမ်သက်သွားသော နေလင်းထက်၏ ကျော်ကို ထုရိုက်ပြီး မေးချင်လာသည်။

သို့သော် . .

"ရှင် ဘာပြောမှာလဲ ခုပြော"

နေလင်းထက်ကို မထိဘဲ နှုတ်ဖြင့်သာ မေးလိုက်သည်။

နေလင်းထက်ထံမှ အသံမထွက်ဘဲ ငြိမ်သက်နေသည်။

"ရှင် ယောကျ်ား မပီသဘူး စိတ်ပုပ်တယ်"

မြနဒီ ဘာတွေပဲပြောပြော နေလင်းထက်သည် လုံးဝ တုံ့ပြန်ဘဲ ငြိမ်သက်သွားလေသည်။

မြနဒီသာလျှင် အိပ်မပျော်ဘဲ ကျန်ရစ်ခဲ့သည်။ နေလင်း ထက်သည် ဘယ်လိုလူစားလဲ။

မြနဒီကို အခြားသူစိမ်း ယောကျ်ားများ ပန်းကုံးစွပ်ခြင်း ကိုလည်း သူက ကျေနပ်စွာပင် လက်ခုပ်လက်ဝါးတီးဖို့ ဝန်မလေး တတ်သူဖြစ်သည်။

အခြား ယောကျ်ားများက မိမိချစ်သူ၊ ဇနီး၊ မယားကို ဝန်တိုတတ်သူဖြစ်သည်။ သူကတော့ ဝန်မတိုတတ်ပါလား။

ဝန်တိုခြင်း ကင်းခြင်းသည် အချစ်စစ်၊ အချစ်မှန် ဖြစ်တတ် လား။



www.burmeseclassic.com

www.burmeseclassic.com



မြနန္ဒီအတွက် အရေးကြီးသောစကားသည် ဘာစကား နည်း။


မနေ့ညဦးကတော့ သူသည် တကယ့်အချစ်လူကြမ်း။ ယနေ့ ညဦးကျတော့ သူနှင့်မဆိုင်သလို မိမိအား လက်ဖျားနှင့်မျှပင် မတို့ဘဲ အပြစ်ကင်းစင်သာ ကလေးတစ်ဦးသဖွယ် အိပ်စက်လျက်ရှိ သည်။

မြနန္ဒီ မနာလိုတော့။ ခုတင်ကိုလှုပ်ခါသွားစေရန် တမင် လှုပ်လျက် သူ့အား ကျောပေး အိပ်စက်လိုက်သည်။

နေလင်းထက် အပြုံးကို မြနန္ဒီ တွေ့မြင်တော့မည် မဟုတ် ပါ။







# အခန်း(၃၉)

ညဦးက တော်ရုံနှင့် အိပ်မရသဖြင့် အိပ်ရာထ နောက်ကျ ရပြန်သည်။ မြနန္ဒီနိုးချိန် ရှစ်နာရီခွဲခန့်တွင် သူမဘေး၌ နေလင်း ထက် ရှိမနေတော့။

မြနန္ဒီ အတင်းကုန်းရုန်းထ,လိုက်သည်။ ညဦးက မိမိ စိတ်ကို ဆန့်တင့်ငံ့ဖြစ်အောင်ထားရစ်ခဲ့သော နေလင်းထက်ကို တွေ့ချင် လာသည်။

မျက်နှာသစ်ရန်ပင် သတိမရဘဲ အိပ်ခန်းထဲမှ ပြေးထွက်ခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်မှ အောက်ထပ် ဧည့်ခန်းသို့ လှမ်းကြည့်လိုက်သည်။ ကြက်မွေးတံမြက်စည်းတစ်ချောင်းဖြင့် ဖုန်လှဲနေသော ဒေါ်ဘုတ်ဆုံကိုသာလျှင် တွေ့လိုက်ရသည်။

"ဒေါ်ဆုံ"

"ရှင်.."

ဒေါ်ဘုတ်ဆုံက သူ့အား မော့ကြည့်သည်။

"ဟိုလူကော"

"ဆရာလား သွားပြီ"

"သူ ဘယ်အချိန်က သွားတာလဲ"

"ခုနစ်နာရီခွဲ အိမ်က ထွက်နေကျပဲ"

"ဟင်..."

မြနဒီ သက်ပြင်းချလိုက်ပြီး အိပ်ခန်းထဲ ပြန်ဝင်ခဲ့လိုက်သည်။ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းကိစ္စကို မပြုလုပ်နိုင်သေးပဲ မှန်တင်ခုန်ရှေ့၌ ထိုင်လိုက်သည်။

ပေါင်ဒါဘူးအောက်တွင် စာရွက်ပြာလေးရှိနိုး မ,ကြည့်လိုက်သည် မရှိ။

"ဘယ်လိုလူမှန်းလဲ မသိဘူး၊ သူများကို စိတ်ဒုက္ခ တော်တော်ပေးတယ်"

မြနဒီ နှုတ်မှ ပွစိပွစိ ပြောလိုက်ပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။

"ဟင်.."

မြနဒီ မျက်လုံးပြူးသွားသည်။ တစ်ပြိုင်နက်ဆိုသလို ရင်ထဲ လှုပ်လှုပ်ခတ်ခတ်ကလေး ခံစားလိုက်ရသည်။ ရေချိုးခန်း တွင်းရှိ





မှန်ပေါ်၌ နှုတ်ခမ်းနီဖြင့် စာရေးသွားသည်။

မဒီ

ဒီမနက် ၁၀ နာရီ ကိုယ်လာခေါ် မယ်။

အဆင်သင့်ပြင်ထားပြီး စောင့်နေ။

ကိုယ်

"ဟွန်း တော်တော် အမြင်ကပ်ဖို့ကောင်းတဲ့လူကြီး"

မြနဒီ ရေရွတ်လိုက်မိပြန်သည်။

မြနဒီ ရေချိုးပြီး တစ်ခါတည်း ဖီးလိမ်းပြင်ဆင်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"မိန်းကလေး ကော်ဖီ"

နံနက်စိုးစိုးခြင်း ကော်ဖီတစ်ခွက်သာ သောက်တတ်ပြီး ဆယ်နာရီထမင်းစားတတ်သော မြနဒီကို မနေ့က သူ့အား ထမင်းစား မစောင့်ခြင်းအတွက် နေလင်းထက် ဘာမှမပြောချေ။ ညစ္စာကိုတော့ ဟိုတယ်၌ စားကြသောအခါ၌လည်း သူသည် မြနဒီအပေါ် ဂရုတစိုက်ရှိသည်။

မြနဒီ ကော်ဖီတစ်ခွက်သောက်ပြီး အိမ်ရှေ့ဘက်ကို ထွက်လာသည်။ ဖိနပ်ဗီရိုပုလေး၌ ပန်းလက်ဝါးတံဆိပ် မန္တလေး ကတ္တီပါဖိနပ်ရောင်စုံထည့်ထားသည်။

"ဟင်..ဒေါ်ဆုံ"

မနေ့က မြနဒီ သတိမထားမိ၍လား မသိ။ မမြင်မိ၊

"ဘာလဲ မိန်းကလေး အလန့်တကြား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိနပ်တွေက မနေ့က ဆရာပြန်လာတော့ ပါလာတာပဲ၊ ကျွန်မကို စီထည့်ခိုင်းထားလို့ ကျွန်မစီထည့်ထားတာ မကြိုက်လို့လား မိန်းကလေး ပြန်စီပေးရမလား"

"မဟုတ်ပါဘူး ကန်တော့နော် ဒေါ်ဆုံ"

"ရပါတယ် မိန်းကလေးရယ်"

ပန်းလက်ဝါး တံဆိပ် မန္တလေးဖိနပ်ကို မြနန္ဒီနှစ်သက်စွာမှာယူစီးလေ့ရှိသည်။ သို့သော် မိဘနှင့် နေစဉ်ကတော့ တစ်ရန်နှစ်ရန်ထက်ပို၍ ထားမစီးနိုင်။ ယခုတော့ ရောင်စုံ၊ ပုံစံကလည်း အမျိုးမျိုး၊ ခွာလျှောဒေါက်၊ ဒေဝီဒေါက်၊ ဆိုးဒေါက်၊ ခွာဒေါက်၊ ပိန်းတန်းဖိနပ်၊ ရိုးရိုးစလစ်ပါများဖြင့် အရန်ပေါင်းများစွာ ဗီရိုတစ်လုံးနှင့်အပြည့် ရှိနေသည်။

မြနန္ဒီ၏ အလိုဆန္ဒများကို သူဘယ်လိုလုပ် သိနေသနည်း။

မြနန္ဒီ အပေါ်ထပ်ပြန်တက်ခဲ့သည်။ အိပ်ခန်းထဲရှိ နံရံကပ်ဗီရိုတံခါးကို ဖွင့်လိုက်သည်။

မနေ့က ဝတ်စုံသည် မြနန္ဒီ၌ရှိနေသော ဝတ်စုံမဟုတ်။ မင်္ဂလာဆောင်တုန်းကလည်း မြနန္ဒီ၏ကိုယ်တိုင်းနှင့် ဝတ်စုံအသစ်ကို မြနန္ဒီ ဝတ်ဆင်လိုက်ရသည်။ မနေ့ကတစ်ခါ။

"ဟင် . ."

ဗီရိုထဲ၌ မြနန္ဒီအတွက် ပွဲထိုင်ဝတ်ရုံများနှင့် မချုပ်ရသေးသော အစများရှိနေသည်။

ဗီရိုထဲမှ အံဆွဲတစ်ခုကိုဖွင့်လိုက်သောအခါ ကျောက်မျက်ရတနာရောင်စုံကတ္တီပါဘူးများ ရှိနေသည်။

မြနန္ဒီ ဆိုသော မိန်းမအား ပစ္စည်းဥစ္စာ မက်မောသော





မိန်းမအဖြစ်နှင့် သူဖြားယောင်းနေတာလား။

မြနန္ဒီ စိတ်တိုစွာဖြင့် ဗီရိုကို ဆောင့်ပိတ်လိုက်သည်။

"ဒါတွေ ဘာလုပ်ရမှာလဲ။ ဘဝတစ်ခုလုံးကို အနိုင်ကျင့်ယူထားပြီး အရော်ပေးတာလား"

မြနန္ဒီ အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။

လှေကားထစ်တစ်ချိုး၌ ဒေါ်ဘုတ်ဆုံနှင့် ဆုံသည်။

"မိန်းကလေး တယ်လီဖုန်း"

"ဘယ်သူ့ ဆီကလဲ"

"မိန်းကလေးရဲ့ အမေ"

"ဟုတ်လား"

မြနန္ဒီက ဆဲလ်လူလာဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို"

"သမီးလေး နေကောင်းရဲ့လား"

"လူနေကောင်းပါတယ်၊ စိတ်ကတော့ နေမကောင်းပါဘူး"

မြနန္ဒီ မိဘများအား မကျေနပ်သည့် စိတ်ကလည်း ရှိနေသဖြင့် ဖွင့်ဟပြစ်လိုက်သည်။

"ဪ . . သမီးလေးရယ်၊ ဘယ်မိဘမဆို သားသမီး ကို ဆင်စီးပြီး မြင်းရံတာကိုပဲ မြင်ချင်ပါတယ်"

"လောကကြီးမှာ စိတ်ချမ်းသာဖို့က အဓိကလား၊ လူချမ်းသာပြီးနေဖို့က အဓိကလား မေမေ"

"စားဝတ်နေရေး ပူပင်ကြောင့်ကြစရာမရှိဘဲ လိုတရ ဘဝမှာ စိတ်ဆင်းရဲခြင်းဆိုတာ ဖြစ်လာနိုင်သေးသလား သမီးလေး"

"အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ စိတ်ချမ်းသာစရာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာနိုင်လို့လား မေမေ"

မိခင်၏ ရယ်သံကို ဖုန်းထဲမှ ကြားလိုက်ရသည်။

"အချစ်ပါတယ်။ မပါဘူးဆိုတာ သမီးဘယ်သူ့ ဘက်က ပြောတာလဲ"

မိခင်နှင့် စကားပြိုင်ပြောလျှင် မိမိပဲ ရှုံးနိမ့်မည်ကို မြနန္ဒီ သိသည်။

ထို့ကြောင့်. . .

"မေမေတို့ကိုပြောလည်း မေမေတို့ အချစ်တော် သားမက် ဘက်ကပဲနေမှာ၊ တော်ပြီ သမီးဘာမှ မပြောတော့ဘူး"

"နေစမ်းပါဦးသမီးရယ်၊ သူက သမီးလေးကို ဂရုမစိုက် ဘူးလား၊ ပြစ်ထားသလား နှိပ်စက်နေလို့လား"

မြနန္ဒီ ပခုံးတွန့်လိုက်သည်။

"နှိပ်စက်ရဲ့ နှိပ်စက်ကြည့်ပါလား. . ၊ တစ်ခါတည်း အကြောင်းသိသွားမှာပေါ့။ ခု မနှိပ်စက်လို့ ခက်နေတာ"

"ဟင်း . . ဟင်း. . ဟင်း သမီးလေးရယ်၊ ကိုင်း. . ဖုန်းနဲ့ ပြောရတာ အားမရပါဘူး အိမ်ကိုလာခဲ့ပါလား"

"ဟုတ်. အဲ အခုလာလို့မရသေးဘူးမေမေ၊ ဆယ့်နှစ်နာရီမှာ သွားစရာတစ်ခုရှိသေးတယ်၊ အဲ့ဒီကအပြန်ဝင်ခဲ့မယ်နော်"

"ဘယ်လဲသမီးရဲ့ မောင်နေမသိပဲ တွေ့ကရာနေရာတွေ လျှောက်မသွားနဲ့နော်၊ ဘယ်သွားသွား ဘာလုပ်လုပ် မောင်နေတို့ အသိပေးပြီးမှသွားလာ"

"အိမ်ထောင်ရှင်မရဲ့ စည်းကမ်းချက်တွေကလည်း များလှ ချည်လား မေမေရယ်။ ဒီအတိုင်းသာဆိုရင် လွတ်လပ်မှုဆိုတာ





ကော ရှိပါဦးတော့မလား"

"ဒါကတော့ သမီးရယ်၊ စည်းကမ်းဆိုတာ မထိန်းသိမ်း ခင်တာခက်တာ နောက် ကျင့်သားရသွားတော့ စည်းကမ်းမရှိဘဲ နေဖို့ဆိုတာတောင် အတော်ခက်ခဲသွားတတ်တာမျိုး။ မိန်းမ ကျွန်ဆိုတာက မိန်းမသားတွေရဲ့ဘဝလုံခြုံမှုအတွက် သတ်မှတ် ပေးထားတဲ့ စည်းကမ်းချက်ပေါ့ကွယ်၊ သမီးလေး ဘာတွေ စိတ်မှော နေတာလဲ မောင်နေကောကွယ်"

"မသိပါဘူး၊ သူ့အလုပ်က များများလွန်းတယ်။ သမီး နိုး လာတာနဲ့ မရှိတော့ဘူး"

"ဘုရားရေ သမီးက သူ့ထက်အရင် မနိုးဘူးလား"

"မေမေကလည်း သမီးစောစောမထတတ်တာ သိရဲ့သား နဲ့၊ သူကိုက စောလွန်းပါတယ်"

"ချစ်နေတုန်းတော့ ဘယ်အပြစ်မြင်မလဲ သမီးရယ်၊ နောက်ကြာလာတော့ အပြစ်မြင်လာမှာပဲ စိုးရိမ်တယ်"

"ကောင်းတာပေါ့၊ အပြစ်မြင်ပြီး ကွာပြစ်လိုက်တော့ ဒီလူ ကြီးကို မယူရတော့ဘူးပေါ့"

"အို. . ဘုရား ဘုရား၊ ဘယ်လိုပြောလိုက်တာလဲ သမီးလေး အဲ့ဒီလို ပေါ့ပျက်ပျက်စကားမျိုး မပြောရဘူးလေ။ သမီး ဖေဖေ ကြားရင် စိတ်ဆိုးတော့မှာပဲ၊ ကိုင်း သမီးလေးအားရင် လာခဲ့ဦး နော်၊ မေမေတို့ အေးအေးဆေးဆေး စကားပြောရအောင်"

"ဟုတ်ကဲ့မေမေ"

မြနန္ဒီ သက်ပြင်းချလိုက်သည်။ မိဘနှစ်ပါးအား ချစ် ကြောက်ရိုသေ ဖြစ်ခဲ့ရသော မြနန္ဒီအတွက် ဝါသနာပါသော အလုပ်


www.burmeseclassic.com

www.burmeseclassic.com

ကို ခိုးကြောင်ခိုးဝှက် လုပ်ခြင်း၊ ပုဂံသို့ထွက်ပြေးခြင်းဟူသော ဆန္ဒကျင်မှုတို့ကို လုပ်ကိုင်တတ်ခြင်းကြောင့်ထင်ပါသည်။ နောက်ဆုံး မြနန္ဒီအတွက် မရှုန်းသာအောင် စီစဉ်လိုက်ကြသည်။

မြနန္ဒီ ဘာဖြစ်နေသနည်း။

စိတ်အတော် ဆင်းရဲနေသလား။

မိမိကိုယ်မိမိ ဆန်းစစ်ကြည့်လိုက်သည်။ နေ့စပ်ခြင်း မဟုတ်ဘဲ တစ်ခါတည်း မင်္ဂလာဆောင်ရမှာဟု သိလိုက်ချိန်က ငိုကြွေးခဲ့ခြင်းမှအပ နောက်ပိုင်း မျက်ရည်မကျတော့ပါ။

"မိန်းကလေး"

"ရှင် ဘာလဲဒေါ်ဆုံ"

"ကိုးနာရီခွဲပြီး ထမင်းစားတော့မလား"

"ဆယ်နာရီထိုးမှ စားမယ်လေ၊ ဘာလဲ ဒေါ်ဆုံဆရာက ကိုးနာရီခွဲ ထမင်းပြင်ကျွေးလို့ မှာသွားလို့လား"

"ဟုတ်တယ် မိန်းကလေး၊ ဆယ်နာရီ သွားစရာရှိလို့ ကိုးနာရီခွဲလောက် မိန်းကလေး ထမင်းစားမယ်ဆိုရင် ပြင်ကျွေးလိုက်ပါတဲ့"

"ကျွန်မ ဆယ်နာရီမှ စားမယ်"

ခေါင်းမာသော မြနန္ဒီကို ဒေါ်ဘုတ်ဆုံ ဘာမှမပြောဝံ့ဘဲ မီးဖိုချောင်ဘက်သို့ ပြန်ဝင်သွားသည်။

မြနန္ဒီ ပြုံးလိုက်မိသည်။ ပိုင်အိုးနီးယား ကက်ဆက်ကို ဖွင့်လိုက်သည်။ မြနန္ဒီအတွက် အားလုံးအဆင်သင့်။ စန္ဒယားက အသင့်ရှိနေသည်။ မြနန္ဒီ မတီးတတ်၊ စည်းနဲ့ဝါးကိုင်ကာ အနုပညာ အသင်း၌ အဆိုလေ့ကျင့်ခဲ့ရသည်ကိုသာ အမှတ်ရလေသည်။ တစ်





ဆက်တည်း တက္ကသိုလ်တုန်းက ရည်းစားသုံးယောက် ထားခဲ့ဖူးသည့်အဖြစ်ကိုပါ သတိရလာသည်။ အဲသည့်တုန်းက စိတ်လှုပ်ရှားမှုပြင်းပြင်းထန်ထန် ဖြစ်ခဲ့သေးသလား၊ ပြန်စဉ်းစားကြည့်လိုက်သည်။ မဖြစ်ဘူး၊ ဘာမှ ခံစားချက်သိပ်မရှိ။

နောက် အုပ်စိုး။ စိတ်ထဲ တစ်မျိုးဖြစ်ခဲ့ရသည်။ လူငယ်တစ်ဦးပီပီ သွက်လက် ဖျတ်လတ်မှုရှိသည်။ ဦးဆောင်နိုင်မှုလည်းရှိသည်။ ထူးကဲသည်က အရွယ်နှင့်မလိုက်သော စိတ်ဓာတ်တည်ကြည် ကြံ့ခိုင်မှုရှိသည်ကို တွေ့ရသဖြင့် မြနန္ဒီ သဘောကျသွားခဲ့သည်။ အဲ့ဒီလူငယ်လေးနှင့်ကို ရယူပိုင်ဆိုင်ချင်သည်။ ဒါကိုထူးခြားသော အချစ်ဟု ထင်မိသည်။ သူ. . မစရဲလျှင် ကိုယ်က စပေးမည်ဟူသော သဘောမျိုးဖြင့် လမ်းခင်းပေးသည့်တိုင်အောင် သူကမလျှောက်လှမ်းချေ။ စိတ်နာသွားသည်။

ခုမှတော့ အရာရာသည် ပြီးဆုံးသွားပြီ။

ဘဝကို အသစ်ပြန်စ၍ မရတော့။

"မိန်းကလေး ဆယ်နာရီထိုးပြီ"

"ဟင်. . ဟုတ်သားပဲ၊ ထမင်းပွဲ ပြင်လိုက်တော့"

"ပြင်ပြီးပြီ မိန်းကလေး"

"လာပြီ. . လာပြီ"

ကက်ဆက်ကိုပိတ်ပြီး ထမင်းစားခန်းသို့ ဝင်လိုက်သည်။

တစ်ဆက်တည်းဆိုသလို သူ၏ကားသံကို ကြားလိုက်ရသည်။ နေလင်းထက်ပြန်လာပြီ နာရီကိုလှမ်းကြည့်လိုက်သော အခါ ဆယ်နာရီ တစ်မိနစ်တော်တော်အချိန်တိကျသည့်လူ။

"ဒေါ်ဆုံ မဒီကော"


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဘုတ်ဆုံကသာလျှင် စောင့်၍ တံခါးဖွင့်ပေးခြင်း အပေါ်၌လည်း သူက မပြုံးစူ. . .

"ထမင်းစားနေပါတယ်ဆရာ"

"ဪ ဟုတ်လား၊ ကျွန်တော်လဲ သူနဲ့ ဝင်စားလိုက်ဦးမယ် ဒေါ်ဆုံ"

"အဆင်သင့်ပါပဲ ဆရာ"

မြနန္ဒီသည် အနားသို့ နေလင်းထက် ရောက်လာမှန်း သိလျက် မော့မကြည့်ပါ ထမင်းကိုသာ မှန်မှန်စားနေလိုက်သည်။

ငါးခူငါးဆုပ်ချဉ်ရည်ပါလား၊ ကျေးဇူးပါပဲ ဒေါ်ဆုံ. . ကျွန်တော်စားချင်တယ်ပြောလို့ ချက်လိုက်တာထင်တယ်"

သူ့ပန်ကန်တွင်းသို့ ထမင်းခူထည့်ပေးသူမှာလည်း ဒေါ်ဘုတ်ဆုံသာလျှင်ဖြစ်သည်။ ဤအလုပ်ကို မြနန္ဒီ လုပ်ပေး ရမည်မှန်း သူမသိပါသည်။ သို့သော် အမြင်ကတ်သဖြင့် လုပ်မပေး မကျေနပ်လျှင် ပြောပါလေ့စေ မြနန္ဒီနှင့်တွေ့သွားမည်ဟူသော သဘောမျိုးဖြင့် မြနန္ဒီ တမင်ဂရုမစိုက်ခြင်းဖြစ်သည်။

"မဒီ ဆီတွေ သိပ်မစားနဲ့လေ၊ အသံဝင်ပြီး သီချင်းဆိုလို့မရဘဲနေမယ်"

"သိတယ်"

မြနန္ဒီ ဘုတောပစ်လိုက်သည်။

"စေတနာနဲ့ပါ"

"မလိုပါဘူး"

မြနန္ဒီက စားနေကြအချိန်ဖြစ်၍ ထမင်းစား၍ဝင်သည်။ နေလင်းထက်က မြနန္ဒီထက် စောစီးစွာပြီးပြီ၊ မင်းဂွတ်သီး ခွာစား





ရင်း စောင့်နေသည်။

"ဘယ်သွားမှာလဲ"

"ဟိုရောက်တော့ သိလိမ့်မယ်"

"မသွားချင်တဲ့ နေရာမျိုးဆိုရင် ကျွန်မ ကားပေါ်က ဆင်းလိမ့်မယ် မထင်နဲ့နော်"

"ယုံကြည်ပါတယ်"

မြနန္ဒီ မျက်စောင်းထိုးပစ်လိုက်သည်။ တကယ်ဆိုလျှင် မဟုတ်ပါဘူး၊ မဒီစိတ်တိုင်းကျဖြစ်စေမယ် နေရာမျိုး' ဟု အစချီကာ မိမိသိချင်နေသောကိစ္စကို ဖွင့်ဟပြောသင့်သည်။ ယခုတော့ ထိုသို့မဟုတ်။ လူကို မထိခလုတ်ထိခလုတ်နှင့် အပြုံးကခပ်ထေ့ထေ့။ တော်တော်ဆွဲကုတ် ချင်စရာကောင်းတဲ့လူ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၀)

ရှစ်မိုင်ခွဲရှိ လမ်းတစ်ခုသို့ ဝင်သွားသည်။ နောက်ခြံဝန်း တစ်ခုရှေ့သို့ ချိုးအကွေ့၌ မြနှင်းဒီ ဆိုင်းဘုတ်တစ်ခုကို ဖတ်မိလိုက် သည်နှင့် တစ်ပြိုင်နက် ရင်အစုံ တုန်ခါသွားသည်။

"နှင်းဒီ တေးသံသွင်း" ဟူသော အသစ်စက်စက်ဆိုင်းဘုတ် က မြနှင်းဒီအား လှောင်ပြောင်နေသည်။

"ဟင် ဒါ ဒါ"

"ကိုယ် မဒီ့ကို ပါရမီဖြည့်တာပါ"

သူ့အသံ နူးညံ့ သိမ်မွေ့လွန်းလှသည်။ ပြီးတော့ အင်အား ကြီးမားလွန်းလှသည်။ မြနှင်းဒီ ဘာပြန်ပြောရမှန်း မသိအောင်ပင်





ကြက်သေသေနေမိသည်။

"ဆင်းလေ မဒီ"

လူတစ်ယောက်က တံခါးလာဖွင့်ပေးသည်။ မြနှင်းဒီ စိတ် လှုပ်ရှားနေသည်။ ကားပေါ်မှ ဆင်းခဲ့သော ခြေလှမ်းသည် မမှန် ချင်။ မြနှင်းဒီ အိပ်မက်,မက်နေသလား။

"မနက်ဖြန် ဖွင့်ပွဲလုပ်မယ်၊ ဘာတွေ လိုအပ်သေးသလဲ ဆိုတာ မဒီကြည့်ပြီး လိုအပ်တာရှိရင်ပြော"

မြနှင်းဒီ ပြောစရာစကား မရှိတော့ပါ၊ နေလင်းထက်သည် ဥစ္စာခနဲဖြင့် မိမိ၏ အလိုဆန္ဒဟူသမျှတို့ကို ဖန်ဆင်းပေးနေသော ဖန်ဆင်းရှင်ဖြစ်နေလေပြီ။

သို့သော် မြနှင်းဒီ၏ နှလုံးသားကိုကောဖန်ဆင်း၍ အချစ် ကိုနှုတ်ယူနိုင်ယူလိမ့်မည်တော့ မဟုတ်ပါဟု အချစ်အကြောင်း ကိုသေချာ နားမလည်သေးသော မြနှင်းဒီကတယူသန်စွာ ထင်မြင် ယူဆနေဆဲ။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၁)

နေလင်းထက် ပြုံးလိုက်မိသည်။

စိတ်လှုပ်ရှားမှု ပြင်းထန်ချက်ကြောင့် မြနန်းဒီသူ့အား စကားဘာတပင်မပြောနိုင်ဘူးဆိုတာကို သူအလိုလိုသိနေသည်။

"မဒီ"

"..."

သမင်မျက်လုံးမျိုး ပိုင်ဆိုင်ထားသော မြနန်းဒီကသူ့အား အကြည့်ဖြင့်ထူးလိုက်သည်။

"ဘယ်သွားချင်သေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့ဆီ"

"ကောင်းပြီ ကိုယ်ပို့ပေးခဲ့မယ်။ ညနေရောက်တော့မှ ကိုယ်လာခေါ်မယ်"

သူမ ခေါင်းညိတ်လိုက်သလားမညိတ်သလားကို နေလင်းထက် ကွဲကွဲပြားပြား မတွေ့ရချေ။

"ညနေဆိုတာ လေးနာရီလောက်ကို ပြောတာနော် မဒီ"

"အင်း"

လေးတွဲသော "အင်း"တစ်ခုကိုတော့ သူရရှိလိုက်သည်။

"ဪ မေမေတို့က သန်ဘက်ခါ ပြန်တော့မှာ"

"ဟုတ်လား"

"အဲဒါ မနက်ဖြန် ညဥ့်ဘက်မေမေတို့ကို သွားကန်တော့ရအောင်"

"ကန်တော့ ပစ္စည်းကကော"

သည်လိုတော့လည်း သူမသည်ဂရုစိုက်မှုရှိသားပဲဟု နေလင်းထက် ကျေနပ်သွားသည်။

"ကိုယ်ဝယ်ထားပြီးပါပြီ"

"ငပိကြော်တို့ ပုစွန်ခြောက်ကြော်တို့ကကော"

"ဒေါ်ဆုံလုပ်ထားပေးပြီးပါပြီ"

"ဘာမှ မလိုအပ်တော့ဘူးလား"

"လိုအပ်သေးတယ်"

မြနဒီ မျက်တောင့်ကပ်ကြည့်လိုက်သည်။ သူ့ရင်ထဲ လှုပ်ရှားသွားသည်ထက် အသည်းယားမှုကပို၍ ဖြစ်ထွန်းသွားသည်။ ပွေ့ဖက်ရမ်းချင်စိတ်ကို မျိုသိပ်ထားလိုက်သည်။





ယခုအချိန်မှာ သူမအား ခပ်စိမ်းစိမ်းလေးဖြင့် တိုက်စစ်ဆင်နေနိုင်မှ ဖြစ်သည်။

"သူတို့ ချွေးမရဲ့ အပြုံးမျက်နှာနဲ့ ဂါရဝဆင်မှုလေ"

"ဟွန်း. . ရှင့်ကြောင့် မထင်နဲ့နော်၊ လူကြီး မိဘတွေဖြစ်နေလို့သိလား"

"သိပါတယ်၊ ပြီးတော့ ကျေးဇူးလဲတင်ပါတယ်"

"ဘာလုပ်ပေးလို့ တင်ရမှာလဲ"

"လိုက်ကန်တော့မယ်ဆိုလို့လေ၊ အဲပြီးရင် သန်ဘက်ခါလဲ လေဆိပ်လိုက်ပို့ ပေးရလိမ့်ဦးမယ်"

"ဖြစ်ပါတယ်၊ သူ့ဆန္ဒစားရဲမှပေါ့"

"ဟင်းဟင်း. . မဒီက အဲဒီလို ယူဆတယ်လား"

"ဒီလိုပဲ"

"ကောင်းပြီလေ မဒီ၊ သည်နေ့ကစပြီး စိတ်ချမ်းသာသလိုသာနေတော့ ကိုယ့်အတွက် ဘာမှ စိတ်အနှောင့်အယှက်မဖြစ်နဲ့ ပျော်သလိုသာနေ သွားချင်တဲ့ဆီသွား လာချင်တဲ့ဆီလာ မင်းအတွက် ကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက် မနက်ဖြန်ကစပြီး အဆင်သင့်ဖြစ်နေစေရမယ်. . ဒါကိုယ်ရဲ့ မဒီအပေါ် ထားရှိတဲ့ စေတနာပဲ"

"ဘာလဲ ငွေပေါတိုင်း သုံးပေး ဖန်တီးပေးနေတာ စေတနာလား"

"ထင်ချင်သလိုထင်တော့ မဒီ၊ ဪ မင်း မသိသေးတာ တစ်ခုရှိတယ်လို့ ကိုယ်ထင်တယ်"

"ဘာလဲ ရှင်အကြောင်းလား မသိချင်ဘူး၊ စိတ်လဲ မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားဘူး"

"ကောင်းပါတယ်"

သူ့ရင်ထဲ၌ နင့်ခနဲဖြစ်သွားသည်။ သို့သော် ဟန်မပျက် ပြုံးကာ ကောင်းပါတယ်ဟုသာ အမျက်ဖြေပြောလိုက်ရသည်။

အမှန်တကယ် ဆိုလျှင် မြနဒီကို သူအခုမှ တွေ့ခဲ့သည် မဟုတ်။

မြနဒီဖခင် ဦးအောင်ခန့်နှင့် သြစတေးလျ၌ ဆုံခဲ့သည်။ ဦးအောင်ခန့်၏ အူအတက်ပေါက် ဝေဒနာဖြစ်စဉ်က သူပင် ဆေးရုံပို့ပေးပြီး အစအဆုံး ခွဲစိတ်ကုသပြီးသည်အထိ လူအားကော ငွေအားကောပါ ကူညီခဲ့ရသည်။

ဇနီးနှင့်သမီးအတွက် ငွေကို ခြုတ်ချုပ်စုပြီး ပို့ရှာသော ဦး အောင်ခန့်၏ အလုပ်နေရာက ဝင်ငွေသိပ်မကောင်း။ သူကလည်း ရပ်ဝေးမြေခြား တိုင်းတစ်ပါး၌ ဆုံစည်းကြရသော မြန်မာလူမျိုး အချင်းချင်း ရိုင်းပင်းကြရသည်။ ဒုက္ခရောက်လျှင် အကူအညီပေးသည်။ ရင်းနှီးခင်မင်ကြသည်။

ဦးအောင်ခန့်၏ မိသားစုဓာတ်ပုံထဲမှ မြနဒီ၏ အလှကို သူ စိတ်ဝင်စားခဲ့သည်။

နောက် သူ ဂျပန်ကိုရောက်ခဲ့သည်။ ဦးအောင်ခန့်နှင့် ကွဲကွာသွားပြီး မြန်မာပြည် ပြန်ရောက်ရောက်ချင်း ဦးအောင်ခန့်တို့ အိမ်ကို သွားလည်သည့် မြနဒီ မတွေ့ရ။

တွေ့မယ့်တွေ့တော့ စားတော်ဆက်၌ မဒီအဖြစ်နဲ့ တွေ့ရသည်။

မြနဒီကိုလည်း စွဲလမ်းသည်။ မဒီကိုလည်း နှစ်သက်သည်။





သူကိုယ်တိုင်ကလည်း ဂီတကို ဝါသနာထုံသည်။

"ဟင် ဘယ်သွားမလို့လဲ မေမေတို့လမ်းက လွန်လာပြီ"

"ဟာ ဟုတ်ပါရဲ့ ဆောရီး ကိုယ်အတွေးလွန်သွားတယ်"

"ဘယ်ရည်းစားအကြောင်း တွေးနေသလဲမှ မသိတာ"

"မြနဒီနဲ့ မဒီ"

"အပိုမလုပ်နဲ့"

မြနဒီ၏ မျက်စောင်းဒဏ်ကို သူ ကျေနပ်စွာ ခံယူလိုက်သည်။ သူ၏စကား၌ ဝန်တိုခြင်း၏ အရိပ်အမြွက်များပါလာသည်ဟု ရင်ခုန်စွာဖြင့် လိုရာဆွဲတွေးပစ်လိုက်သ်။

သူ တစ်ဖက်သတ်အချစ်ဖြင့် မရောင့်ရဲနိုင်တော့ပါ။


နှစ်ကိုယ်တူ ချစ်ရည်မှျချင်လာပြီ။

သူ သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄၂)

"ဟင် ကိုနေ"

အုပ်စိုးက နေလင်းထက်ကိုမြင်တော့ အံ့အားသင့်သွားပုံရသည်။

"ဘာလဲ မင်းက ကိုယ့်ကိုလာတော့မယ် မထင်လို့လား"

"ဒါပေါ့ ကိုနေ၊ လက်ထပ်ပြီး တစ်လဆိုတာ ဟန်းနီးမွန်းထွက်နေတဲ့အချိန်ရယ်၊ ချစ်စခင်စအချိန်မှတ်လား လာမယ်လို့ ထင်မလား"

အုပ်စိုး ဆိုသော လူငယ်လေးကို နေလင်းထက် အံ့အား





သင့်၍မဆုံး တကယ်အံ့ဩသင့်သည်က နေလင်းထက်တို့ မဟုတ်။ နေလင်းထက်နှင့် မြနန္ဒီတို့သည် သဘာဝဟူသော လမ်းကြောင်းပေါ်မှာ သွေဖည်သူမဟုတ်။

အုပ်စိုးကသာလျှင် အရွယ်နှင့်မလိုက်စွာ ရရှိသောအခွင့်အရေးကို ဆန္ဒကို သွေဖည်၍ ဆန့်ကျင်နိုင်ခဲ့သူဖြစ်သည်။

"ကိုင်း . . စိုးစိုးရေ ဘစ်ပွဲလောက် သွေးပူလေ့ကျင့်ခန်းစလိုက်ရအောင်"

"အိုကေ. . ခဏ ကိုနေ"

အုပ်စိုးက အိမ်ပေါ်အပြေးအလွှားတက်ကာ အားကစားဝတ်စုံလဲလှယ်ပြီး ဆင်းလာခဲ့သည်။

အုပ်စိုး၏ အရပ်က သူ့ထက်ပင် အနည်းငယ်လေး မြင့်ချင်သယောင်ရှိသည်။

အုပ်စိုးနှင့်သူ လက်ရည်ပွဲတွင် အုပ်စိုးသာလျှင် အနိုင်ရသွားသည်။

"ကိုနေကို လက်ရည်သွေးဖို့ ကျွန်တော်အချိန်တွေ အများကြီးပေးထားမယ်"

အုပ်စိုးမိခင် ယူလာပေးသော အအေးဘူးကို တစ်ငုံလောက်သောက်လိုက်ပြီး အုပ်စိုးကို စူးစမ်းသော အကြည့်ဖြင့် သူကြည့်လိုက်သည်။

"ပေးထားခဲ့မယ်ဆိုတော့ မင်းက"

"ဟုတ်တယ်၊ ကျွန်တော် ဂျပန်သွားတော့မယ်"

"ဟာ ဘယ်တော့လဲ"

"ရှေ့အပတ်ထဲမှာ ဖြစ်မလားပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မြန်လှချည်လား၊ ရှိုးဂျော့လား"

"စကျူးရင့် ဗီဇာနဲ့ပါ"

သူအုပ်စိုးလက်ကိုဆွဲ၍ ဂုဏ်ပြုရမည်လား။ ခွဲခွာမှု အတွက် ဝမ်းနည်းကြောင်း နှုတ်ဆက်ရမည်လားကို ရုတ်တရက် စဉ်းစားဆုံးဖြတ်ရမည်လား မသိအောင် ဖြစ်သည်။

"ကျွန်တော် လာနှုတ်ဆက်ဦးမလို့ပါပဲ၊ ဒါပေမယ့် ကိုနေတို့ ရှိမရှိ မသိလို့ အစ်ကိုကြီးတို့ကို မေးတော့လဲ မသိဘူးဆို လို့ပါ"

"ဟုတ်တယ်ကွ၊ ကိုယ်လဲ မဒီအတွက် အလုပ်တော်တော်များသွားတယ်၊ မိဘတွေကိုတောင် အမေရိကား ပြန်ထွက်မယ့်ရက် ကပ်ပြီးတော့မှ သွားကန်တော့နိုင်တယ်၊ လေယာဉ်ကွင်းတောင် လိုက်ပို့မယ်လုပ်ပြီး မဒီဖျားလို့ မလိုက်ဖြစ်ဘူး"

"ဟင် မမဖျားတယ် ဘာဖြစ်လို့လဲ"

အုပ်စိုးမျက်နှာပြင်နုနုလေးအပေါ်၌ စိုးရိမ် အရိပ်အယောင်များ ယှက်သန်းသွားသည်ကို သူ အကဲခတ်လိုက်မိသည်။

"မင်းမမက ခေါင်းမာတယ်၊ တဇွတ်ထိုး ထင်ရာစိုင်းတတ်တဲ့ညာဉ်ရှိတယ်၊ ရေကို စိမ်ချိုးချင်ချိုး၊ အိုက်တယ်ဆိုပြီး အချိန်မရွေးလဲ ချိုးတာပဲ၊ အဲ့ဒါ အအေးမိပြီး ဖျားတာပါ။ ဖျားလည်း တစ်ရက်ပဲ၊ ခုတော့ နဒီ တေးသံသွင်းကို ရောက်နေပါပြီ"

"နဒီ ထေးသံသွင်း"

"ဟုတ်တယ်၊ ကိုယ် မဒီအတွက် ဖန်တီးပေးလိုက်တဲ့ တေးသံသွင်းပဲ"

အုပ်စိုး မျက်ပြင်၌ ကျေနပ်သော အရိပ်အယောင်များ လွှမ်းသွားသည်။ ဤသူငယ်လေး၏ ရင်တွင်း၌ သန့်စင်သော





မေတ္တာစေတနာများနှင့် ပြည့်နှက်နေမည်ဖြစ်ကြောင်း သူတွေ့ရှိလိုက်ရသည်။

"မင်း လိုက်ကြည့်ဦးမလား"

"မကြည့်တော့ပါဘူး ကိုနေ၊ မမအတွက် ကိုနေသာလျှင် ဖန်တီးရှင် ဖြစ်နိုင်တယ်ဆိုတာကို ကျွန်တော် နားလည်ခဲ့ပြီးသားပဲ"

အုပ်စိုးမျက်နှာက ကြည်လင်နေသည်။ ဝန်တိုခြင်း၊ မစွန်းသေးသောမျက်နှာဟု သူသိနေသည်။

"မင်းနားလည်ခဲ့တယ်ဆိုတာ ကိုယ်ယုံကြည်ခဲ့ပေမယ့် ကိုယ့်ရင်ထဲမှာ လိပ်ပြာမလုံတဲ့ ခံစားချက်တစ်ရပ် ရှိနေတယ်၊ အဲ့ဒါကို ဖွင့်ဟလိုက်ချင်တယ်"

အုပ်စိုးက သူ၏အတွင်းစိတ်ကို ဖောက်ထွင်းကြည့်သော အကြည့်ဖြင့် ကြည့်သည်။ သူကအပြုံးဖြင့် မလုံမလဲဖုံးကွယ်လိုက်သည်။

"ခွဲခွာခါနီး မင်းကို ကိုယ်ဝန်မခံရရင် ကိုယ်ဘဝမှာ အရိပ်မဲတစ်ခုလို ဖြစ်နေကောင်း ဖြစ်နေလိမ့်မယ်၊ ပွင့်ပွင့်လင်းလင်း ပဲ ဝန်ခံချင်တယ်"

"မမနဲ့ ပတ်သက်လို့ဆိုရင် ကိုနေ ဘာမှမပြောရင် ကောင်းမယ်ထင်တယ် ကိုနေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ မမနဲ့ပတ်သက်ပြီး ဘာမှရှိမနေလို့ပါပဲ ကိုနေ"

အုပ်စိုး ညာနေခြင်းလား။

အုပ်စိုးက ပြုံးကာ. .

"ကျွန်တော် အဲ့ဒီလိုပြောလို့ ကိုနေက ကျွန်တော့်ကို လေစိမ်း ထင်သွားပြီထင်တယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါ ကိုနေ ကျွန်တော်ဟာ အသက်အားဖြင့် ဆယ့်ရှစ်နှစ်ပြည့်ပြီး လစွန်းပိုင်းပဲ ရှိပါသေးတယ်၊ အသက်အားဖြင့် ငယ်ပါသေးတယ်၊ အဲ့ဒီကာလမှာ အမှတ်မထင်ဘဲ ဆုံတွေ့မှုတစ်ခုကို ကိုနေစဉ်းစားကြည့်လေ. ."

ငယ်ရွယ်စဉ်ကာလက ချောချောလှလှမြင်တိုင်း စိတ်ကူးယဉ်ခဲ့ဖူးသည့် လူပျိုရွယ်လူများကတော့ ရှိကြစမြဲပင်။

"သွားလာခဲ့တာကလည်း နှစ်ယောက်တည်း၊ ပြီးတော့ မြနဒီ ဆိုတာကလဲ မိန်းမချင်းတောင် ငေးလောက်တဲ့သူ ဆိုတော့ လူပျိုပေါက်စတစ်ဦး၊ အပျိုချောတစ်ယောက်ကို စိတ်ကူးယဉ်မိခြင်း ဆိုတာတော့ ရှိခဲ့ကြမှာပဲ၊ ဒါပေမယ့် စိတ်ကူးယဉ်ဆိုတာ လက်တွေ့ဘဝနဲ့ကြုံတွေ့မိကြပြီဆိုရင် အိပ်မက်တစ်ခုလို ပျက်ပြယ်သွားတတ်ပါတယ်၊ ကျွန်တော်ဟာ အိပ်မက်ကို တမ်းတနေတတ်တဲ့ လူပျော့တစ်ယောက်မဟုတ်ပါဘူး၊ ဒါပါပဲ ကိုနေ၊ မမ မြနဒီနဲ့ ပတ်သက်ပြီး ပြောစရာစကားဟာ ဒါအကုန်ပါပဲ"

အုပ်စိုးက ပြတ်သားသည်။ ဤကလေး ပြတ်သားကြောင်းကို သူသိနေခဲ့ပြီပဲ။

"ကိုယ်ယုံပါတယ် စိုးစိုးရယ်၊ မင်းကို ကိုယ်လေးစားပါတယ်၊ မဒီကို ကိုယ်သိပ်ချစ်လို့ လက်ထပ်ခဲ့တာပါ"

"ဒါကိုကျွန်တော် ယုံကြည်ပါတယ်၊ ကျွန်တော်ခင်မင်ရတဲ့သူတွေခြင်း ပေါင်းစည်းမှုအတွက် ကျွန်တော် သိပ်ကို ဝမ်းသာပါတယ်၊ ကျွန်တော် ပညာလည်းစုံ၊ စီးပွားလည်း ကုံလုံပြီး မြန်မာပြည်ကို ပြန်လာတဲ့နေ့မှာ ကိုနေနဲ့ မမမဒီတို့ရဲ့ သာယာတဲ့ မိသားစုအိမ်ထောင်ဆီကို ဦးလေးတစ်ဦးအနေနဲ့ လာလည်ပြီး တူတူမတွေနဲ့





ကစားနိုင်လိမ့်မယ်လို့ကို ကျွန်တော် ယုံကြည်မျှော်လင့်နေတဲ့ အကြောင်း မမ မဒီကိုလည်း ပြောပြလိုက်ပါ"

"မင်းကိုယ်တိုင်ပြောရင်ိ ပိုမကောင်းဘူးလား"

"ဟာ ကိုနေကလည်း အောက်လိုက်တာ၊ ကိုနေကပြောပြရင်း ကိုယ်လိုရာ ကိုယ်ဆွဲပြောရတယ်"

နေလင်းထက် ရယ်လိုက်သည်။ လူကြီးရှက်တော့ ရယ်ခြင်းဖြစ်သည်။

အချစ်သည် တစ်ခါတစ်ရံ လူကို ရူးသွပ်စေတတ်သည် ထင်ပါသည်။

"မဒီကို ကိုယ်လက်မြှောက်ထားတယ်၊ တကယ့်ဂျစ်ကန်ကန်နိုင်တဲ့ အမျိုးသမီးပဲ"

"ဒီကိစ္စတွေတော့ ကျွန်တော် နားမလည်တော့ဘူးနော်၊ အကြံလည်း ပေးတတ်မှာမဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် သိတာက မမ,မဒီဟာ အချစ်ကို သေသေချာချာလေ့လာ ဆန်းစစ်ဖို့ကို အရေးမလုပ်ခဲ့ဘူးဆိုတာတော့ သေချာတယ်"

"ရည်းစားများခဲ့တာလဲ ကိုယ်သိပါတယ်"

"ကိုနေ ခွင့်လွှတ်နိုင်တယ်မှတ်လား"

"ခွင့်လွှတ်နိုင်လို့ လက်ထပ်ခဲ့ပြီပဲ၊ ဒါကိုအခဲမကြေဘူးလေ၊ သူ့ကို အနိုင်ကျင့်တယ်၊ လှည့်ဖြားတယ်တဲ့ ဘယ်နဲ့ကွာ ဇွတ်စပ်ဖိတ်တာလား၊ လက်ထပ်ဖိတ်စာလားကိုတောင် ယောင်လို့ မကြည့်တဲ့ အမျိုးသမီးကို ဒီလောက်တော့ အပြစ်ပေးသင့်တယ်ထင်တယ်"

"ကျွန်တော်တို့ မိသားစုလည်း ဒီကိစ္စကို အံ့ဩပြီးပြောဖြစ်ကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ ကိုယ့်အပေါ်မှာ မဒီ မင်းလက်ထဲပါသွား မှာစိုးလို့ ပြုန်းစားကြီး လက်ထပ်ယူခဲ့တယ်ဆိုတဲ့ အမြင်မျိုးတော့ မမြင်စေချင်ဘူး"

"ကျွန်တော် နားလည်ပါတယ်"

"တဖွတ်ထိုးနိုင်တဲ့ သူ့စိတ်ကို စိတ်မချတာကြောင့် လက်ထပ်ခြင်းနဲ့ ချည်နှောင်လိုက်တာပဲ၊ ဒါကလည်း ကိုယ် သူ့အပေါ်ထားရှိတဲ့ ချစ်ခြင်းကြောင့်ပါပဲလေ၊ မောင်ရင် ယုံတယ်မှတ်လား"

"ကျွန်တော် နားလည်ပါတယ်လို့ ပြောပြီးပြီပဲ ကိုနေ၊ ကျွန်တော့်အပေါ်ကော သံသယရှင်းပါတယ်နော်"

"ရှင်းပါတယ် ကိုင်း စကားလဲကောင်းတယ် မိုးတောင်ချုပ်လာပြီပဲ ပြန်မှ"

သူ ထလိုက်သည်။

အုပ်စိုးပါ လိုက်ထပြီး သူ့ကားရှိရာသို့လိုက်ပို့သည်။

"ဩော် မောင်ရင်သွားမယ့်နေ့ အတိအကျသိရင် ဖုန်းဆက်ဦး၊ မင်းမမ မဒီကိုလဲ နှုတ်ဆက်လိုက်ဦး"

"စိတ်ချပါကိုနေ၊ ကိုနေသာ ကျွန်တော်ပြောတာကို ပြောဖို့မမေ့မနေနဲ့"

"ဟုတ် ဟာ ကိုယ်ကြိုးစားပါမယ်၊ ဒါပေမယ့် ကိုယ့်သူနဲ့လက်ထပ်မိခြင်းအတွက် ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူးဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတယ် မောင်ရင်"

"ကိုနေ ယုံကြည်ချက် ရှင်သန်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်တယ်"

"အိုကေ ဂွတ်နိုက်"





"ဂွတ်နိုက် ကိုနေ"

သူ အုပ်စိုးကို နှုတ်ဆက်ထွက်ခွာခဲ့သည်။

အုပ်စိုးဆိုသော သူငယ်လေးနှင့် မိတ်ဆွေဖြစ်ရခြင်း အတွက် သူ့အတွက် အကျိုးအမြတ်များစွာရှိသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်၌ အုပ်စိုးလိုသားမျိုးကို သူပိုင်ဆိုင်လာနိုင်မည်ဆိုပါက . . .


နေလင်းထက် ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၃)

"ကြော်ငြာအတွက်ရယ်၊ အဖုံးကာဘာအတွက်ရယ်တော့ မောင်ရင်ပဲ တာဝန်ယူတော့ ဖိုးနေ"

"ဟ. . မြန်လှချည်လား ဝေဠုရာ"

"မြန်ဆို ကာယကံရှင်ကိုယ်တိုင်က ပါရမီလည်းရှိပြန် အရမ်းကလည်း ကြိုးစားပြန် ဒါတင်မကသေးဘူး၊ ပါရမီဖြည့်ဖက်ကလည်း လိုလေသေးမရှိ ဖန်တီးပေးထားတယ်ဆိုတော့ ဒီလိုလုပ်ငန်းမျိုးမှ မအောင်မြင်ရင် ဘယ်လိုလုပ်ငန်းမျိုး အောင်မြင်နိုင်ပါ့မလဲ ဖိုးနေ"

သူနှင့် ကိုဝေဠုစကားကောင်းနေသလောက် မြနန္ဒီ ငြိမ်





သက်နေသည်။

သူလန့်သွားသည်။ လှုပ်လှုပ်ရှားရှားနေတတ်သူ ငြိမ်သက်နေလျှင် ကြောက်စရာကောင်းသည်။ သူ့ကိုဘာတွေများ တိုက်စစ်ဆင်ဦးမည်မသိ။

"ကျွန်မ ပြန်တော့မယ်ဆရာ"

"ဟေ အေး"

သူ့ကို သူမတစ်ချက်ဝင့်ကြည့်ပြီး ဘာမှမပြောဘဲ ထွက်သွားလေသည်။

"မဒီ နေဦး ကိုယ်နဲ့ အတူတူပြန်မယ်. .၊ မောင်အေးက ကိုဝေဠုကို လိုက်ပို့လိုက်"

သူ ကမန်းကတန်းထပြီး သူမနောက်လိုက်ရင်း ပြောလိုက်ရသည်ကို ဝေဠုက ရယ်ကာ. .

"အေးအေး အဆင်ပြေသလိုပေါ့ကွာ၊ အရေးကြီးတာ မင်းတို့ အဆင်ပြေဖို့"

"အေးကွာ သွားမယ်ဝေဠု၊ ကိုယ် မင်းတို့အားမှ လာဦးမယ်"

"ရပါတယ်ကွာ၊ သွား သွား"

ဝေဠုနှင့်ပင် စကား အေးအေးဆေးဆေး မပြောရ။ မြနန္ဒီ၏ တဇွတ်ထိုးနိုင်မှုက သူ့အား ဒုက္ခပေးလျက်ရှိသည်။

သို့သော်

သူ့ကားပေါ် တက်ထိုင်နေခြင်းကို တွေ့လိုက်ရတော့မှ ရင်ထဲကအပူလုံး ကျသွားသည်။

"တော်တော် ဂျစ်ကန်ကန်နိုင်တဲ့ မိန်းမ"ဟု သူ့စိတ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ကသာ ရေရွတ်လိုက်သည်။

သူမအတွက် ပေးထားသော ကားပေါ်မှ ဒရိုင်ဘာ မောင်အေးက ကားပေါ်မှဆင်းကာ ကိုဧငြေ့ဆီပြန်ဝင်သွားသည်။

"ထမင်းစားပြီးပြီလား"

"မနက်စာကို မေးတာလား။ ညနေစာကိုမေးတာလား"

"ခုပဲ ညဉ့်ရှစ်နာရီရှိနေပြီဆိုတော့ ညနေစာကိုပေါ့"

"မစားရသေးဘူး"

"မနက်စာကော စားဖြစ်ရဲ့လား"

"မစားဖြစ်ဘူးထင်တယ်"

"ဟောဗျာ"

"ဟုတ်တယ်၊ မနက်က နိုးနိုးချင်း ထွက်ခဲ့တာ၊ ထမင်း မစားဖြစ်ခဲ့ဘူး"

"အဲ့ဒီလို မလုပ်နဲ့လေ၊ အစာအိမ်ရောဂါရနေဦးမယ်။ ဒီလိုဆိုရင်မဖြစ်ဘူး၊ အိမ်အလုပ်သမားထပ်ရှာပြီး မင်းအတွက် ထမင်းအချိန်မှန်မှန် စားသောက်ဖို့ပါ စီစဉ်ပေးရမယ်"

သူစိတ်ပူစွာ ပြောလိုက်မိသည်။ ဝါသနာနှင့်ယှဉ်လာလျှင် အရာရာမေ့လျော့တတ်ပုံရသော သူမအတွက် နေလင်းထက် ဂရုတစိုက် လုပ်ပေးရတော့မည်။

မျက်နှာ အနည်းငယ် ချောင်ကျသွားသည်။

ကိုယ်ရေလည်း စစ်သွားသယောင်ယောင်။

"ရတယ် ဘာဖြစ်လို့ ဒီလောက် လိုက်ဂရုစိုက်နေတာလဲ မလိုဘူး၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ အနှောင်အဖွဲ့ကြီးနဲ့ လိုက်လုပ်နေတာမျိုး မကြိုက်ဘူး"





နေလင်းထက်ရင်ထဲ နင့်ခနဲ ခံစားလိုက်သည်။ သူ၏ စေတနာသည် ဝေဒနာဖြစ်ကုန်ပြီလား။

"ကျန်းမာရေးက အရေးကြီးတယ်၊ မင်းတစ်ခုခုဖြစ်မှာ စိုးလို့"

"မစိုးရိမ်နဲ့ ကိုယ့်ကိုယ်ကိုယ်သိတယ်"

"သိတဲ့လူက ထမင်းကို မှန်မှန်စားဖို့ သတိမရဘူး မှတ်လား"

"ထမင်းကို မှန်မှန်မစားဖြစ်တာ ခုရက်ပိုင်းမှပါ၊ အရည်တော့သောက်ဖြစ်ပါတယ်"

"တော်သေးတာပေါ့"

"ကိုင်းမေးစရာကုန်ပြီလားကုန်ရင်ကျေးဇူးပြုပြီး စကားမပြောနဲ့တော့၊ ကျွန်မ နားနေချင်တယ်"

ပြောပြောဆိုဆို သူမသည် ကားကုရှင်ကို လျော့ချပြီး မှီထိုင်ကာ မျက်ခွံတံခါးလေးပိတ်လျက် နားနေလိုက်သည်။

သူ သက်ပြင်းချကာ သူမကို ကရုဏာသက်စာ ခွင့်လွှတ်လိုက်သည်။ အနုပညာဝါသနာပိုးသည် အခြားရောဂါပိုးနှင့် မတူ၊ ကြောက်လန့်စရာကောင်းလွန်းလှသည်။

သူမသည် ကျော်ကြားခြင်းထက် . .၊ ဝါသနာပါရာကို အောင်မြင်စွာ လုပ်ကိုင်နေဖို့သာ အဓိကဖြစ်သည်ဟု သူ သဘောပေါက်မိသည်။

"မဒီ"

"အင် . ."

"ရောက်ပြီ ဆင်းတော့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ရှင်က ဘယ်သွားဦးမှာလဲ"

မြနဒီ မဆင်းသေးပဲ သူ့အားကြည့်ကာ မေးလိုက်သည်။

"စိုးစိုးဆီ"

"စိုးစိုးဆီ ညဥ့်ကြီး ဘာသွားလုပ်မှာလဲ"

"မနက်ဖြန် သူ ဂျပန်သွားတော့မယ်၊ အဲ့ဒါ ကိုယ်လက်ဆောင်ပေးရင်း သွားနှုတ်ဆက်မလို့"

မြနဒီကို သူ အကဲခတ်လိုက်သည်။ သူမ မျက်ဝန်းတွင် အုံ့ညြသော အရိပ်အယောက်များ ယှက်သန်းသွားပြီး. .

"ဟုတ်လား. . . ဘာသွားလုပ်မှာလဲ"

"ကျောင်းနေမယ်၊ အလုပ်လဲလုပ်မယ်ပြောတာပဲ"

"ဪ. . ."

"မဒီလိုက်ချင်တဲ့ဆန္ဒရှိသလား"

သူမေးခွန်းထုတ်လိုက်သည်ကို သူမက မဖြေသေးဘဲ သူ့မျက်ဝန်းတွေကို စိုက်ကြည့်ကာ

"ရှင်ကတော့ လိုက်စေချင်တဲ့ဆန္ဒ ရှိလို့လား"

သူက ဟက်ခနဲ တစ်ချက်ရယ်ကာ

"မင်း အနားယူချင်ပြီဆိုတော့"

"ကောင်းပြီလေ၊ ကျွန်မ မလိုက်တော့ပါဘူး၊ ဒါပေမယ့် အုပ်စိုးအတွက် ကျွန်မလက်ဆောင်တစ်ခု ပေးလိုက်ချင်တယ်"

သူ့ရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။

မြနဒီက ပြုံးသည်။ သူမအပြုံးက လှသည်။

သို့သော် ချုံ့မရဒေဝီ၏ အပြုံးမျိုးဖြစ်နေသည်ဟု သူထင်နေသည်။





"ဘာလဲ ပေးလိုက်လေ"

သူ မနည်းတည်ငြိမ်အောင်ထိန်းပြီး ပြောလိုက်သည်။ ချစ်ခြင်း၌ ဝန်တိုခြင်းသည်လည်း ရောယှက်ပါဝင်နေတတ်သည် ဟုသူ သဘောပေါက်လာသည်။

"အရာဝတ္ထု လက်ဆောင်မဟုတ်ဘူး"

"ဟင်ဘာလဲ"

"စကားလက်ဆောင်ပါ"

သူစိတ်ကို မနည်းတည်ငြိမ်စွာထားပြီး နားထောင်နေရသည်။

"ကိုနေ"

ဦးနေလင်းထက်ဟူသော အခေါ်အဝေါ်ကို သူမစွန့်လွှတ်လိုက်ပြီ ထင်ပါသည်။

သို့သော် ကိုနေဟူသော အများအခေါ်အဝေါ်ကိုတော့ သူဘဝင်မကျနိုင်။ အထူးသဖြင့် အုပ်စိုး သုံးစွဲသော အခေါ်အဝေါ်ဖြစ်နေသည်။

"ရှင် ယူသွားချင်တဲ့ ဆန္ဒရှိရဲ့လား၊ ယူကောယူရဲရဲ့လား"

"ဘာကိုလဲ မင်းလက်ဆောင်ကိုလား။ ဘာဖြစ်လို့ မယူရဲရမှာလဲ ယူရဲ[illegible]"

သူက ဟန်ဆောင်ပြုံးပြီး ပြောလိုက်သည်။

"တကယ်လား"

မြနဒီ သူ့အား တမင်ရိနေတာလားဟု နေလင်းထက် တွေးလိုက်မိသည်။

သို့သော် သူမ အပြုံးက တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း. ."

"ပြောလိုက်ပါ မြနန္ဒီ အုပ်စိုးကို အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်လို့"-

နေလင်းထက် ရင်၌ လှိုက်ခုန်သွားသည်။

"ဟင်း. . ဟင်း ပြောလိုက်နော်၊ သွားတော့လေ သိပ်မိုး ချုပ်နေမယ်"

မြနန္ဒီ အပြုံးက သိပ်ကို ညှို့ဝင်အားကောင်းနေသည်။

သူ ကားပေါ်ပြန်တက်ဖို့ကို ဝင်လေးနေသည်။

မြနန္ဒီ ပေါ်တီကိုအောက်မှနေ၍ လှေကားသုံးလေးထစ် မျှကို လှမ်းတက်ပြီး အိမ်ရှေ့တံခါးမကြီးအဝ၌ ရပ်ကာ သူ့အား ပြန်လှည့်ကြည့်လိုက်သည်။

"ဩော်. . ဦးနေလင်းထက်ခေါ် ကိုနေ"

သူ ကားတံခါးကို ဖွင့်လုလု လက်တုန့်ဆိုင်းသွားသည်။

"အုပ်စိုးအတွက် လက်ဆောင်ပေးပြီးရင် ရှင့်အတွက် လက်ဆောင်နှစ်ခု ပေးစရာရှိနေတယ်"

"ဟင်"

သူနောက်သို့ ချာခနဲ လှည့်လိုက်သည်။

မြနန္ဒီ ရယ်မောကာ သံပန်းတံခါးကို ဆွဲပိတ်လိုက်သည်။

"မဒီ"

"ဘာလဲ"

"ခုပေးလို့ မရဘူးလား"

"ဆောရီးပဲ ဒါပေမယ့် ကျွန်မက ရှင့်လို သိုသိုသိပ်သိပ် သိပ်မလုပ်တတ်တော့ အောင်မှတ်လောက်တော့ ကွက်ရှင် အောက်





လိုက်မယ်၊ အဲ့ဒါ ဘာလဲဆိုတော့ ရှင့်အတွက် မဒီရဲ့ သီးသန့်အခေါ် အဝေါ်တစ်ခုရယ်။ နောက်တစ်ခု ရှင်အလိုချင် ဆုံးအရာတစ်ခုရယ် ပါ။ ဒါပဲ အမြန်ဆုံး ပြန်ခဲ့နော် တော့တာ"

မြနန္ဒီ အိမ်ထဲသို့ ပြေးဝင်သွားသည်။ သူ့ရင်ခွင်၌ ဟာခနဲ လစ်ဟာသွားသည်။

သူတံခါးကို အတင်းဖွင့်နိုင်းချင်သည်။ သို့သော် မြနန္ဒီ ၏ စိတ်ကိုသူသိသည်။

သူ့အား ကလဲ့စားချေတာ။ ဒါပေမယ့် သူ့လုပ်ဆောင်ချက် များနှင့် တူညီသော ကလဲ့စားချေမှုဖြစ်နိုင်သည်။

သူကားပေါ်တက်ကာ မောင်းထွက်ခဲ့လိုက်သည်။

အုပ်စိုး ဆိုသော ကျေးဇူးရှင်ဆီက မသွားမဖြစ် သွားကို သွားရမည်။ မြနန္ဒီ၏ စကားလက်ဆောင်ကိုလည်း ပေးရဦးမည်။

အိမ်အပြန် သူ့အတွက်လက်ဆောင်ကတော့ သူထက်ငယ် သော မြနန္ဒီက သူ့အား ဘယ်လိုခေါ်မလဲ ကိုကိုလား၊ ကိုကြီးလား၊ ကိုလား၊ သို့တည်းမဟုတ် ကိုကိုမောင်လား ကိုကိုနေလား။

ဟား ဘယ်လိုခေါ်ခေါ် ဦးနေလင်းထက်နှင့် ကိုနေထက် စာလျှင် သူကျေနပ်ပီတိဖြစ်ရမှာ သေချာသည်။

နောက်တစ်ခုက သူ အလိုချင်ဆုံးအရာတဲ့ ဘာလဲ။

မြနန္ဒီ၏ အချစ်လား သို့တည်းမဟုတ် ထို့ထက် ပိုမို ပြည့်စုံ လေးနက်သော. . .။ ။

မြပုလဲခင်

www.burmeseclassic.com